# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**စောင့်ရှောက်ထားအပ်သောစိတ်**

အလွန့်အလွန်မြင်နိုင်ခဲသော၊ အလွန့်အလွန် သိမ်မွေ့သော၊ အလိုရှိရာအာရုံ၌ ကျလေ့ရှိသော စိတ်ကို ပညာရှိသည် စောင့်ရှောက်ရာ၏။ စောင့်ရှောက်ထားအပ်သော စိတ်သည် ချမ်းသာကို ရွက်ဆောင်တတ်၏။

စိတ္တဝဂ်(ဓမ္မပဒ-၃၆)


၁၃၈၃ ခုနှစ်၊ တပို့တွဲလဆန်း ၅ ရက် | ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီ ၅ ရက်၊ စနေနေ့ | အတွဲ (၆၁)၊ အမှတ် (၁၂၈)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ရခိုင်ပြည်နယ် စစ်တွေမြို့ ဝါဘိုကျေးရွာအား မဟာဓာတ်အားလိုင်းမှ လျှပ်စစ်မီး စတင်ဖြန့်ဖြူးခြင်း ဖွင့်ပွဲအခမ်းအနားကျင်းပ

**ရခိုင်ပြည်နယ်အတွင်း ကျေးရွာပေါင်း ၃၇၄၂ ရွာ ရှိသည့်အနက် ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလအထိ ဓာတ်အားစနစ်၊ ဆိုလာစနစ်၊ ဒီဇယ်စနစ်စသည့် နည်းလမ်းများဖြင့် မီးရရှိပြီး ကျေးရွာပေါင်း ၂၂၄၆ ရွာဖြစ်သည့်အတွက် ၆၀ ရာခိုင်နှုန်းခန့် လျှပ်စစ်မီး သုံးစွဲနိုင်ခဲ့ပြီ**

နေပြည်တော် ဖေဖော်ဝါရီ ၄

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ဖြစ်ကြသည့် မန်းငြိမ်းမောင်၊ ဒေါ်အေးနုစိန်နှင့် ဦးမောင်းဟာ၊ ရခိုင်ပြည်နယ်နယ်ဝန်ကြီးချုပ် ဒေါက်တာ အောင်ကျော်မင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ထင်လတ်ဦးတို့သည် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် စစ်တွေမြို့နယ် ဝါဘိုကျေးရွာအား မဟာဓာတ်အားလိုင်းမှ လျှပ်စစ်မီးစတင်ဖြန့်ဖြူးခြင်း ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။


*စာမျက်နှာ ၃ ကော်လံ ၁* ❖




သဖန်းဆိပ်ဆည်မှ စိုက်ပျိုးရေပေးဝေသည့် ရေပေးမြောင်းမကြီး။

# ရွှေဘိုနှင့် ကန့်ဘလူခရိုင်အတွင်း နွေစပါး စိုက်ပျိုးနိုင်ရေး သဖန်းဆိပ်ဆည်နှင့် အခြားဆည်များမှ ဆည်ရေ ဖေဖော်ဝါရီ ၇ ရက်တွင် စတင်လွှတ်ပေးမည်

ရွှေဘို ဖေဖော်ဝါရီ ၄

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်နှင့် ကန့်ဘလူခရိုင်အတွင်း ဆည်ရေသောက်စပါးစိုက်ကွင်းများ အချိန်မီစိုက်ပျိုးနိုင်စေရန် သဖန်းဆိပ်ဆည်နှင့် အခြားဆည်များမှ စိုက်ပျိုးရေကို ဖေဖော်ဝါရီ ၇ ရက်တွင် စတင်လွှတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။


*စာမျက်နှာ ၃ ကော်လံ ၁* ◆


## ယနေ့ ဖတ်စရာ




ဒီမိုကရေစီနှင့်ရွေးကောက်ပွဲများ

ဆောင်းပါး စာ - ၈

ငြိမ်းချမ်းသာယာအေးချမ်းဖို့ ပြည်ထောင်စုစိတ်ဓာတ်မွေးကြစို့

(၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့အကြို ဂုဏ်ပြုဆောင်းပါး

ဆောင်းပါး စာ - ၁၀

ဆွီဒင်နိုင်ငံ၌ ကိုဗစ် - ၁၉ ကန့်သတ်ချက် အများစုကို ဖယ်ရှားပေးတော့မည်

နိုင်ငံတကာသတင်း စာ - ၁၂



စပိန်နိုင်ငံ၏ ခရီးသွားလုပ်ငန်းမှာ တိုးတက်လာသော်လည်း ကပ်ရောဂါမတိုင်မီအခြေအနေ ပြန်ရောက်ရန် လိုအပ်နေသေး

နိုင်ငံတကာရေးရာ စာ - ၁၄

မြန်မာ့အလင်း

# နိုင်ငံ့အားသုံးအားကို ပြည်တွင်းအားဖြင့် တည်ဆောက်

၂၀၁၁ခုနှစ်၊ ဧပြီလ ၁ ရက်နေ့။ နှစ်ပေါင်း ၅၀ ကျော်ကြာ နိုင်ငံရေးနှင့် စီးပွားရေးတို့တွင် ဗဟိုဦးစီးစနစ်ကို ကျင့်သုံးခဲ့သည့် မြန်မာနိုင်ငံ၏ သမိုင်းကြောင်း အလှည့်အပြောင်းအဖြစ် ဒီမိုကရေစီနည်းကျ ရွေးချယ်တင်မြှောက်သည့် အစိုးရတစ်ရပ် စတင်ပေါ်ပေါက်လာသည်။ လွတ်လပ်ရေးရပြီးနောက် ဆယ်စုနှစ်တစ်ခုကျော်ကြာ ပါလီမန်ဒီမိုကရေစီစနစ် ကျင့်သုံးခဲ့ဖူးသည့် အတွေ့အကြုံရှိခဲ့သည့်တိုင်အောင် ရာစုနှစ်ထက်ဝက်ကျော်မျှ ကင်းကွာနေခဲ့ပြီဖြစ်ရာ ပြန်လည်မွေးဖွားလာသည့် သီးကင်းနုနု ဒီမိုကရေစီ အခြေတည်မြဲမြံခိုင်ခံ့အောင် ထိုစဉ်က အစိုးရနှင့် ပြည်သူတို့များစွာ အားထုတ်ကြိုးပမ်းခဲ့ကြသည်။

မြန်မာ့ဒီမိုကရေစီစနစ်၏ ပွဲဦးထွက် အစိုးရအဖို့ အခက်အခဲများ၊ စိန်ခေါ်မှုအသစ်များနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရသော်လည်း ခေတ်သစ်စနစ်သစ်ကို ညင်သာစွာ ချောမွေ့စွာ ပြောင်းလဲနိုင်ခဲ့ပြီး အဖွင့်လှခဲ့သည်။ မြန်မာနိုင်ငံ၏ နိုင်ငံရေးစနစ် အပြောင်းအလဲသည် အေးချမ်းတည်ငြိမ်စွာ အောင်မြင်ခြင်းနှင့်အတူ ပြည်သူအများ၏ ယုံကြည်ခြင်းကိုရရှိခဲ့ပြီး နိုင်ငံတကာတွင်လည်း မျက်နှာပန်းလှခဲ့သည်။ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်၊ ကုလသမဂ္ဂအာရှနှင့် ပစိဖိတ်ဒေသစီးပွားရေးနှင့် လူမှုရေးကော်မရှင်၊ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးရေးအဖွဲ့ စသည့် နိုင်ငံတကာအဖွဲ့အစည်းများက မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်လာမည့် အခွင့်အလမ်းများကို ရှုထောင့် မျိုးစုံမှ မြင်တွေ့နေရကြောင်း၊ မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုနှုန်းသည် ကာလလတ်အတွင်း ၇ ရာခိုင်နှုန်းမှ ၈ ရာခိုင်နှုန်းအကြား ရှိနေ၍ ၂၀၃၀ ပြည့်နှစ်တွင် ၉ ဒသမ ၅ ရာခိုင်နှုန်းအထိ မြင့်တက်လာနိုင်ကြောင်း၊ လူတစ်ဦးချင်း၏ လက်ရှိဝင်ငွေသည်လည်း လက်ရှိအခြေအနေတွင် ဒေါ်လာ ၉၀၀ မှ အနာဂတ်တွင် အမြင့်ဆုံး ဒေါ်လာ ၅၀၀၀ ခန့် တိုးလာနိုင်ကြောင်း၊ အစိုးရ၏ မှန်ကန်သည့် ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များကြောင့် လက်ရှိစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနှုန်းကို ရရှိနေခြင်းဖြစ်ကြောင်း ခန့်မှန်းသုံးသပ်ခဲ့ကြသည်။

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် ခေါင်းဆောင်မှုကဏ္ဍမှာ လွန်စွာအရေးကြီးသည်။ ဦးဆောင် ဦးရွက်ပြုမှုနှင့် အားကောင်းသည့် ပြည်သူလူထု ပူးပေါင်းပါဝင်မှုတို့က နိုင်ငံဖွံ့ဖြိုးတိုးတက်စေသည့် အရှိန်အဟုန်နှင့် အင်အားပင်ဖြစ်သည်။ လက်ရှိအရေးပေါ်ကာလ အိမ်စောင့်အစိုးရအနေဖြင့်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံ့တာဝန်များကို ထမ်းဆောင်နေရသည့် အချိန်အတိုင်းအတာအတွင်း နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဖော်ဆောင်ရန် ကြိုးပမ်းလျက်ရှိသည်။ ယခု ၂၀၂၂ ခုနှစ်အတွင်း ပြည်တွင်းစီးပွားရေးတိုးတက်မှု မြှင့်တင်ရေး၊ ပြည်တွင်းနိုင်ငံရေး ခိုင်မာအားရှိအောင် ဆောင်ရွက်ရေး၊ တိုင်းရင်းသားပြည်သူများ အားလုံးပါဝင်သည့် နိုင်ငံကာကွယ်ရေးစွမ်းအား တည်ဆောက်ရေးတို့ကို ပြည်တွင်းအားကို အခြေပြု၍ ဆောင်ရွက်သွားမည်ဖြစ်ရာ ပြည်သူလူထုတစ်ရပ်လုံး ပူးပေါင်းပါဝင်ခြင်းဖြင့် နိုင်ငံအတွက် ဒေါက်သုံးဒေါက်သဖွယ်ဖြစ်သော အားသုံးအားကို ခိုင်မာစွာ တည်ဆောက်နိုင်မည်ဖြစ်သည်။

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းတည်ဆောက်ရာတွင် အယူအဆ၊ မူဝါဒ၊ လုပ်နည်းလုပ်ဟန်တို့ ကွဲပြားခြားနားစေကာမူ အစိုးရအဆက်ဆက်တို့ ပြည်သူနှင့်လက်တွဲကာ ပူးပေါင်းဆောင်ရွက်ကြရစမြဲပင်ဖြစ်သည်။ မိမိအာဏာမရတော့၍ နိုင်ငံကို အလုံးစုံပျက်သုဉ်းရေး ဖန်တီးမည်ဆိုလျှင် အဖျက်သမားသာလျှင်ဖြစ်ပေမည်။ မိမိတို့ နိုင်ငံကို ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံ (LDC)အဖြစ်မှ ရုန်းထွက်နိုင်ရေးနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အားသုံးအားကို အစိုးရနှင့်ပြည်သူ ညီညာလက်တွဲပူးပေါင်းသည့် ပြည်တွင်းအားဖြင့် တည်ဆောက်ကြရေး နှိုးဆော်တိုက်တွန်းအပ်ပါကြောင်း။ ။

## ၂၀၂၂ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး တို့ကို တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။
(၂) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထက်မြက်ရေး။
(၃) တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ၏ ကျစ်လျစ်ခိုင်မာသည့် ညီညွတ်သော စုစည်းအင်အားဖြင့် နိုင်ငံတော်ကြီး ထာဝရတည်တံ့ခိုင်မြဲအောင် ဆက်လက်ကြိုးပမ်းတည်ဆောက်ရေး။
(၄) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စု တည်ဆောက်နိုင်ရေး။
(၅) ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံး တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးရေးနှင့် တိုင်းရင်းသားများ၏ ကျန်းမာရေး၊ ပညာရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်အောင် ဆောင်ရွက်ပေးရေး။

## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထဲရေးဝန်ကြီးဌာန၊ အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်မင်း ကို အစမ်းခန့်ကာလ ၁ နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

## အများအားဖြင့် သာယာမည်

**နေပြည်တော် ဖေဖော်ဝါရီ ၄**

နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့်ရှိနိုင်သည်။

**မိုး/ဇလ**

## (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ ဂုဏ်ပြုကြိုဆို ရောဝတီတိုင်းဒေသကြီး ကျောင်းသားအားကစားပြိုင်ပွဲ ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၄**

(၇၅) နှစ်မြောက် စိန်ရတု ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဧရာဝတီ တိုင်းဒေသကြီး အခြေခံပညာ ကျောင်းပေါင်းစုံ ကျောင်းသား အားကစားပြိုင်ပွဲ ဖွင့်ပွဲကို ယမန်နေ့က ပုသိမ်မြို့ ကိုးသိန်းအားကစားခန်းမ၌ ပြုလုပ်ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် အောင်အောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြိုင်ပွဲဝင် အားကစားသမားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက် လာကြသူများက ကျောင်းသား အားကစားပြိုင်ပွဲ အဖွင့်ပွဲစဉ်များ ဖြစ်သည့် အမျိုးသား ဘော်လီဘောပြိုင်ပွဲတွင် မအူပင်ခရိုင်အသင်းနှင့် မြောင်းမြခရိုင်အသင်း၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲတွင် ပုသိမ်ခရိုင်အသင်းနှင့် မြောင်းမြခရိုင်အသင်းတို့၏ ယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေးကြသည်။



အဆိုပါ ကျောင်းသား အားကစားပြိုင်ပွဲတွင် ခရိုင်ခြောက်ခုမှ အမျိုးသား ခြောက်သင်း၊ အမျိုးသမီး ခြောက်သင်းတို့က ဖေဖော်ဝါရီ ၅ ရက်အထိ ယှဉ်ပြိုင်ကစားသွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ကိုဗစ်- ၁၉ ရောဂါအား ကာကွယ်၊ ထိန်းချုပ်၊ ကုသရာတွင် အသုံးများသည့် ဆေးဝါးများ၏ ပေါက်ဈေးများ

(၄-၂-၂၀၂၂) ညနေ ၆ နာရီအချိန်အထိဈေးနှုန်း

| No | Product Name | Pack Size | Price in Kyats (Retail) | Company Name |
|---|---|---|---|---|
| **Antibiotics** | | | | |
| 1 | Injection – Cefoperazone and Sulbactam 2G | Vial | 9300 | Ready Medicine |
| 2 | Injection – Meropenam | 1g/Vial | 10000 | AA Medical |
| **Anti–inflammatory** | | | | |
| 3 | P.O Dexamethasone | Box of 10x10's | 1450 | JDS |
| 4 | P.O Prednisolone | Box of 10x10 | 2000 | Aorta |
| 5 | Injection– Dexamethasone | Vial | 160 | Aorta |
| **Antiviral** | | | | |
| 6 | P.O Favipiravir 400 mg | 2X10 Tablet | 50000 | AA Medical |
| 7 | Injection – Remdesivir | Vial | 70000 | GHI |
| **Anti thrombosis** | | | | |
| 8 | Injection Enoxaprim 40 mg | 1 Pre– Filled Syringe | 7000 | Nyi Lay Naing |
| 9 | Injection Enoxaprim 60 mg | 1 Pre– Filled Syringe | 9000 | Nyi Lay Naing |
| **Symptomatic** | | | | |
| 10 | P.O Paracetamol 500 mg | 10X10's tablets/ Box | 1500 | AA Medical |

အခြားဆေးဝါးများ၏ ဈေးနှုန်းများကို Website (www.mccpmd.org)နှင့် Facebook Page https://www.facebook.com/ 3233025 2139 2189/posts/ 1720802588308835/ ?d=n တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**သတင်းစဉ်**

## သင်ယူရာတွင် အခက်အခဲမရှိစေရေးနှင့် သင်ကြားမှုများ ထိရောက်စေရေး

တက္ကသိုလ်များသည် အသိပညာနှင့်အတတ်ပညာများကို တွေးတောကြံစည်နိုင်အောင်နှင့် လေ့လာသင်ကြားပေးသည့် ကျောင်းများဖြစ်ကြောင်း၊ ထို့ကြောင့် တက္ကသိုလ်ကျောင်းများသည် အဆင့်တစ်ခုရှိရန်လိုကြောင်း၊ တက္ကသိုလ်များ၏ ဥပမိရုပ်နှင့် ကျောင်းများ၏ မြင်ကွင်းများကောင်းရန်၊ လူသွားလမ်းများကောင်းရန်နှင့် သာယာလှပသည့် ပတ်ဝန်းကျင်ကောင်းများဖြစ်စေရေး ဖန်တီးပေးရန်လိုကြောင်း၊ အလားတူ အဆောက်အဦများနှင့် ကျောင်းပရိဝုဏ်များကောင်းမွန်စေရေး ကြိုတင်စဉ်းစားဆောင်ရွက်၍ တည်ဆောက်ရန်လိုကြောင်း၊ ကျောင်းသားများ သင်ယူရာတွင် အခက်အခဲ မရှိစေရေးနှင့် သင်ကြားမှုများ ထိရောက်စေရေးအတွက် စာသင်ခန်းများနှင့် လက်တွေ့ခန်းများ စနစ်တကျရှိရန်လိုကြောင်း၊ သင်ကြားပေးသည့် ဆရာ၊ ဆရာမများ၏ သင်ကြားမှု အတတ်ပညာသည်လည်း အရေးကြီးသဖြင့် မိမိတို့ကိုယ်တိုင် စာပေပညာတတ်ကျွမ်းရုံတင်မက ကျောင်းသား၊ ကျောင်းသူများ နားလည်စေရေး သင်ကြားပေးနိုင်ရန် လိုကြောင်း။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၁၇-၁-၂၀၂၂ ရက်နေ့တွင် အဆင့်မြင့်ပညာကဏ္ဍ လုပ်ငန်းညှိနှိုင်းအစည်းအဝေး၌ ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)**

❖ *ရွှေဖုံးမှ*

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်အေးနုစိန်က အဖွင့်အမှာစကား ပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။

ဆက်လက်၍ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း ဒုတိယပြည်နယ်လျှပ်စစ်အင်ဂျင်နီယာမှူး ဦးဇော်မိုးက လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဝါဘိုကျေးရွာအား လျှပ်စစ်ဖြန့်ဖြူးပေးမည့် Transformer ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ (ယာပုံ)

ယင်းနောက် ကျေးရွာအတွင်း အိမ်တွင်းမှုရက်ကန်းလုပ်ငန်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

**၆၀ ရာခိုင်နှုန်းခန့်လျှပ်စစ်မီးသုံးစွဲနိုင်**

ရခိုင်ပြည်နယ်အတွင်း ကျေးရွာပေါင်း ၃၇၄၂ ရွာရှိသည့်အနက် ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလအထိ ဓာတ်အားစနစ်၊ ဆိုလာစနစ်၊ ဒီဇယ်စနစ် စသည့် နည်းလမ်းများဖြင့် မီးရရှိပြီး ကျေးရွာပေါင်း ၂၂၄၆ ရွာဖြစ်သည့်အတွက် ၆၀ ရာခိုင်နှုန်းခန့် လျှပ်စစ်မီးသုံးစွဲနိုင်ခဲ့ပြီးဖြစ်သည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များသည် စစ်တွေ-ဝါဘို ချောင်းကူးတံတား အရှည်ပေ ၄၈၀ တည်ဆောက်ရေးစီမံကိန်းသို့ သွားရောက်ကြည့်ရှုကြရာ ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တည်ဆောက်ရေး(၂)၊ တံတားအထူးအဖွဲ့(၇)မှ တာဝန်ရှိသူများက တံတားတည်ဆောက်ရေးလုပ်ငန်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြပြီး တည်ဆောက်ရေး လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



◆ *ရွှေဖုံးမှ*

သဖန်းဆိပ်ဆည်သည် ရေလှောင်ပမာဏ ဧကပေ ၂၇ သိန်းကျော် သိုလှောင်နိုင်ပြီး လက်ရှိရေလှောင်ပမာဏသည် ၂၃၉၅၇၅၇ ဧကပေရှိရာ လာမည့် မိုးစပါးစိုက်ပျိုးရာသီ ပျိုးထောင်ရေအတွက်ချန်ပြီး ကန့်ဘလူခရိုင်အတွင်းမှ နွေစပါးဧက ၂၃၁၅၀၊ ရွှေဘိုခရိုင်အတွင်းမှ နွေစပါး စိုက်ဧက ၂၄၉၈၅၀ ဧကနှင့် အခြားသီးနှံ ဧက ၇၅၀၀၀ နှင့် မြစ်ရေတင် နွေစပါးစိုက်ဧက ၃၀၀၀ အပါအဝင် စုစုပေါင်း ဧက ၃၅၁၀၀၀ အတွက် ဆည်ရေများ လွှတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

တစ်ဆက်တည်း ကျေးပင်အက်ဆည်မှ နွေစပါးစိုက်ဧက ၂၀၀၀၊ ပေကြီးဆည်မှ နွေစပါး စိုက်ဧက ၁၅၀ နှင့် လင်ပန်းဆည်မှ နွေစပါးစိုက်ဧက ၄၀၀ တို့ အတွက်လည်း ဖေဖော်ဝါရီ ၇ ရက်မှစတင်ပြီး ဆည်ရေများ လွှတ်ပေးသွားမည်ဖြစ်ကြောင်း ရွှေဘိုခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးထံမှ သိရသည်။

**စိုးသီဟ(ရွှေဘို)**

## ဗန်းမော်မြို့၌ နယ်စပ်ရေးရာဝန်ကြီးဌာနမှ သိမ်မဟာသီလရှင်ပရိယတ္တိစာသင်တိုက်သို့ ဆန်၊ဆီနှင့် ကုလားပဲများ ဆက်ကပ်လှူဒါန်း

**ဗန်းမော် ဖေဖော်ဝါရီ ၄**

နယ်စပ်ရေးရာ ဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဗန်းမော်ခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးမှူး ဦးဇော်လင်း နှင့် ဝန်ထမ်းများသည် ဖေဖော်ဝါရီ ၁ ရက်က ကချင်ပြည်နယ် ဗန်းမော်မြို့ သိမ်မဟာ သီလရှင်ပရိယတ္တိစာသင်တိုက်ရှိ စာသင်၊ စာချ သီလရှင်ဆရာကြီး၊ ဆရာလေးများအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ကုလားပဲအပြင် ဆွမ်းဝေယျာဝစ္စအတွက် အလှူငွေများ ဆက်ကပ်လှူဒါန်းကြသည်။

နယ်စပ်ရေးရာ ဝန်ကြီးဌာနအနေဖြင့် လတ်တလောဖြစ်ပွားလျက်ရှိသည့် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် သံဃာတော်၊ သီလရှင်များအား ဆွမ်း၊ ကွမ်း အခက်အခဲ မရှိစေရေးအတွက် စာသင်တိုက်များသို့ ဆွမ်းဆန်တော်၊ ဆီ၊ ပဲများကို ဆက်ကပ်လှူဒါန်း ပေးလျက်ရှိကြောင်း ဗန်းမော်ခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ သိရသည်။

**ကိန်းဖြူ**

(ပြန်/ဆက်)


☼ နိုင်ငံတော်အတွက်
ဥမကွဲ
သိုက်မပျက်
ပြည်ထောင်စုစိတ်ဓာတ်နဲ့
ဒို့ဆောင်ရွက်။

# ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း ရခိုင်ပြည်နယ် စစ်တွေမြို့တွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအောက်ရှိ ဌာနဆိုင်ရာလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၄**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်၊ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ဖြစ်ကြသည့် မန်းငြိမ်းမောင်၊ ဒေါ်အေးနုစိန်နှင့် ဦးမောင်းဟာ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရွှေလေးနှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်မှ လေကြောင်းခရီးဖြင့် ထွက်ခွာခဲ့ပြီး ရခိုင်ပြည်နယ် စစ်တွေမြို့သို့ ရောက်ရှိသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဗိုလ်ချုပ်ကြီးတင်အောင်စန်းသည် ပြည်နယ်အစိုးရအဖွဲ့မှ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်သူရ၊ စီးပွားရေးရာဝန်ကြီး ဦးစံရွှေမောင်နှင့် တာဝန်ရှိသူများနှင့်အတူ စစ်တွေမြို့ ဖောင်တော်ကြီး ဆိပ်ခံတံတားနယ်မြေရှိ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ရုံးသို့ ရောက်ရှိပြီး ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းများအား နိုင်ငံ၏ နိုင်ငံရေး၊ လုံခြုံရေး၊ စီးပွားရေး၊ လူမှုရေးတိုးတက်ဖြစ်ပေါ်မှု အခြေအနေများ ရှင်းလင်းပြောကြားပြီး ဌာနအလိုက် လုပ်ငန်းတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ကြရေး၊ ဌာနအချင်းချင်းပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ကြရေး၊ ကိုဗစ်-၁၉ ကပ်ရောဂါ ကူးစက်မှုမခံရစေရေး၊ စက်သုံးဆီနှင့် လျှပ်စစ်မီးများ ခြိုးခြံချွေတာနိုင်ရေး၊ မိမိဌာနရုံးနယ်မြေ



အလိုက် သန့်ရှင်းသပ်ရပ်မှုရှိစေရေးတို့ကို မှာကြားပြီးနောက် ဝန်ထမ်းများအား လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ထို့နောက် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ဖောင်တော်ကြီး ဆိပ်ခံတံတား အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် စစ်တွေမြို့ရှိ ရွှေမင်းဂံ ဆိပ်ခံတံတားနေရာသို့ ရောက်ရှိရာ တာဝန်ရှိသူများက နယ်စပ်ကုန်သွယ်ရေးနှင့် ပတ်သက်သော ကုန်တင်လှေများဆိုက်ကပ်၊ ထွက်ခွာမှုအခြေအနေ၊ ကုန်စည်စီးဆင်းမှု အခြေအနေ၊ လက်ရှိအသုံးပြုနေသော ဆိပ်ခံတံတားသည် သက်တမ်းကြာမြင့်ပြီဖြစ်၍ မွမ်းမံပြင်ဆင်ရန် လိုအပ်မှုအခြေအနေနှင့် အနီးပတ်ဝန်းကျင်ရှိ ဆိပ်ခံတံတားငယ်များ နေရာတွင် ဆိပ်ခံတံတားကြီးများ အစားထိုးတည်ဆောက်နိုင်ရေး လိုအပ်မှုအခြေအနေ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်း မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အကြိမ် (၅၀)မြောက် ပြည်နယ်နှင့် တိုင်းဒေသကြီး (အမျိုးသား/အမျိုးသမီး)စက်ဘီးပြိုင်ပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၄**

အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ်တို့ပူးပေါင်း၍ အကြိမ် (၅၀) မြောက် ပြည်နယ်နှင့် တိုင်းဒေသကြီး (အမျိုးသား/အမျိုးသမီး) စက်ဘီးပြိုင်ပွဲများကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိဘောလုံးကွင်းရှေ့ ဝဏ္ဏသိဒ္ဓိပတ်လမ်းတွင် ကျင်းပသည်။



ပြိုင်ပွဲသို့ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ ဒုတိယဝန်ကြီး ဦးမျိုးလှိုင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။ **(အပေါ်ယာပုံ)**

ယနေ့ပြိုင်ပွဲ ပွဲစဉ်များအဖြစ် အမျိုးသမီး ၉ ကီလိုမီတာ အသင်းလိုက်ပြိုင်ပွဲနှင့် အမျိုးသား ၁၅ ကီလိုမီတာ အသင်းလိုက် ပြိုင်ပွဲများကို ယှဉ်ပြိုင်ကစားခဲ့ကြပြီး ပြိုင်ပွဲများအပြီးတွင် ဆုပေးပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ အမျိုးသား မီတာ ၁၀၀၀ တစ်ဦးချင်းပြိုင်ပွဲ၊ အမျိုးသားမီတာ ၃၀၀၀ တစ်ဦးချင်းပြိုင်ပွဲ၊ အမျိုးသမီး မီတာ ၅၀၀ တစ်ဦးချင်းပြိုင်ပွဲ၊ အမျိုးသမီး ၉ ကီလိုမီတာ နောက်ကျန်ထွက် ပြိုင်ပွဲ၊ အမျိုးသမီး ၉ ကီလိုမီတာ အသင်းလိုက်ပြိုင်ပွဲ၊ အမျိုးသား ၁၅ ကီလိုမီတာ အသင်းလိုက် ပြိုင်ပွဲများတွင် ဆုရရှိသူများကို အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်နှင့် တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်ပြီး အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက ၂၀၁၈ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီးပြိုင်ပွဲတွင် မီတာ ၅၀၀ တစ်ဦးချင်းပြိုင်ပွဲ၌ မသမုဒယ (မန္တလေး) မှ တင်ထားသည့် စံချိန် ၄၃ ဒသမ ၀၅ စက္ကန့်ကို စံချိန် ၄၂ ဒသမ ၀၉ စက္ကန့်ဖြင့် စံချိန်သစ်တင်ခဲ့သည့် မစိုးစန္ဒာဝင်း (တနင်္သာရီ)နှင့် ၂၀၂၀ ပြည့်နှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး ပြိုင်ပွဲတွင် မီတာ ၁၀၀၀ တစ်ဦးချင်း ပြိုင်ပွဲ၌ မောင်ကောင်းစည်သူ (ပဲခူး) မှ တင်ထားသည့် စံချိန် ၁ မိနစ် ၀၈ ဒသမ ၇၈ စက္ကန့်ကို စံချိန် ၁ မိနစ် ၀၇ ဒသမ ၁၆ စက္ကန့်ဖြင့် စံချိန်သစ်တင်ခဲ့သည့် မောင်ရှိုင်းထက်အောင် (မန္တလေး) တို့ကိုလည်းကောင်း၊ အမျိုးသမီး အကောင်းဆုံးဆုရရှိသည့် မမိုးမိုးကြည် (တနင်္သာရီ)၊ အမျိုးသား အကောင်းဆုံးဆု ရရှိသည့် မောင်ရှိုင်းထက်အောင် (မန္တလေး) တို့ကိုလည်းကောင်း၊ ရွှေသုံးခု၊ ငွေ တစ်ခု၊ ကြေး တစ်ခုဖြင့် အမျိုးသမီးတံခွန်စိုက်ဒိုင်းဆု ရရှိသည့် တနင်္သာရီတိုင်းဒေသကြီး အသင်းနှင့် ရွှေ သုံးခု၊ ငွေ တစ်ခု၊ ကြေး နှစ်ခုဖြင့် အမျိုးသားတံခွန်စိုက်ဒိုင်းဆုရရှိသည့် မန္တလေးတိုင်းဒေသကြီး အသင်းတို့ကိုလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြောင်း သိရသည်။

**သတင်းစဉ်**

# တပ်မတော်ဆေးရုံများ၌ တက်ရောက်ကုသမှုခံယူနေသူများကို ကြည့်ရှုအားပေး



**နေပြည်တော် ဖေဖော်ဝါရီ ၄**

ရှမ်းပြည်နယ် မြောက်ပိုင်း လားရှိုးမြို့ရှိ တပ်မတော်ဆေးရုံ၊ ရောဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ နယ်မြေခံဆေးတပ်ရင်းနှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ တပ်မတော်ဆေးရုံတို့၌ တက်ရောက်ကုသမှု ခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ဒေသခံပြည်သူများအား ယနေ့တွင် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် အဖွဲ့ဝင်များက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်မှုကို မေးမြန်းအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်ကြသည်။(ယာပုံ)

ထို့နောက် တိုင်းမှူးများနှင့် အဖွဲ့ဝင်များသည် ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှုကြ၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

**ရင်းနှီးချစ်ကြည် တွဲလက်ညီ ပြည်ထောင်စုဖွား တိုင်းရင်းသား။**

# ဝါစိုက်ပျိုး၊ ထွက်ရှိ၊ ထုတ်လုပ်၊ သုံးစွဲမှုကိန်းဂဏန်းများ မှန်ကန်စေရေးနှင့်ပြည်တွင်းဈေးနှုန်းတည်ငြိမ်စေရေး ညှိနှိုင်းစည်းဝေး



နေပြည်တော် ဖေဖော်ဝါရီ ၄

**ဝါစိုက်ပျိုး၊ ထွက်ရှိ၊ ထုတ်လုပ်၊ သုံးစွဲမှုကိန်းဂဏန်းများ မှန်ကန်စေရေးနှင့် ပြည်တွင်းဈေးနှုန်းတည်ငြိမ်စေရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ Virtual စနစ်ဖြင့် ကျင်းပသည်။** (ယာပုံ)

အစည်းအဝေးတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်းက နိုင်ငံတော်ပိုင်၊ ပုဂ္ဂလိကပိုင် ချည်စက်များအတွက် အဓိကလိုအပ်သော ဝါကုန်ကြမ်းဝယ်ယူရရှိရေး၊ ပြည်တွင်းထွက်ရှိသည့် ဝါများကို ပြည်တွင်းချည်မျှင်ထုတ်လုပ်မှုလုပ်ငန်းများအတွက် လုံလောက်စွာ ဝယ်ယူနိုင်ရေးနှင့် ပြည်ပသို့တင်ပို့ရောင်းချခွင့်ပြုမည့် အခြေအနေ၊ ဝါနှင့်ချည်မျှင်လုပ်ငန်း Supply Chain တစ်လျှောက် စိုက်ပျိုးထုတ်လုပ်သူတောင်သူများ ပြည်တွင်းဝါအသုံးပြု၍ ချည်ထည်ထုတ်လုပ်သော စက်ရုံများ၊ ပြည်တွင်းကုန်သည် လုပ်ငန်းရှင်များ မျှတသော အကျိုးစီးပွားခံစားရစေရေးနှင့် ဝါကဏ္ဍ ရေရှည်တည်တံ့ခိုင်မြဲစေရေးအတွက် လုပ်ငန်းစဉ်များအားလုံး ချောမွေ့စွာဆောင်ရွက်နိုင်ရန်နှင့် ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ရရှိ၍ ပြည်တွင်းထုတ်ကုန် ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရေး၊ ပြည်တွင်းဝါဝယ်ယူရေးကိစ္စများတွင် အဆင်ပြေချောမွေ့စေရန်တို့အတွက် အသေးစိတ်ညှိနှိုင်းကြသည်။

အစည်းအဝေးသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညွန့်အောင်နှင့်တာဝန်ရှိသူများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဝါနှင့်ဝါထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်း၊ ဝါသီးနှံစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း၊ ချည်စက်လုပ်ငန်းရှင်များ အစုအဖွဲ့နှင့် ရက်ကန်းလုပ်ငန်းရှင်အသင်းတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားယဉ်ကျေးမှုကိုယ်စားလှယ်အဖွဲ့များကို တွေ့ဆုံနှုတ်ဆက်



နေပြည်တော် ဖေဖော်ဝါရီ ၄

(၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ ကျင်းပရေး စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်သည် ယနေ့နံနက်ပိုင်းတွင် စိန်ရတုပြည်ထောင်စုနေ့အခမ်းအနားသို့ တက်ရောက် ဖျော်ဖြေကြမည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားယဉ်ကျေးမှု ကိုယ်စားလှယ် အဖွဲ့များကို နေပြည်တော် ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် အားကစားလေ့ကျင့်ရေးစခန်းရှိ စားရိပ်သာ၌ တွေ့ဆုံနှုတ်ဆက်သည်။

တွေ့ဆုံပွဲသို့ ဆပ်ကော်မတီအသီးသီးမှဥက္ကဋ္ဌများ၊ ကော်မတီအဖွဲ့ဝင်များ၊ ကော်မတီအတွင်းရေးမှူး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားယဉ်ကျေးမှု ကိုယ်စားလှယ်အဖွဲ့များ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်က စိန်ရတုပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်တွင် ပါရှိသည့် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ထာဝစဉ်ထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားရမည်ဖြစ်ကြောင်း၊ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအားလုံး ကျစ်လျစ်ခိုင်မာသည့် ညီညွတ်သော စုစည်းအားဖြင့် နိုင်ငံတော် ထာဝစဉ်တည်တံ့ခိုင်မြဲအောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဆိုပါက တိုင်းဒေသကြီးနှင့် ပြည်နယ်များအားလုံး ဟန်ချက်ညီညီဖြင့် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်မခွဲခြားဘဲ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ခံစားသင့် ခံစားထိုက်သည့်၊ ရသင့် ရထိုက်သည့် အခွင့်အရေးများကိုလည်း ဦးစားပေး ပုံဖော်လျက်ရှိပါကြောင်း၊ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်း အစဉ်အလာများ ဖွံ့ဖြိုးတိုးတက်ရန်၊ တည်တံ့ခိုင်မြဲရန်၊ ထိန်းသိမ်းကာကွယ်နိုင်ရန်နှင့် မြှင့်တင်နိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့ခေါင်းဆောင်များနှင့် အဖွဲ့ဝင်များကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များ တည်းခိုနေထိုင်သည့် တည်းခိုဆောင်များ၊ ဆေးပေးခန်း၊ စာကြည့်တိုက်နှင့် ဆပ်ကော်မတီရုံးခန်းများကို လှည့်လည်ကြည့်ရှုသည်။

စိန်ရတု ပြည်ထောင်စုနေ့အခမ်းအနားသို့ တက်ရောက်ဖျော်ဖြေကြမည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များကို တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုအကများ အပြန်အလှန်ဖလှယ်နိုင်ရန် ရည်ရွယ်၍ ဖိတ်ကြားခြင်းဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီးမှ ၃၉ ဦး၊ ကချင်ပြည်နယ်မှ ၃၃ ဦး၊ ကယားပြည်နယ်မှ ၂၇ ဦး၊ ကရင်ပြည်နယ်မှ ၃၉ ဦး၊ ချင်းပြည်နယ်မှ ၃၇ ဦး၊ မွန်ပြည်နယ်မှ ၃၄ ဦး၊ ရခိုင်ပြည်နယ်မှ ၃၅ ဦးနှင့် ရှမ်းပြည်နယ်မှ ၃၈ ဦး စုစုပေါင်း ၂၈၂ ဦး ရောက်ရှိကြောင်း သိရသည်။

တိုင်းရင်းသား ယဉ်ကျေးမှုအဖွဲ့များသည် နေပြည်တော်၏ အထင်ကရ နေရာများဖြစ်သည့် ဥပ္ပါတသန္တိစေတီတော်၊ နေပြည်တော် ဗုဒ္ဓဂယာ၊ လွှတ်တော်အဆောက်အအုံ၊ စစ်သမိုင်းပြတိုက်၊ အမျိုးသားပြတိုက်၊ အမျိုးသားအထိမ်းအမှတ်ဥယျာဉ်၊ နက္ခတာရာပြခန်း၊ ကျောက်မျက်ရတနာပြတိုက်၊ နေပြည်တော်မြို့မဈေး၊ တိရစ္ဆာန်ဥယျာဉ်၊ နေပြည်တော် ရေပန်းဥယျာဉ်နှင့် Junction Center တို့ကို သွားရောက်လေ့လာကြမည် ဖြစ်ကြောင်း သိရသည်။

**သတင်း- မျိုးဆက်သစ်**
**ဓာတ်ပုံ- ကိုကိုအေး**

# မန္တလေးမြို့ မြနန်းစံကျော်ရွှေနန်းတော်၌ လာရောက်လေ့လာသူများဖြင့် စည်ကားလျက်ရှိ



မန္တလေးမြို့ မြနန်းစံကျော်ရွှေနန်းတော်၌ လာရောက်လေ့လာကြသည့် ကျောင်းသား ကျောင်းသူများကို တွေ့ရစဉ်။

နေပြည်တော် ဖေဖော်ဝါရီ ၄

မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ရှိ မြနန်းစံကျော်ရွှေနန်းတော်၌ ကိုဗစ်ကာလ စည်းကမ်းချက်များနှင့်အညီ ရပ်နီး ရပ်ဝေးမှ လာရောက်လည်ပတ်လေ့လာသူများဖြင့် စည်ကားလျက်ရှိသည်။

ထိုသို့လာရောက်လည်ပတ်လေ့လာသော ပြည်သူများ စိတ်အေးချမ်းသာမှုရှိစေရေးအတွက် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(မန္တလေးဌာနခွဲ)မှ တာဝန်ရှိသူများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက စနစ်တကျကြပ်မတ်စစ်ဆေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိပြီး နေ့စဉ်နံနက် ၇ နာရီခွဲမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်းနှင့် လေ့လာသူများအနေဖြင့် မြနန်းစံကျော်ရွှေနန်းတော်အပါအဝင် ကျောက်စာရုံ၊ ရှေးဟောင်းသမိုင်းဝင်အမြောက်များ ခင်းကျင်းပြသထားသည့် အမြောက်ပြတိုက်၊ မင်းတုန်းမင်းဂူဗိမာန် ပုံစံငယ်ပြတိုက်၊ ဒင်္ဂါးသွန်းစက်ရုံတို့ကိုပါ လေ့လာနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

※ ငြိမ်းချမ်း
သာယာ
အေးချမ်းဖို့
ပြည်ထောင်စု
စိတ်ဓာတ်
မွေးကြစို့။

# ပြည်သူများ မကျန်းမမာဖြစ်လာလျှင် ကိုယ်ပိုင်ငွေစိုက်ထုတ်ရမှု အနည်းဆုံးဖြင့် အရည်အသွေးပြည့်ဝသည့် ဆေးကုသမှုများ ပေးအပ်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၄**

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် (၇၅)နှစ်မြောက် စိန်ရတု ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကျင်းပပြုလုပ်သည့် ဧရာဝတီတိုင်းဒေသကြီးရှိ ဟင်္သာတမြို့ ပြည်သူ့ဆေးရုံကြီး တိုးချဲ့သုံးထပ်လူနာဆောင်သစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။



ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး၊ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်အောင်၊ ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြတ်ဝဏ္ဏစိုးတို့က အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး **(အပေါ်ယာပုံ)** ပြည်ထောင်စုဝန်ကြီးက အဆိုပါ တိုးချဲ့သုံးထပ်လူနာဆောင်သစ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆေးရုံဖွင့်ပွဲအထိမ်းအမှတ် ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ယင်းနောက် အခမ်းအနားကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ပြည်သူများ မကျန်းမမာဖြစ်လာလျှင် ကိုယ်ပိုင်ငွေစိုက်ထုတ်ရမှု အနည်းဆုံးဖြင့် အရည်အသွေးပြည့်ဝသည့် ဆေးကုသမှုများ ပေးအပ်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ကျန်းမာရေး အခြေခံအဆောက်အဦများ (Health Infrastructure) ဖြစ်သည့် ဆေးရုံ/ဆေးခန်းများ၊ အသစ်ဆောက်လုပ်ရေးနှင့် အဆင့်မြှင့်တင်ရေး၊ ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ရေး၊ အရည်အသွေးပြည့်ဝသော ကျန်းမာရေးဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်များ ပြည့်စုံလုံလောက်လာစေရေးစသည့် အခြေခံများ ခိုင်မာအားကောင်းလာစေရေးအတွက် အဘက်ဘက်မှ ဆောင်ရွက်လျက်ရှိကြောင်း။

ကျန်းမာရေးဝန်ကြီးဌာနသည် ပြည်သူများ၏ ကျန်းမာရေးအဆင့်အတန်း ပိုမိုမြင့်မားတိုးတက်စေရန် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှု၊ တိုင်းဒေသကြီး ပြည်သူလူထု၏ လိုအပ်ချက်နှင့်အညီ ဘဏ္ဍာငွေရရှိမှုအပေါ် မူတည်၍ ကျန်းမာရေးဆိုင်ရာ အခြေခံအဆောက်အဦများဖြစ်သည့် ဆေးရုံ/ဆေးခန်းများ တည်ဆောက်ခြင်းနှင့် တိုးချဲ့ဖွင့်လှစ်ခြင်း၊ ဆေးရုံ တိုးချဲ့ဆောင်များ တည်ဆောက်ခြင်း၊ ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ခြင်းလုပ်ငန်းများကိုလည်း ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ဆေးရုံအုပ်ကြီးဒေါက်တာငွေငွေလှိုင်က ကျေးဇူးတင်စကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် ဟင်္သာတမြို့နယ် သူနာပြုသင်တန်းကျောင်းသို့ သွားရောက်ကာ သင်တန်းသားများ သင်တန်းတက်ရောက်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က ချီးမြှင့်ငွေများပေးအပ်ကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် ဟင်္သာတမြို့နယ် ဦးအောင်မြတ်ကျော်တန်ဆောင်းရှိကာကွယ်ဆေးထိုးစုရပ်တွင် Sputnik Light ကိုဗစ်-၁၉ရောဂါ ကာကွယ်ဆေးထိုးနှံနေမှုကို ကြည့်ရှုအားပေးကြသည်။

ဧရာဝတီတိုင်းဒေသကြီးအနေဖြင့် ကာကွယ်ဆေး လွှမ်းခြုံမှု ၆၀ ရာခိုင်နှုန်းကျော်ရှိပြီး ဟင်္သာတခရိုင်အနေဖြင့် ဖေဖော်ဝါရီ ၃ ရက်အထိ ကာကွယ်ဆေး လွှမ်းခြုံမှု ၆၄ ရာခိုင်နှုန်း ရရှိထားပြီးဖြစ်ကြောင်း သိရသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ ဟင်္သာတမြို့ ပြည်သူ့ဆေးရုံကြီး အစည်းအဝေးခန်းမ၌ အထူးကုဆရာဝန်ကြီးများနှင့်တွေ့ဆုံပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဒူးယားမြို့နယ်ရှိ ဆောက်လုပ်ဆဲဖြစ်သော အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန အဆောက်အဦကို ကြည့်ရှုစစ်ဆေးပြီး အမြန်ဆုံးဖွင့်လှစ်နိုင်ရေး စီစဉ်ဆောင်ရွက်ရန် မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ဒူးယားတိုက်နယ်ဆေးရုံသို့ရောက်ရှိပြီး ဆေးကုသမှုလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးကာ ချီးမြှင့်ငွေများ ပေးအပ်သည်။

ဟင်္သာတမြို့ ပြည်သူ့ဆေးရုံကြီး သုံးထပ်တိုးချဲ့လူနာဆောင်သစ် ဖွင့်လှစ်လိုက်ခြင်းဖြင့် ဟင်္သာတဒေသခံပြည်သူများအတွက်သာမက ဧရာဝတီတိုင်းဒေသကြီးအတွင်း နေထိုင်ကြသည့် ပြည်သူများအတွက်ပါ ကျန်းမာရေးစောင့်ရှောက်မှု ပိုမိုပေးလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် နိုင်ငံတော်အပေါ် သစ္စာရှိစွာပူးပေါင်းဆောင်ရွက် နိုင်ငံတော်ကအားထားရသည့် နိုင်ငံ့ဝန်ထမ်းကောင်းများဖြစ်လာစေရေး ကြိုးပမ်းဆောင်ရွက်ကြ

ရန်ကုန် ဖေဖော်ဝါရီ ၄

**ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် ရန်ကုန်တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံပွဲကို ယနေ့နံနက်ပိုင်းက တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမတွင် ကျင်းပသည်။ (အောက်ပုံ)**



ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်အား ရန်ကုန်တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန တာဝန်ရှိသူများက တစ်ဦးချင်း မိတ်ဆက်ကြသည်။

**ပါတီနိုင်ငံရေးကင်းရှင်း**

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အရာထမ်း၊ အမှုထမ်းများအနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်နှင့် ဦးတည်ချက် (၉)ရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ပါတီနိုင်ငံရေး ကင်းရှင်းစွာဖြင့် လိုက်ပါဆောင်ရွက်ရန် လိုအပ်ကြောင်း၊ နိုင်ငံတည်ငြိမ်အေးချမ်းမှု၊ စည်းလုံးညီညွတ်မှုကို မလိုလားသော ပြည်ဖျက်မီဒီယာများက အစိုးရအပေါ် ပြည်သူများ အထင်အမြင်လွဲမှားအောင် သတင်းမှားများဖြင့် လှုံ့ဆော်လျက်ရှိရာ ဝန်ထမ်းများအနေဖြင့် အမှားအမှန်ခွဲခြားသိရှိနိုင်ရန် လိုအပ်ကြောင်းနှင့် ဝန်ထမ်းများ လုံခြုံရေး အထူးဂရုစိုက်ကြရန်နှင့် နိုင်ငံတော်မှ နိုင်ငံ့ဝန်ထမ်းများအား ကိုဗစ်ကာကွယ်ဆေးများကို ဦးစားပေး ထိုးနှံပေးခဲ့ပြီဖြစ်ကြောင်း၊ ရောဂါထပ်မံကူးစက်မှုမရှိအောင် ဂရုတစိုက် နေထိုင်ကြရန်နှင့် ကြိုတင်ကာကွယ်ရေး နည်းလမ်းများကိုလည်း လိုက်နာဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် နိုင်ငံတော်အပေါ် သစ္စာရှိစွာ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်က အားထားရသည့် နိုင်ငံ့ဝန်ထမ်းကောင်းများ ဖြစ်လာစေရေး ကြိုးပမ်းဆောင်ရွက်ကြရန် ပြောကြားသည်။

**ရင်းရင်းနှီးနှီးတွေ့ဆုံ**

ယင်းနောက် ဝန်ထမ်းများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**ဆန်းကျော်ဦး**

**(ပြန်/ဆက်)**

# တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ဆက်လက်ပို့ဆောင်

**နေပြည်တော် ဖေဖော်ဝါရီ ၄**

ကိုဗစ်-၁၉ ရောဂါ ခေတ်ခွဲအတည်ပြုပိုးတွေ့လူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများအား တပ်မတော်ဆေးရုံများ၊ ပြည်သူ့ဆေးရုံများ၊ ကျန်းမာရေးဌာနများနှင့် ကိုဗစ်စင်တာများတွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများကို တပ်မတော်သား ဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်း၍ အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိရာ ၎င်းလုပ်ငန်းများတွင် အထောက်အကူဖြစ်စေရန်အတွက် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများကို သတ်မှတ်အအေးလမ်းကြောင်း စံချိန်စံညွှန်းများအတိုင်း တပ်မတော်(လေ)မှ လေယာဉ်များ၊ Cold Chain Delivery Logistics မော်တော်ယာဉ်ကြီးများဖြင့် ပို့ဆောင်ဖြန့်ဖြူးပေးလျက်ရှိသည်။

ထိုသို့ပို့ဆောင်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဗဟိုကာကွယ်ဆေးသိုလှောင်ခန်း၌ထားရှိသည့် ဆေးတစ်လုံးလျှင် လူငါးယောက်ထိုးနိုင်သော Sputnik Light ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများကို ယနေ့တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ ပို့ဆောင်ပေးရာ မန္တလေးတိုင်းဒေသကြီးသို့ ကာကွယ်ဆေး အလုံးရေ ၃၀၀၀၊ ပဲခူးမြို့သို့ ကာကွယ်ဆေး ၁၆၀၀၊ သဲကုန်းမြို့နယ်သို့ ကာကွယ်ဆေး ၁၆၀၀၊ ရွှေတောင်မြို့နယ်သို့ ကာကွယ်ဆေး ၁၆၀၀၊ မင်းလှမြို့နယ်သို့ ကာကွယ်ဆေး ၁၆၀၀၊ သာယာဝတီမြို့နယ်သို့ ကာကွယ်ဆေး ၁၆၀၀၊ ညောင်လေးပင်မြို့နယ်သို့ ကာကွယ်ဆေး ၁၆၀၀၊ ဒိုက်ဦးမြို့နယ်သို့ ကာကွယ်ဆေး ၁၆၀၀၊ ဝေါမြို့နယ်သို့ ကာကွယ်ဆေး ၁၆၀၀၊ သနပ်ပင်မြို့နယ်သို့ ကာကွယ်ဆေး ၁၆၀၀၊ ကဝမြို့နယ်သို့ ကာကွယ်ဆေး ၁၆၀၀ နှင့် မင်္ဂလာဒုံမြို့နယ်သို့ ကာကွယ်ဆေး ၁၆၀၀ တို့ကို Cold Chain Delivery Logistics မော်တော်ယာဉ်ကြီးများဖြင့် ပို့ဆောင်ပေးခဲ့ပြီး တာဝန်ရှိသူများက လက်ခံရယူခဲ့ကြောင်းနှင့် သက်ဆိုင်ရာသို့ ဆက်လက်ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





# ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများ ဆွမ်းဆန်တော်လှူဒါန်း

**နေပြည်တော် ဖေဖော်ဝါရီ ၄**

ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် ကာလအတွင်း ဆွမ်းကိစ္စရပ်များအဆင်ပြေစေရန် ရည်ရွယ်၍ ပြည်ထဲရေးဝန်ကြီးဌာန၊ တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်း မိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းခြင်းကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်ရှိ ရတနာစံပရိယတ္တိစာသင်တိုက်သို့လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ်ရှိ ကျိုက်ထိုဇောတိကာရုံပရိယတ္တိစာသင်တိုက်သို့လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်ရှိ ရတနာမာန်အောင်ကျောင်းတိုက်သို့လည်းကောင်း၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ မြစေတီပရိယတ္တိစာသင်တိုက်သို့လည်းကောင်း၊ ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်ရှိ အေးစေတီကျောင်းတိုက်သို့လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်ရှိ လယ်တီပရိယတ္တိစာသင်တိုက်သို့ လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် ဆွမ်းဆန်တော်များကို တာဝန်ရှိသူများက သွားရောက်ဆက်ကပ် လှူဒါန်းခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



## တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက အမယ်လေးမျိုး၊ နေ့ဆွမ်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် ဖေဖော်ဝါရီ ၄**

တပ်မတော် (ကြည်း၊ ရေ၊ လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများနှင့် စေတနာရှင် အလှူရှင်များက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်း၊ နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခြင်းနှင့် ကျန်းမာရေးစစ်ဆေးပေးခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၃ ရက်နှင့် ယနေ့တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့ရှိ ကျောက်ကြမ်းဘုန်းတော်ကြီး ကျောင်းတိုက်၊ နမ့်ဆန်မြို့ရှိ မြို့မဂိုဏ်းချုပ် ကျောင်းတိုက်၊ ရှမ်းပြည်နယ် (တောင်ပိုင်း)ခိုလမ်မြို့ရှိ သီရိမင်္ဂလာ ကျောင်းတိုက်၊ ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့ရှိ ကျိုက်မုရောတောင် ဘုန်းတော်ကြီးကျောင်း၊ ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် ဘုရားကုန်းကျေးရွာရှိ အောင်စည်တော်ဓမ္မသိုက်တပ်ဦးကျောင်းတိုက်၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ ချမ်းသာကြီးကျောင်းတိုက်၊ ရခိုင်ပြည်နယ် အမ်းမြို့ရှိ စပ်စီဘုန်းတော်ကြီးကျောင်းတိုက်၊ ဘူးသီးတောင်မြို့ရှိ ဇေယျသုခ ဘုန်းတော်ကြီးကျောင်း၊ ကျောက်ဖြူမြို့ရှိ ကျောက်တစ်လုံး မဟာဗောဓိတပ်ဦးကျောင်း၊ မန္တလေးတိုင်းဒေသကြီး အောင်မြေသာဇံမြို့နယ် သီရိရတနာကျောင်းတိုက်နှင့် ပဲခူးတိုင်းဒေသကြီး ပေါင်းတလည်မြို့ ဖြူးကုန်းကျေးရွာအုပ်စု ကုန်းဇင်းကျေးရွာရှိ သဒ္ဓမ္မမဥ္ဇူဘုန်းတော်ကြီးကျောင်းတို့ရှိ ဆရာတော်၊ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များအား ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ နဝကမ္မအလှူငွေများ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အထောက်အကူပြုပစ္စည်းများ၊ နေ့ဆွမ်းများနှင့် လှူဖွယ်ပစ္စည်းများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ် အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ဆက်ကပ် လှူဒါန်းကြသည်။

ထို့အပြင် ရှမ်းပြည်နယ် (မြောက်ပိုင်း) နမ့်ဆန်မြို့ရှိ မြို့မဂိုဏ်းချုပ် ကျောင်းတိုက်မှ သံဃာတော်များအား အရှေ့မြောက်တိုင်း စစ်ဌာနချုပ်၊ နယ်မြေခံတပ်မှ ဆေးအဖွဲ့က လိုအပ်သည့် ကျန်းမာရေးစစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရှိ ဘုန်းတော်ကြီးကျောင်းများနှင့် Church ကျောင်းများအား ဆန်၊ ဆီနှင့် ကုလားပဲ ထောက်ပံ့လှူဒါန်း

**နေပြည်တော် ဖေဖော်ဝါရီ ၄**

နယ်စပ်ရေးရာဝန်ကြီးဌာနသည် ရှမ်းပြည်နယ် (အရှေ့ပိုင်း)ရှိ ဘုန်းတော်ကြီးကျောင်းများနှင့် Church ကျောင်းများအား ဆန်၊ ဆီနှင့် ကုလားပဲ ထောက်ပံ့လှူဒါန်းလျက်ရှိသည်။

ထို့ပြင် မြန်မာနိုင်ငံတစ်ဝန်း လတ်တလောဖြစ်ပွားနေသည့် ကိုဗစ် – ၁၉ ရောဂါကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်/ခရိုင်အသီးသီးရှိ ကိုဗစ်– ၁၉ ရောဂါ ကာကွယ်ကုသရေးစင်တာများတွင် လိုအပ်လျက်ရှိသော ကျန်းမာရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းများနှင့် အင်အားဖြည့် အစားအစာများကိုလည်း ထောက်ပံ့လှူဒါန်းလျက်ရှိသည်။

ထိုသို့ ထောက်ပံ့လှူဒါန်းလျက်ရှိရာ ယနေ့တွင် တာချီလိတ်ခရိုင် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးနှင့် တာချီလိတ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများသည် တာချီလိတ်မြို့နယ်ရှိ ဝမ်လုံး ကိုဗစ်စင်တာသို့ ကျန်းမာရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းများနှင့် အင်အားဖြည့်အစားအစာများ ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။ (အောက်ပုံ)

သတင်းစဉ်



## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှ အဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၄**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အနေဖြင့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို လေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ကုမ္ပဏီနှစ်ခု၊ ယာဉ်စီးရေ နှစ်စီးဖြင့် နှာခေါင်းစည်း (Mask) တန် ၁၀ ကို တင်သွင်းခဲ့ကြောင်း သိရသည်။

ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို သက်ဆိုင်ရာ ဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေး တင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများတင်သွင်းခြင်းနှင့် ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူ သိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

သတင်းစဉ်

# ဒီမိုကရေစီနှင့် ရွေးကောက်ပွဲများ

ပြည်ထောင်စုသားတစ်ဦး

**ဒီမိုကရေစီစနစ်ကို ပြည်သူ့အုပ်ချုပ်ရေးစနစ်ဟု အဓိပ္ပာယ်ဖွင့်ဆိုကြသည်။ ဒီမိုကရေစီစနစ်တွင် အစိုးရကို ပြည်သူက ရွေးကောက်တင်မြှောက်ကြရသည်။ တစ်နည်းအားဖြင့် ပြည်သူ့ကိုယ်စား တိုင်းရေးပြည်မှုများကို စီမံခန့်ခွဲမည့် ပြည်သူ့ကိုယ်စားလှယ်များကို ပြည်သူများက ဆန္ဒမဲပေးရွေးချယ်ကြရ၏။ ထို့ကြောင့် ဒီမိုကရေစီစနစ်သို့ သွားမည်ဆိုလျှင် ရွေးကောက်ပွဲလမ်းကြောင်းကို မလွဲမသွေဖြတ်သန်းကြရမည်ဖြစ်သည်။**

မြန်မာနိုင်ငံသည် ဒီမိုကရေစီသက်တမ်းအားဖြင့် နုနယ်သော်လည်း ရွေးကောက်ပွဲ အတွေ့အကြုံအား ဖြင့်မူ အတော်အသင့်ရင့်ကျက်မှု ရှိခဲ့သည်။ ၁၈၈၆ ခုနှစ် သီပေါမင်း ပါတော်မူပြီး ၃၆ နှစ်အကြာ ၁၉၂၂ ခုနှစ် နိုဝင်ဘာလတွင် အင်္ဂလိပ်အစိုးရက ကျင်းပပေးသည့် ဒိုင်အာခီ(Dyarchy) ရွေးကောက်ပွဲများမှတစ်ဆင့် မြန်မာပြည်သူများသည် ရွေးကောက်ပွဲနှင့် စတင်ထိတွေ့မှုရှိလာကြသည်။

ဒိုင်အာခီ ရွေးကောက်ပွဲဆိုသည်မှာ အင်္ဂလိပ်အစိုးရနှင့် ထိုခေတ်ရွေးကောက်ခံ ပြည်သူ့ကိုယ်စားလှယ် မင်းတိုင်ပင်အမတ်တို့ နှစ်ဦးစပ် ပူးတွဲအုပ်ချုပ်ရေးစနစ်တစ်ခု ဖြစ်သည်။ ပထမအကြိမ် ၁၉၂၂ ခုနှစ် ရွေးကောက်ပွဲတွင် မဲဆန္ဒပေးခွင့်ရှိသူ တစ်သန်း ခုနစ်သိန်းရှိသည့်အနက် ၆ ဒသမ ၉၂ ရာခိုင်နှုန်းသာ မဲပေးခဲ့ကြသည်။ လူ ၁၀၀ လျှင် ခုနစ်ယောက်နှုန်းသာ မဲပေးခဲ့ခြင်းဖြစ်သည်။ ၁၉၂၅ ခုနှစ်တွင် ကျင်းပခဲ့သည့် ဒုတိယအကြိမ် ဒိုင်အာခီ ရွေးကောက်ပွဲတွင်မူ မဲဆန္ဒပေးခွင့်ရှိသူ တစ်သန်း ရှစ်သိန်းကျော်အနက် ၁၆ ဒသမ ၂၆ ရာခိုင်နှုန်း မဲလာပေးသည်။ ရွေးကောက်ပွဲကို စိတ်ဝင်စားမှု မြင့်တက်လာသည့် သဘောဖြစ်သည်။



၁၉၄၇ ခုနှစ် ရွေးကောက်ပွဲမှ ထွက်ပေါ်လာသည့် တိုင်းပြုပြည်ပြုလွှတ်တော်အစည်းအဝေး ကျင်းပစဉ်။

◆ **၁၈၈၆ ခုနှစ် သီပေါမင်း ပါတော်မူပြီး ၃၆ နှစ်အကြာ ၁၉၂၂ ခုနှစ် နိုဝင်ဘာလတွင် အင်္ဂလိပ်အစိုးရက ကျင်းပပေးသည့် ဒိုင်အာခီ(Dyarchy) ရွေးကောက်ပွဲများမှတစ်ဆင့် မြန်မာပြည်သူများသည် ရွေးကောက်ပွဲနှင့် စတင်ထိတွေ့**

◆ **၁၉၃၂ ခုနှစ် နိုဝင်ဘာလတွင် ကျင်းပသော ရွေးကောက်ပွဲတွင်မူ မြန်မာနိုင်ငံကို အိန္ဒိယပြည်၏ ပြည်နယ်တစ်ခုအဖြစ် ဆက်ပြီးတွဲရေး သို့တည်းမဟုတ် သီးခြားခွဲရေးဟူသည့် တွဲရေး၊ ခွဲရေး ဆန္ဒခံယူပွဲကိုပါ တစ်ပါတည်း တွဲဖက်ကျင်းပခဲ့၍ မြန်မာပြည်သူများ စိတ်ဝင်တစား တက်ကြွနိုးကြားစွာ ပါဝင်ခဲ့**

၁၉၃၂ ခုနှစ် နိုဝင်ဘာလတွင် ကျင်းပသော ရွေးကောက်ပွဲတွင်မူ မြန်မာနိုင်ငံကို အိန္ဒိယပြည်၏ ပြည်နယ်တစ်ခုအဖြစ် ဆက်ပြီး တွဲရေး သို့တည်းမဟုတ် သီးခြားခွဲရေးဟူသည့် တွဲရေး၊ ခွဲရေး ဆန္ဒခံယူပွဲကိုပါ တစ်ပါတည်း တွဲဖက်ကျင်းပခဲ့၍ မြန်မာပြည်သူများ စိတ်ဝင်တစား တက်ကြွနိုးကြားစွာ ပါဝင်ခဲ့ကြသည်။

တွဲရေးဘက်က မဲပေါင်း ငါးသိန်းကျော်ဖြင့် နိုင်ခဲ့သည်။ တွဲရေးကို လှုံ့ဆော်ပြီး ရွေးကောက်ပွဲဝင်သည့်ဘက်က အမတ် ၄၂ ဦး အနိုင်ရရှိခဲ့ပြီး ခွဲရေးဘက်က အမတ် ၂၉ဦး၊ တစ်သီးပုဂ္ဂလကြားနေအမတ် ၉ ဦး ရွေးကောက်တင်မြှောက်ခံရသည်။ သို့သော် ဗြိတိသျှ အစိုးရသည် သူတို့မူလရည်မှန်းထားသည့်အတိုင်း ၁၉၃၇ ခုနှစ်တွင် ခွဲရေးဘက်က ဆုံးဖြတ်ခဲ့ကြသည်။

### ရွေးကောက်ပွဲများ

ထို့နောက်တွင် မြန်မာပြည်သူတို့သည် နန်းရင်းဝန်(ဝန်ကြီးချုပ်) ဦးပု၊ ဒေါက်တာ ဘမော်၊ ဦးစောတို့ အုပ်ချုပ်ရေးအစိုးရခေတ် ၉၁ ဌာနအုပ်ချုပ်ရေး ရွေးကောက်ပွဲများ၊ ဒုတိယကမ္ဘာစစ်အပြီး ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သည့် ဖဆပလအဖွဲ့ချုပ်ကြီး သောင်ပြိုကမ်းပြို အနိုင်ရခဲ့သည့် ၁၉၄၇ ခုနှစ် တိုင်းပြုပြည်ပြု လွှတ်တော်ရွေးကောက်ပွဲ၊ လွတ်လပ်ရေးရရှိပြီး ပါလီမန်ဒီမိုကရေစီခေတ်တွင် ကျင်းပခဲ့သည့် ၁၉၅၂၊ ၁၉၅၆၊ ၁၉၆၀ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲများ၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ် ၁၉၇၄၊ ၁၉၇၈၊ ၁၉၈၂၊ ၁၉၈၆ တစ်ပါတီစနစ် လွှတ်တော်ရွေးကောက်ပွဲများနှင့် ပြည်သူ့ကောင်စီ အဆင့်ဆင့်ရွေးချယ်ပွဲများ၊ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ကကျင်းပပေးခဲ့သည့် ၁၉၉၀ ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲနှင့် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ နှင့်အညီ ကျင်းပခဲ့သည့် ၂၀၁၀၊ ၂၀၁၅၊ ၂၀၂၀ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများနှင့် ကြားဖြတ်ရွေးကောက်ပွဲများကို တွေ့ကြုံဖြတ်သန်းခဲ့ကြရပြန်သည်။




၁၉၉၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် မဲပေးနေကြသူများကို တွေ့ရစဉ်။

### နိုင်သူအကုန်ယူသည့် (FPTP)စနစ်သာဖြစ်ခဲ့

ကမ္ဘာ့နိုင်ငံများတွင် ကျင့်သုံးလျက်ရှိသော ရွေးကောက်ပွဲစနစ်များတွင် မဲများသူ အနိုင်ရသည့်စနစ်(First Past the Post–FPTP)၊ အချိုးကျကိုယ်စားပြုစနစ် (Proportional Representation–PR)၊ တစ်စိတ်တစ်ပိုင်း အချိုးကျစနစ် (Semi–Proportional)တို့ရှိသည့်အနက် မြန်မာနိုင်ငံတွင် အတိတ်ကာလက ကျင်းပခဲ့သော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများမှာ နိုင်သူအကုန်ယူသည့်(FPTP)စနစ်သာ ဖြစ်ခဲ့သည်။

ထို့ကြောင့် ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲကြီးမားပြီး အနိုင်မခံ အရှုံးမပေးတတ်သည့် စိတ်အရင်းခံ ပြင်းထန်လေ့ရှိသော မြန်မာ့လူ့ဘောင်တွင် ရွေးကောက်ပွဲတိုင်းလိုလိုသည် အကြိတ်အနယ်ရှိလှသည်။ ပွတ်တိုက်မှုမျိုးစုံနှင့် အကွဲအပြဲများစွာကိုလည်း မကြာခဏကြုံတွေ့ခဲ့ကြရသည်။

ဒိုင်အာခီရွေးကောက်ပွဲကိစ္စကြောင့် ထိုခေတ်ထိုအခါက မြန်မာတစ်မျိုးသားလုံး၏ ရှေ့ဆောင်အသင်းကြီးဖြစ်သည့် ဂျီစီဘီအေအသင်းချုပ်ကြီးသည် နှစ်ခြမ်းကွဲသွားခဲ့သည်။ ဒိုင်အာခီအုပ်ချုပ်ရေးကို လက်ခံပြီး ရွေးကောက်ပွဲဝင်မည့် ဦးဘဘေ အပါအဝင် ထင်ရှားသည့် ဂျီစီဘီအေခေါင်းဆောင် ၂၁ ဦး( ၂၁ ဦးအဖွဲ့)နှင့် ဒိုင်အာခီရွေးကောက်ပွဲကို သပိတ် မှောက်မည့် ဦးချစ်လှိုင်၊ ဦးပုနှင့် ဦးထွန်းအောင်ကျော်(ဝံသာနုအဖွဲ့)တို့ အယူအဆပိုင်းဆိုင်ရာ ကွဲလွဲခဲ့ကြပြီး လမ်းခွဲခဲ့ကြသည်။

တကယ်တော့ ဒိုင်အာခီအုပ်ချုပ်ရေးသည် ပါလီမန်စနစ်ယောင်ယောင် ဟန်ဆောင် မျက်နှာဖုံးတပ်ထားသော အုပ်ချုပ်ရေးသာဖြစ်သည်။ ပါလီမန်အုပ်ချုပ်ရေးကဲ့သို့ တိုင်းသူ ပြည်သူများအား မဲဆန္ဒပေးခွင့်ပြုထားခြင်း၊ မင်းတိုင်ပင်အမတ်များ ပါဝင်သော ဥပဒေပြုလွှတ်တော်ထားရှိခြင်း၊ ဝန်ကြီးချုပ်ဟူ၍ခန့်ထားခြင်း အစရှိသော ပါလီမန်ဆန်ဆန် မွမ်းမံခြယ်လှယ်ထားသော်လည်း တိုင်းပြည်အုပ်ချုပ်သော တန်ခိုးအာဏာအစစ်အမှန်သည် ဘုရင်ခံနှင့်တကွ အရာရှိများလက်တွင်း၌သာ ရှိလေသည်။

### ကွဲကြပြဲကြပြန်

နိုင်ငံရေးခေါင်းဆောင်များ ထိုသို့ကွဲကြလေသောအခါ ပုဂ္ဂိုလ်ခင်မှ တရားမင်လေ့ရှိသည့် မြန်မာပြည်သူအချို့သည် ကွဲကြပြန်သည်။ ခွဲရေး၊ တွဲရေးကိစ္စပေါ်ပေါက်လာသောအခါတွင်မူ စိတ်ခံစားမှုပြင်းထန်သော မြန်မာ့လူ့အဖွဲ့အစည်းသည်ပိုလို့ပင် ကွဲကြ ပြဲကြပြန်သည်။

လွတ်လပ်ရေးရပြီးစတွင် ဖဆပလအဖွဲ့ချုပ်သည် နှစ်နှစ်ကြာသည်အထိ အတိုက်အခံ မည်မည်ရရ မရှိခဲ့သော်လည်း လွတ်လပ်ရေးရပြီးနောက် ပထမဆုံးကျင်းပသည့် ၁၉၅၂ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် ဆိုရှယ်နီခေါ် ဗမာပြည်အလုပ်သမား လယ်သမားပါတီ၊ ဗိုလ်ချုပ်အောင်ဆန်း၏ အစ်ကို ဦးအောင်သန်း ခေါင်းဆောင်သည့် ပြည်သူ့ငြိမ်းချမ်းရေးအဖွဲ့ပေါင်းစု၊ နိုင်ငံရေးလက်ဟောင်းသမားကြီးများဖြစ်ကြသည့် ဘကြီး ဘဘေ၊ ဒေါက်တာ ဘမော်၊ သခင်ဗစိန် အပါအဝင် ပါတီအဖွဲ့အစည်းပေါင်းစုံတို့က ဖဆပလကို စိန်ခေါ်ယှဉ်ပြိုင်အရွေးခံခဲ့ကြသည်။ မဲပေးသူ ၆၀ ရာခိုင်နှုန်းက ဖဆပလ အမတ်လောင်းများကို မဲပေးခဲ့ကြသည်။ လွှတ်တော်အမတ် ၂၃၃ နေရာအနက် ဖဆပလက နေရာ ၁၈၀ ရရှိခဲ့ပြီး အတိုက်အခံပေါင်းစုံက ၅၃ နေရာရခဲ့ကြသည်။ သို့ရာတွင် အတိုက်အခံပါတီအချို့က ရွေးကောက်ပွဲသည် တရားမျှတမှုမရှိဟူသည့် စွပ်စွဲချက်များထွက်ပေါ်လာသည်။ နယ်များတွင် အတိုက်အခံအမတ်လောင်းများနှင့် ကိုယ်စားလှယ်များ အသတ်ခံရသည်ဟူသည့် သတင်းများလည်း ထွက်ပေါ်ခဲ့သည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲကို ၁၉၅၆ ခုနှစ်တွင် ကျင်းပခဲ့ရာ အတိုက်အခံအင်အားစုများသည် ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားညီညွတ်ရေးတပ်ပေါင်းစု (ပမညတ) ဖွဲ့စည်းတည်ဆောက်၍ ဖဆပလကို ယှဉ်ပြိုင်ခဲ့သည်။ ထိုခေတ်ကာလတွင် ဖဆပလအဖွဲ့ဝင်အချို့၏ မသမာမှုများကြောင့်တစ်ကြောင်း၊ ပမညတက ပြည်တွင်းစစ် ရပ်စဲရေးကြွေးကြော်သံကြောင့်တစ်ကြောင်း ပမညတမှာ ပြည်သူကြားတွင် ရေပန်းစားလာသည်။ ရွေးကောက်ပွဲတွင် ဖဆပလကအမတ် ၁၄၄ နေရာ၊ ပမညတက ၄၆ နေရာတို့ဖြင့် ဖဆပလက အပြတ်အသတ်အနိုင်ရရှိခဲ့သော်လည်း မဲအရေအတွက်မှာမူ ကွာဟမှုသိပ်မရှိခဲ့ချေ။

*စာမျက်နှာ ၉ သို့*

*စာမျက်နှာ ၈ မှ*

၁၉၅၆ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် ဖဆပလကအနိုင်ရရှိခဲ့သော်လည်း နောက်ဆက်တွဲ ဂယက်ရိုက်ခတ်မှုများစွာ ဖြစ်ပေါ်ခဲ့သည်။ ရွေးကောက်ပွဲတွင် ပမညတ အမတ်လောင်း သခင်လွင်အတွက် ဆောင်ရွက်ပေးနေသည့် ရဲဘော်လေးဦး အသတ်ခံရမှုဖြစ်ပွားခဲ့ပြီး မင်းလုလေးလောင်းပြိုင်သတ်မှုအဖြစ် ဟိုးလေးတကျော်ကျော် ဖြစ်ခဲ့သည်။

### သန့်ရှင်း၊ တည်မြဲ နှစ်ခြမ်းကွဲ

ထို့အပြင် အတိုက်အခံပမညတ အင်အားကြီးမားလာခြင်းနှင့်ပတ်သက်၍ ဖဆပလခေါင်းဆောင်များဖြစ်ကြသည့် ဦးကျော်ငြိမ်း၊ ဦးဗဆွေတို့နှင့် ဦးနုတို့ တစ်ဖက်နှင့် တစ်ဖက်သဘောထားကွဲလွဲမှုများ ဖြစ်ပေါ်ခဲ့ကြသည်။ ဦးနုက အတိုက်အခံပမညတတို့လူထုထောက်ခံမှု ဆန္ဒမဲတိုးတက်လာခြင်းမှာ ဖဆပလအဖွဲ့အတွင်း အာဏာအလွဲသုံးစားမှုများ၊ ခြစားမှုများ၊ လူထုအပေါ် ခေါင်းပုံဖြတ်မှုများကြောင့်ဟု ထင်မြင်ယူဆပြီး သန့်ရှင်းရေးလုပ်ရမည်ဟုဆိုသည်။ ထို့နောက်တွင် ဖဆပလအဖွဲ့ကြီးသည် သန့်ရှင်း၊ တည်မြဲဟူ၍ နှစ်ခြမ်းကွဲခဲ့ရလေသည်။

အစိုးရအဖွဲ့ထဲက ဆွေငြိမ်းအုပ်စုဝင် ဝန်ကြီးများက နုတ်ထွက်သွားခဲ့ကြပြီး ဦးနုအစိုးရကို လွှတ်တော်တွင် အယုံအကြည်မရှိ အဆိုတင်သွင်း၍ မဲခွဲကြသည်။ ပမညတက သန့်ရှင်းဘက်သို့ ထောက်ခံမဲပေးခဲ့ကြ၍သာ ဦးနုအစိုးရသည် ရှစ်မဲဖြင့်ကပ် အနိုင်ရခဲ့ပြီး အယုံအကြည်မရှိအဆိုကို ကျော်လွှားနိုင်ခဲ့သည်။

၁၉၆၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင်မူ မဲဆန္ဒနယ် ၂၅၀ အနက် ဦးနု၏ သန့်ရှင်းဖဆပလ ခေါ် ပြည်ထောင်စု ပါတီ(ပထစ)က ၂၀၃ နေရာ၊ တည်မြဲ ဖဆပလက ၃၉ နေရာ အနိုင်ရရှိခဲ့ပြီး အတိုက်အခံပမညတမှာမူ ရေးမြို့တစ်နေရာမှာပင် အနိုင်ရရှိခဲ့ကာ မရှုမလှအရေးနိမ့်ခဲ့ရလေသည်။

သို့ရာတွင် အာဏာရ ပထစပါတီအတွင်းမှာလည်း ဦး၊ ဗိုလ်၊ သခင်အုပ်စုများ အကွဲအပြဲ ပေါ်ပေါက်လာခဲ့ရုံမက တိုင်းရင်းသားလူမျိုးစုခေါင်းဆောင်များနှင့် ဖက်ဒရယ်အရေးကိစ္စအကျပ်အတည်းများပါ ပေါ်ပေါက်လာခဲ့ပြီးနောက်တွင် တော်လှန်ရေးကောင်စီ (တပ်မတော်)က အာဏာသိမ်းယူခဲ့ရာမှ ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲများသည် မြန်မာနိုင်ငံ၌ ကာလအတန်ကြာ ကွယ်ပျောက်သွားခဲ့လေသည်။

### အဟောသိကံဖြစ်သွားခဲ့

ယင်းနောက် ၁၉၈၈ ခုနှစ် ဒီမိုကရေစီလူထုအရေးတော်ပုံအပြီး နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ တပ်မတော်အစိုးရခေတ်တွင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ၁၉၉၀ ပြည့်နှစ် မေလ ၂၇ ရက်နေ့တွင် ပြန်လည်ကျင်းပပေးခဲ့ရာ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီက မဲဆန္ဒနယ်မြေ ၄၄၇ နေရာအနက် ၃၉၂ နေရာ အနိုင်ရရှိခဲ့သည်။ သို့ရာတွင် နဝတအစိုးရဘက်က ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေး၊ အမျိုးသားညီလာခံတက်ရောက်ရေး အယူအဆတောင်းဆိုမှုများက တစ်ဖက်၊ အနိုင်ရပါတီ NLD က လွှတ်တော်ခေါ်ယူရေး၊ အစိုးရဖွဲ့စည်းရေးအယူအဆ တောင်းဆိုမှုများက တစ်ဖက်၊ ထိုသို့တစ်ဖက်နှင့်တစ်ဖက် ထိပ်တိုက်ရင်ဆိုင်မှုများဖြင့် ၁၉၉၀ ရွေးကောက်ပွဲရလဒ်သည် လိပ်ခဲတည်းလည်း အဟောသိကံဖြစ်သွားခဲ့လေသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ၂၀၁၀ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ကျင်းပပေးခဲ့ရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီက အနိုင်ရရှိခဲ့ပြီး ရွေးကောက်ခံ အစိုးရဖြစ်လာသည်။ ပြည်သူက ရွေးချယ်တင်မြှောက်လိုက်သည့် လွှတ်တော်ကိုယ်စားလှယ်များနှင့် ဒီမိုကရေစီ၏ပြယုဂ် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များ ပြန်လည် သက်ဝင်ပေါ်ပေါက်လာသည်။ တစ်ပါတီစနစ်အောက်တွင် ၁၄ နှစ်၊ တပ်မတော်အစိုးရအောက်တွင် ၂၃ နှစ်နေခဲ့ရသော မြန်မာပြည်အတွက် ဥပဒေပြုရေးအဖွဲ့အစည်းလွှတ်တော်များ ပေါ်ပေါက်လာခြင်း ဖြစ်ပေသည်။ အတိုက်အခံ NLD ပါတီကမူ No Vote လှုပ်ရှားမှုများဖြင့် ၂၀၁၀ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို သပိတ်မှောက်ခဲ့လေသည်။

**❋ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ကျင်းပပေးခဲ့**

**❋ ပြည်သူက ရွေးချယ်တင်မြှောက်လိုက်သည့် လွှတ်တော်ကိုယ်စားလှယ်များနှင့် ဒီမိုကရေစီ၏ပြယုဂ် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များ ပြန်လည် သက်ဝင်ပေါ်ပေါက်လာသည်။ တစ်ပါတီစနစ်အောက်တွင် ၁၄ နှစ်၊ တပ်မတော်အစိုးရအောက်တွင် ၂၃ နှစ်နေခဲ့ရသော မြန်မာပြည်အတွက် ဥပဒေပြုရေးအဖွဲ့အစည်းလွှတ်တော်များ ပေါ်ပေါက်လာခြင်း ဖြစ်ပေသည်**



၂၄-၁၂-၂၀၂၁ရက်က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများ ရွေးကောက်ပွဲစနစ်ဆိုင်ရာဆွေးနွေးပွဲ ကျင်းပစဉ်။

၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲတွင်မူ သမ္မတ ဦးသိန်းစိန်က အတိုက်အခံ NLD ပါတီအား နိုင်ငံရေးပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်အတွင်းပါဝင်ရန် ဖိတ်ခေါ်ကမ်းလှမ်းခဲ့ပြီး ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် ဥပဒေနှင့်နိုင်ငံရေးအရ လိုအပ်ချက်အချို့ကို ပြင်ဆင်လမ်းဖွင့်ပေးခဲ့၍ NLD ပါတီ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ လစ်လပ် မဲဆန္ဒနယ် ၄၅ နေရာအနက် ၄၃ နေရာအနိုင်ရရှိခဲ့သည်။ ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင်လည်း NLD ပါတီသည် သောင်ပြိုကမ်းပြို အပြတ် အသတ်အနိုင်ရရှိခဲ့ပြီး ရွေးကောက်ခံအစိုးရတစ်ရပ်ဖြစ်လာခဲ့သည်။

### အငြင်းပွားမှုများပေါ်ပေါက်

ပြီးခဲ့သည့် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင်မူ အာဏာရပါတီ NLD ၏ ရွေးကောက်ပွဲရလဒ်နှင့် ပတ်သက်၍ အငြင်းပွားမှုများ ပေါ်ပေါက်လာသည်။ ထို့အတူ ရွေးကောက်ပွဲအကြို ကိုဗစ်- ၁၉ ကာလအတွင်း နိုင်ငံရေးပါတီများ မဲဆွယ်ရေး လုပ်ငန်းများစတင်သည်နှင့် ပါတီအချို့က မဲဆွယ်စည်းရုံးရေးဆိုင်ရာ အခွင့်အရေးများနှင့်ပတ်သက်၍ မျှတမှုမရှိဟု စောဒကတက်မှုများလည်း ရှိလာသည်။ ထို့ပြင် ၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံအခြေခံ ဥပဒေအရ လက်ရှိသမ္မတ(သို့)ဒုတိယသမ္မတသည် နိုင်ငံရေးပါတီတစ်ခု၏အဖွဲ့ဝင်ဖြစ်လျှင် ၎င်းတို့အနေဖြင့် နိုင်ငံတော်ရာထူးတာဝန်ယူထားသည့် သက်တမ်းကာလအတွင်း ပါတီလှုပ်ရှားမှုများတွင် ပါဝင်ခြင်းမရှိရဟူသည့် ပုဒ်မနှင့် ပတ်သက်၍ လည်းကောင်း၊ ထိုစဉ်က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ပဋိပက္ခ ဖြစ်ပွားရာဒေသများတွင် ရွေးကောက်ပွဲများအား ဖျက်သိမ်းရာ၌ ကြောင်းကျိုး ညီညွတ်မျှတမှုမရှိဘဲ ဆောင်ရွက်ခဲ့မှုတို့ကြောင့်လည်းကောင်း၊ အာဏာရပါတီအပေါ် တိုင်းရင်းသား ပါတီအချို့နှင့် ပါတီငယ်အချို့တို့၏ ဝေဖန်အငြင်းပွားမှုများလည်း ပေါ်ပေါက်လာခဲ့သည်။

တပ်မတော်က မဲစာရင်းများနှင့် မဲရလဒ်များ အငြင်းပွားမှုအပေါ် ပြန်လည်စိစစ် ဖြေရှင်းပေးရန် တောင်းဆိုခဲ့သော်လည်း အာဏာရပါတီ NLD က တုံ့ဏှိဘာဝေမသိ ကျိုးကျွန်ပြုရင်း ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် လွှတ်တော်ခေါ်ယူ၍ အစိုးရသစ်တစ်ရပ်ဖွဲ့စည်းရန် ကြိုးပမ်းလာသည်မှအစပြု၍ ရွေးကောက်ပွဲအငြင်းပွားမှုများက ပိုမိုပြင်းထန်လာသည်။

ထို့နောက်တွင် တပ်မတော်က ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အရေးပေါ်အခြေအနေ ကြေညာပြီး ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် နိုင်ငံတော်၏တာဝန်ကို ထိန်းသိမ်းဆောင်ရွက်ခဲ့လေသည်။ တပ်မတော်သည် နိုင်ငံတော် တာဝန်ကိုခေတ္တတာဝန်ယူစဉ်အတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ အိမ်စောင့်အစိုးရတစ်ရပ်ကို ဖွဲ့စည်း၍ နိုင်ငံတော်ကို ဒီမိုကရေစီလမ်းကြောင်းမှ သွေဖည်မည်မဟုတ်ကြောင်း၊ အရေးပေါ်ကာလပြီးဆုံးပါက တရားမျှတသည့် ရွေးကောက်ပွဲများ ကျင်းပသွားမည်ဖြစ်ကြောင်းလည်း အတိအလင်း ပြောကြားခဲ့သည်။

လက်ရှိကာလတွင် မြန်မာနိုင်ငံနှင့်သင့်လျော်ကိုက်ညီသည့် ရွေးကောက်ပွဲစနစ်တစ်ရပ်ဟုဆိုသည့် အချိုးကျကိုယ်စားပြုစနစ်ကို ပြောင်းလဲကျင့်သုံးရေးအတွက် လက်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများ တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်လျက်ရှိသည်ကို တွေ့ရသည်။

### သင့်လျော်ကိုက်ညီသည့် ရွေးကောက်ပွဲစနစ်

အတိတ်ကာလကကျင်းပခဲ့သည့် အထွေထွေရွေးကောက်ပွဲများတွင် ကျင့်သုံးခဲ့သော နိုင်သူအကုန်ယူသည့်(FPTP) စနစ်သည် လွှတ်တော်အတွင်း အနိုင်ရပါတီတစ်ခုတည်းကို လွှမ်းမိုးသွားစေကာ ပါတီငယ်များ၊ လူမျိုးစု၊ လူနည်းစုများ၊ တစ်သီးပုဂ္ဂလများ ဘေးရောက်သွားစေသည့် မမျှတမှုများဖြစ်ပေါ်လာစေကာ မဏ္ဍိုင်သုံးရပ်အတွင်း အပြန်အလှန်ထိန်းကျောင်းမှုပါ ပျက်ယွင်းစေသည်၊ အချိုးကျ ကိုယ်စားပြုစနစ် (PR)သည် လူမျိုးစုများ၊ နိုင်ငံရေးပါတီများ အများအပြားရှိနေသည့် ပြည်ထောင်စုပုံစံဖွဲ့စည်းထားသည့် နိုင်ငံများအဖို့ ပို၍ဒီမိုကရေစီနည်းလမ်းကျသည် စသဖြင့် သုံးသပ်ယူဆချက်များလည်း ထွက်ပေါ်လာသည်။

မည်သို့ဆိုစေ ရွေးကောက်ပွဲများသည် ဒီမိုကရေစီ စနစ်ကျင့်သုံးဖို့ရန်အတွက် မရှိမဖြစ်လိုအပ်သည့် Essential Condition တစ်ခုပင်ဖြစ်သည်။ ဒီမိုကရေစီစနစ်သို့ သွားမည်ဆိုလျှင် ရွေးကောက်ပွဲလမ်းကြောင်းကို မလွဲမသွေဖြတ်သန်းကြရပါမည်။ နိုင်သူအကုန်ယူသည့်(FPTP) စနစ်ပဲဖြစ်ဖြစ်၊ အချိုးကျကိုယ်စားပြု(PR) စနစ်ပင်ဖြစ်စေ အတိတ်ကာလရွေးကောက်ပွဲသင်ခန်းစာများအရ မြန်မာနိုင်ငံနှင့် သင့်လျော်ကိုက်ညီသည့် ရွေးကောက်ပွဲစနစ်ဖြစ်ဖို့သာ လိုအပ်သည်။

ထို့အတူ တိုင်းရေးပြည်မှုများကို ဦးဆောင်ဦးရွက်ပြုပြီး စီမံခန့်ခွဲကြမည့် ခေါင်းဆောင်လောင်းများသည် သာမန်လူအဆင့်ထက်ပို၍ မြင့်မားသော ကိုယ်ရည် ကိုယ်သွေး၊ ဉာဏ်ရည်ဉာဏ်သွေးနှင့် အကျင့်သိက္ခာပိုင်းကအစ အရည်အချင်းပြည့်ဝနေရေးနှင့် ပြည်သူလူထုကလည်း ပြည်သူ့ကိုယ်စား တိုင်းရေးပြည်မှုများက စီမံခန့်ခွဲကြမည့် ပြည်သူ့ကိုယ်စားလှယ်များကို လူမှန်နေရာမှန် ရွေးကောက်တင်မြှောက်နိုင်စွမ်းရှိဖို့သာ အဓိကကျသည်။ မြန်မာနိုင်ငံတွင် ဒီမိုကရေစီစနစ်နှင့် တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများ အစွန့်ရှည်တည်တံ့စေရေးအတွက် နိုင်ငံသားအားလုံး စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ်ပူးပေါင်းပါဝင် တည်ဆောက်သွားကြစေလိုပါသည်။ ။

(၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အကြိုဂုဏ်ပြုဆောင်းပါး

# ငြိမ်းချမ်းသာယာအေးချမ်းဖို့ ပြည်ထောင်စုစိတ်ဓာတ်မွေးကြစို့

မောင်သောင်းဝင်း(တမန်ဟောင်း)

၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့သည် (၇၅) နှစ်မြောက် စိန်ရတု ပြည်ထောင်စုနေ့ဖြစ်သည်။ တိုင်းပြည်လွတ်လပ်ရေးအတွက် များစွာအရေးပါသည့် ပင်လုံစာချုပ်ကို ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် လက်မှတ်ရေးထိုးနိုင်ခဲ့သည်။ တိုင်းရင်းသားညီအစ်ကိုများအကြား၊ တောင်တန်းနှင့် ပြည်မအကြား ချစ်ကြည်ရင်းနှီးမှု တည်ဆောက်နိုင်ခဲ့သည်။ တိုင်းရင်းသားစည်းလုံးညီညွတ်မှုစွမ်းပကားဖြင့် နယ်ချဲ့တို့ကို တိုင်းပြည်အတွင်းမှ မောင်းထုတ်နိုင်ခဲ့သည်။ နယ်ချဲ့တို့သည် တိုင်းပြည်အတွင်းမှ ထွက်ခွာသွားရသော်လည်း တိုင်းရင်းသားညီအစ်ကိုများအကြားတွင် သပ်လျှိုသွေးခွဲသည့် မျိုးစေ့ကို ချထားခဲ့သည်။ လက်ရှိအချိန်အထိ ထာဝရငြိမ်းချမ်းရေး တည်ဆောက်နိုင်စွမ်း မရှိသေးပေ။ များစွာကြိုးပမ်းရဦးမည်ဖြစ်သည်။

## အားလုံးအတွက် ထာဝရငြိမ်းချမ်းရေး

အမှန်တော့ ပင်လုံစာချုပ်ဖြင့် တိုင်းရင်းသား စည်းလုံး ညီညွတ်မှု တည်ဆောက်နိုင်ခဲ့သော်လည်း လွတ်လပ်ရေးရရှိပြီး နောက်ပိုင်း ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုများအကြား စိတ်ဝမ်းကွဲပြားခဲ့ကြသည်။ နယ်ချဲ့တို့၏ သပ်လျှိုသွေးခွဲမှုကြောင့် အစိုးရအပေါ် လက်နက်စွဲကိုင်တော်လှန်ခဲ့ကြသည်။ ထို့ကြောင့် လက်ရှိအချိန်အထိ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၀ ဖွဲ့သာလျှင် NCA လက်မှတ်ရေးထိုးနိုင်သေးသည်။ ကျန်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များသည် NCA တွင် ပါဝင် လက်မှတ်ရေးထိုးရန် ကျန်ရှိနေဆဲဖြစ်သည်။ ထို့ကြောင့် တိုင်းရင်းသားညီအစ်ကိုများအကြား ပြည်ထောင်စုစိတ်ဓာတ်ကို အခြေခံသွားမှသာလျှင် ထာဝရငြိမ်းချမ်းရေး တည်ဆောက်နိုင်မည်ဖြစ်သည်။

အထူးသဖြင့် တပ်မတော်သည် ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ စစ်ရေးဆိုင်ရာ လှုပ်ရှားမှုများကို ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၂၁ ရက်မှစတင်၍ ရပ်ဆိုင်းခဲ့ပြီး ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်အထိ ဆက်လက်ရပ်ဆိုင်းထားရှိမည်ဖြစ်သည်။ ထို့အပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့်လည်း ၂၀၂၂ ခုနှစ် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ တိုးတက်မှုရှိအောင် တိုင်းရင်းသားအဖွဲ့အစည်းများနှင့် ထိတွေ့ဆက်ဆံဆွေးနွေးလျက်ရှိသည်။ ညီနောင် တိုင်းရင်းသားများအနေဖြင့် တိုင်းပြည်အတွင်း ငြိမ်းချမ်းရေးအမှန်တကယ် တည်ဆောက်သွားလိုလျှင် လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်သင့်ပြီဖြစ်သည်။ အစိုးရနှင့် အကျေအလည် ဆွေးနွေးသင့်ပြီဖြစ်သည်။ ညီအစ်ကိုများအကြား မတူညီမှုများကို ဖယ်ရှားလျက် တူညီသည့် အကြောင်းအရာများမှ စတင်ဆွေးနွေးသင့်ပြီဖြစ်သည်။

တိုင်းရင်းသားညီအစ်ကိုများအကြား အပြန်အလှန်နားလည်ခွင့်လွှတ်မှု၊ ယုံကြည်မှုတို့ကို အခြေခံလျက် စည်းလုံးညီညွတ်မှုကို တည်ဆောက်သွားကြရန်လိုအပ်သည်။ တိုင်းပြည်အတွင်းငြိမ်းချမ်းရေး တစ်ရက်စောပြီး တည်ဆောက်နိုင်လျှင် ပြည်သူများအတွက် တစ်ရက်စောပြီး အကျိုးရှိနေမည်ဖြစ်သည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သည် မြန်ဆန်လေ ကောင်းမွန်လေပင်ဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ တိုင်းရင်းသားညီအစ်ကိုများအကြား ၁၉၄၇ ခုနှစ်က ပင်လုံတွင် တည်ဆောက်ခဲ့သော စည်းလုံးညီညွတ်မှုမျိုး၊ နားလည်ယုံကြည်မှု ပုံစံမျိုးကို ပြန်လည်ရရှိအောင် တည်ဆောက်သွားသင့်ပါသည်။

သို့သော် ၂၀၂၀ပြည့်နှစ်အထွေထွေရွေးကောက်ပွဲတွင် ကြီးမားသော မဲမသမာမှု ဖြစ်ပေါ်ခဲ့ရာမှ လက်ရှိအချိန်တွင် CRPH နှင့် NUG တို့၏ သွေးထိုးလှုံ့ဆော်မှုများ၊ ပြည်ပနိုင်ငံများ၏ သွေးထိုးလှုံ့ဆော်မှုများကြောင့် NLD အစွန်းရောက်များနှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများက ဒေသအချို့တွင် ဆူပူအကြမ်းဖက်တိုက်ခိုက်မှုများ လုပ်ဆောင်လျက်ရှိကြသည်။ ပြည်သူပိုင် လမ်း၊ တံတား၊ စာသင်ကျောင်းများ၊ တပ်၊ လုံခြုံရေးစခန်းများကို မီးရှို့ဖျက်ဆီးခြင်း၊ ဗုံးခွဲတိုက်ခိုက်ခြင်း၊ ဆရာ ဆရာမများ၊ ရဟန်းသံဃာတော်များနှင့် အပြစ်မဲ့ပြည်သူများကို အကြောင်းမဲ့သတ်ဖြတ်ခြင်းများကို လူမဆန်စွာ လုပ်ဆောင်လျက်ရှိကြသည်။ ကိုဗစ်-၁၉ ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် ကျန်းမာရေးဝန်ထမ်းများကို လူမဆန်စွာ သတ်ဖြတ် လျက်ရှိကြသည်။ ထိုသို့ အကြမ်းဖက်မှုများ လုပ်ဆောင်နေခြင်းသည် ဒီမိုကရေစီနှင့် လုံးလုံးလျားလျားဆန့်ကျင်လျက်ရှိသည့်အပြင် အေးချမ်းစွာနေထိုင်လိုသော ပြည်သူများကိုလည်း ဒုက္ခပေးနေသလိုဖြစ်နေသည်။

## စုပေါင်းလုပ်ဆောင်သင့်

တိုင်းရင်းသားစည်းလုံးညီညွတ်မှုသည် နိုင်ငံတစ်နိုင်ငံ အေးချမ်းတည်ငြိမ်မှုနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲနေစေရန်အတွက် အသက်တမျှအရေးပါလျက်ရှိသည်။ စည်းလုံးညီညွတ်မှုအင်အား ချည့်နဲ့ယိုယွင်းလာသော နိုင်ငံသည် အဘက်ဘက်မှ အနုတ်လက္ခဏာဆောင်လာမည်ဖြစ်သည်။ ထို့အပြင် စည်းလုံးညီညွတ်မှုပြိုကွဲလျှင် နိုင်ငံလည်း အစိတ်စိတ်အမြွှာမြွှာ ပြိုကွဲသွားနိုင်ပေသည်။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးသည် နိုင်ငံတစ်နိုင်ငံတိုးတက်ရေးတွက် မောင်းနှင်အားတစ်ရပ်ပင်ဖြစ်သည်။ ထို့ကြောင့် တိုင်းရင်းသားညီအစ်ကိုများအကြား သံသယများဖယ်ရှားကာ ထာဝရငြိမ်းချမ်းရေးရရှိအောင် တည်ဆောက်သွားရန် လိုအပ်နေမည်ဖြစ်သည်။ တိုင်းရင်းသားညီအစ်ကိုများအကြား ရေပက်မဝင်သော စည်းလုံးညီညွတ်မှုကိုသာ ခိုင်မာစွာ တည်ဆောက်ထားနိုင်မည်ဆိုလျှင် တိုင်းပြည်အင်အား တောင့်တင်းခိုင်မာနေမည်ဖြစ်သည်။ အင်အားတောင့်တင်းခိုင်မာနေသောနိုင်ငံကို မည်သည့်နိုင်ငံကမျှ ကျူးကျော်ရန်စဝံ့မည်မဟုတ်ချေ။ ဆိုလိုသည်မှာ ထိုနိုင်ငံသည် စည်းလုံးညီညွတ်မှုစွမ်းအားဖြင့် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို အမြဲတစေ ထိန်းသိမ်းထားနိုင်မည်ဖြစ်သည်။

လွတ်လပ်ရေးဗိသုကာ ဗိုလ်ချုပ်အောင်ဆန်းက တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် တိုင်းပြည်တည်ဆောက်ရေးတို့တွင် စုပေါင်းအားဖြင့် ကြိုးပမ်းအားထုတ်ရေးအတွက် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၁ ရက်ညက ပင်လုံမြို့၌ပြုလုပ်သည့် စော်ဘွားများ ထမင်းစားပွဲတွင် မြွက်ကြားခဲ့သည့် အချက်များ အနက်မှအချို့ကို ကောက်နုတ်ဖော်ပြရလျှင် **“တစ်တိုင်းပြည်လုံး ကြီးပွားတိုးတက်စေချင်ရင် လူအား၊ ငွေအား၊ ပစ္စည်းအားနဲ့ပူးပေါင်းပြီး အင်တိုက်အားတိုက်လုပ်နိုင်မှ အကျိုးခံစားခွင့်ရှိကြမှာပဲ။ ဗမာကတစ်မျိုး၊ ကရင်ကတစ်ဖုံ၊ ကချင်၊ ချင်းတို့ကတခြား အကွဲကွဲအပြားပြား လုပ်နေကြရင် အကျိုးရှိမှာ မဟုတ်ဘူး။ စုပေါင်းလုပ်ကြမှသာ အကျိုးရှိနိုင်မယ်”** ဟု တိုက်တွန်းပြောကြားခဲ့သည်။

## ပင်လုံစိတ်ဓာတ်ကို အခြေခံသင့်

စင်စစ်အားဖြင့် ရှေးနှစ်ပေါင်းများစွာကတည်းက တစ်မြေတည်းနေ၊ တစ်ရေတည်း သောက်၊ မရှိအတူ ရှိအတူ၊ အေးအတူပူအမျှ အတူတကွနေခဲ့ကြသည့် တိုင်းရင်းသားညီအစ်ကိုများသည် လွတ်လပ်ရေးရရှိပြီးနောက်ပိုင်း သာတူညီမျှ အခွင့်အရေးမရရှိကြဘူးဆိုသော အမြင်သဘောထားများ ကိန်းအောင်းလာကြသည်။ ထိုသဘောထားကြောင့် တိုင်းရင်းသားညီအစ်ကိုများသည် ယနေ့အချိန်အထိ စိတ်ဝမ်းကွဲပြားနေကြဆဲ ၊ လက်နက်စွဲကိုင်တော်လှန်နေကြဆဲပင်ဖြစ်သည်။ ထို့ကြောင့် အစိုးရအဆက်ဆက်သည် တိုင်းရင်းသားညီအစ်ကိုများနှင့် စည်းလုံးညီညွတ်မှု တည်ဆောက်ခဲ့ကြသည်။ စိတ်ရှည်သည်းခံစွာဖြင့် အလျှော့၊ အတင်းလုပ်ခဲ့ကြသည်။ ချော့တစ်ခါခြောက်တစ်လှည့် လုပ်ခဲ့ရသည်။ စားပွဲဝိုင်းတွင် အပြန်ပြန် အလှန်လှန်ဆွေးနွေးခဲ့ကြသည်။ စင်စစ်အားဖြင့် ပြည်ထောင်စုကြီးအတွင်း မှီတင်းနေထိုင်လျက်ရှိသော နိုင်ငံသားအားလုံး သာတူညီမျှ အခွင့်အလမ်းများ ခံစားခွင့်ရှိကြောင်း ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ခုနှစ်တွင် အတိအလင်း ပြဋ္ဌာန်းထားရှိသည်။

အထူးသဖြင့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ အစည်းအဝေးများတွင် ပြည်ထောင်စုသဘောတူညီချက် အစိတ်အပိုင်း ၁၊၂ ၊ ၃တို့အရ စုစုပေါင်း သဘောတူညီချက် ၇၁ ချက်ကို လက်မှတ်ရေးထိုးနိုင်ခဲ့ပြီဖြစ်သည်။ ထိုသဘောတူညီချက်များသည် ထာဝရငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုတည်ဆောက်ရေးအတွက် အခြေခံမှုများပင်ဖြစ်သည်။ မည်သို့ပင်ဆိုစေ တိုင်းရင်းသားညီအစ်ကိုများအကြား ပင်လုံတွင် သန္ဓေတည်ခဲ့သော စည်းလုံးညီညွတ်မှုကို အခြေခံ၍ ငြိမ်းချမ်းရေး တည်ဆောက်သွားမည်ဆိုလျှင် မြေကြီးလက်ခတ်မလွဲ အောင်မြင်မှုရရှိလိမ့်မည့်အပြင် တိုင်းရင်းသားအားလုံး လိုလားတောင့်တနေသည့် ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုကြီးကိုလည်း အခိုင်အမာ တည်ဆောက်နိုင်မည်ဖြစ်သည်။

## ငြိမ်းချမ်းသာယာအေးချမ်းဖို့ ပြည်ထောင်စုစိတ်ဓာတ်မွေးကြစို့

“စိတ်ဓာတ်ဆိုသည်မှာ စိတ်ထား၊ သဘောထား၊ နှလုံးသွင်းပုံနှင့် စိတ်၏အမူအကျင့်ဖြစ်သည်” ဟု မြန်မာ့အဘိဓာန် အကျဉ်းချုပ်တွင် ဖွင့်ဆိုထားသည်ကို လေ့လာမှတ်သားရသည်။ ပြည်ထောင်စုစိတ်ဓာတ်ဟူသည် ပြည်ထောင်စုကြီးတစ်ခုလုံးကို တစ်မိသားစုတည်း၊ တစ်အိမ်ထောင်တည်းဟု စွဲမြဲခိုင်မာစွာ လက်ခံမှတ်ယူထားသော သဘောထားခံယူချက်ပင် ဖြစ်သည်။ တစ်နည်းအားဖြင့်ဆိုသော် ပြည်ထောင်စုစိတ်ဓာတ်ဆိုသည်မှာ ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဥမကွဲသိုက်မပျက် အေးအတူပူအမျှ ပူးပေါင်းနေထိုင်လိုသည့် တစ်စည်းတစ်လုံးတည်းသောစိတ်ဓာတ်ပင် ဖြစ်ပေသည်။

မျက်မှောက်ခေတ် ကမ္ဘာ့နိုင်ငံအသီးသီးအား လေ့လာကြည့်မည်ဆိုပါက ပြည်ထောင်စုစိတ်ဓာတ်ကို ခိုင်မာစွာထိန်းသိမ်းထားနိုင်ခြင်းမရှိသော နိုင်ငံအချို့သည်ပြည်ပသြဇာလွှမ်းမိုးမှုအမျိုးမျိုးအကြားတွင် အချင်းချင်း သွေးကွဲလျက်ရှိသည်ကို စိတ်မချမ်းမြေ့ဖွယ်ရာ တွေ့မြင်နေရသည်။ ထိုသို့သွေးကွဲလာပါက ပြည်တွင်းပဋိပက္ခများ၊ စစ်ပွဲများဖြစ်ပွား၍ အင်အားချည့်နဲ့ ယိမ်းယိုင်ပြိုကွဲသွားသည်ကို သင်ခန်းစာယူဖွယ်တွေ့မြင်နေရသည်။ ထို့ကြောင့် ပြည်ထောင်စုဖွားတိုင်းရင်းသားအားလုံးသည် တိုင်းပြည်၏ မည်သည့်ဒေသတွင် နေထိုင်သည်ဖြစ်စေ တိုင်းရင်းသားညီအစ်ကို မောင်နှမများအကြား ကျဉ်းမြောင်းသည့်ဝါဒများနှင့် သံသယများကို ချေဖျက်ကာ ပြည်ထောင်စုစိတ်ဓာတ်အရင်းခံဖြင့် ချစ်ကြည်ရင်းနှီးမှုတည်ဆောက်ကာ ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ခိုင်မြဲရေးအတွက် အားလုံးပါဝင်ကြိုးပမ်းသွားရန် လိုအပ်ပါကြောင်း (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုရေးသားအပ်ပါသည်။ ။

**“တိုင်းပြည်အတွင်း ငြိမ်းချမ်းရေးတစ်ရက်စောပြီး တည်ဆောက်နိုင်လျှင် ပြည်သူများအတွက် တစ်ရက်စောပြီး အကျိုးရှိနေမည်ဖြစ်သည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သည် မြန်ဆန်လျှင် ကောင်းမွန်လေပင်ဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ တိုင်းရင်းသားညီအစ်ကိုများအကြား ၁၉၄၇ ခုနှစ်က ပင်လုံတွင် တည်ဆောက်ခဲ့သော စည်းလုံး ညီညွတ်မှုမျိုး၊ နားလည်ယုံကြည်မှုပုံစံမျိုးကို ပြန်လည်ရရှိအောင် တည်ဆောက်သွားသင့်”**



တောင်တန်း-ပြည်မ ပေါင်းစည်းညီညွတ်ရေးအတွက် ဗိုလ်ချုပ်အောင်ဆန်းနှင့် ကချင်ခေါင်းဆောင်များ တွေ့ဆုံဆွေးနွေးကြစဉ်။

# ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ဆောင်ရွက်နိုင်ငံ့ဝန်ထမ်းကောင်း ကျန်းမာရေးဝန်ထမ်းများဖြစ်အောင်ကြိုးစား

**မန္တလေး ဖေဖော်ဝါရီ ၄**

ပြည်သူ့ကျန်းမာရေးကြီးကြပ်(၂) တိုင်းဒေသကြီး အဆင့်သင်တန်း(ဒုတိယသုတ်) သင်တန်းဆင်းပွဲကို ယနေ့နံနက်ပိုင်းက ချမ်းမြသာစည်မြို့နယ်ရှိ သူနာပြု သင်တန်းကျောင်း (မန္တလေး)တွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကိုနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် သင်တန်းသူသင်တန်းသားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုအတွက် ပြည်သူ့ကျန်းမာရေးကြီးကြပ်(၂)ဝန်ထမ်းများသည် ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အခြေခံအကျဆုံးနေရာတွင်ပါဝင်သော အခြေခံကျန်းမာရေးပညာရှင်တစ်မျိုးဖြစ်ကာ ရောဂါနှိမ်နင်းရေးလုပ်ငန်းတာဝန်များကို အဓိကထား ဆောင်ရွက်ရသော ကျန်းမာရေးဝန်ထမ်းများ ဖြစ်ပါကြောင်း၊ ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ဆောင်ရွက်ပြီး ပြည်သူလူထုမှ အားကိုးအားထားရသော နိုင်ငံ့ဝန်ထမ်းကောင်း ကျန်းမာရေးဝန်ထမ်းများ ဖြစ်အောင်ကြိုးစားသွားကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားခဲ့သည်။ **(ဓာတ်ပုံ)**



ဆက်လက်၍တိုင်းဒေသကြီး ဝန်ကြီးချုပ်က သင်တန်းသူ သင်တန်းသားများအတွက် သင်တန်းဆင်း ဂုဏ်ပြုချီးမြှင့်ငွေကျပ် ၂၀၇၀၀၀၀ ကျပ်ကို ပေးအပ်၍ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးမှူး ဒေါက်တာ ဝင်းနိုင်က ကျေးဇူးတင်စကား ပြောကြားပြီးနောက် ဝန်ကြီးချုပ်နှင့်အဖွဲ့သည် သင်တန်းသား သင်တန်းသူများအား ရင်းနှီးစွာ လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ညောင်ရွှေမြို့နယ်၌ အသိပညာပေး နယ်လှည့်လှုပ်ရှားမှု ကွင်းဆင်းဆောင်ရွက်

**ညောင်ရွှေ ဖေဖော်ဝါရီ ၄**

ညောင်ရွှေမြို့နယ်ရှိ အခြေခံပညာကျောင်းသား ကျောင်းသူလေးများ အသိပညာဗဟုသုတတိုးပွားလာစေရန်နှင့် စာဖတ်ခြင်း အလေ့အထကောင်းများ ရရှိလာစေရန် ရည်ရွယ်ချက်ဖြင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေမျိုးသူရိန်နှင့် ဝန်ထမ်းများက အခြေခံပညာ ကျောင်းများသို့ သွားရောက်၍ ဟောပြောပွဲများ ဆောင်ရွက်ခြင်း၊ နယ်လှည့်စာကြည့်တိုက်ဖွင့်လှစ်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၄ ရက် နံနက် ၉ နာရီခွဲက ညောင်ရွှေမြို့နယ် တောင်ခြေမြင်းစာခွန့်ကျေးရွာအုပ်စု ဝါးတော်အခြေခံပညာ မူလတန်းကျောင်း၌ နယ်လှည့်လှုပ်ရှားမှု ကွင်းဆင်းဆောင်ရွက်သည်။

ဦးစွာ မြို့နယ်ဦးစီးမှူးက နယ်လှည့်လှုပ်ရှားမှု ကွင်းဆင်းဆောင်ရွက်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ကျောင်းသား ကျောင်းသူလေးများအတွက် မှတ်ဉာဏ်စွမ်းရည် အထောက်အကူပြု ဂိမ်းကစားခြင်းနှင့် (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့အထိမ်းအမှတ် သတင်းစကား လက်ကမ်းစာစောင်များ ဝေငှခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**စိုင်းအယ်ဘဲ**



❐ *ကျောဖုံးမှ*

အုပ်ချုပ်မှုယန္တရားများ ရပ်တန့်စေရေးအတွက် နိုင်ငံ့ဝန်ထမ်းများအား ခြိမ်းခြောက်ခြင်း၊ ရုံးဌာန အဆောက်အဦများကို မိုင်းထောင်ဖောက်ခွဲခြင်း၊ မီးရှို့ဖျက်ဆီးခြင်းများကို လုပ်ဆောင်လျက်ရှိသည်။

ထိုကဲ့သို့ အကြမ်းဖက်အဖျက်အမှောင့်များ ပြုမှုလုပ်ဆောင်လျက်ရှိရာ ဖေဖော်ဝါရီ ၄ ရက် နံနက် ၅ နာရီခန့်တွင် မကွေးတိုင်းဒေသကြီး ဆောမြို့ ဇေယျာရပ်ကွက်ရှိ ဆောမြို့မရဲစခန်းအား လည်းကောင်း၊ တစ်ချိန်တည်းတွင် ဆောမြို့နယ်နှင့် ၁၂ မိုင်ခန့်အကွာ လောင်းရှည်ကျေးရွာရှိ လောင်းရှည် နယ်မြေရဲစခန်းကို လည်းကောင်း PDF အမည်ခံအကြမ်းဖက်သမားများက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ရှုပ်ရှုပ်ချုံချုံ ပြန်လည်ခုခံ တိုက်ခိုက်ပစ်ခတ်ခဲ့ရာ အကြမ်းဖက်အဖွဲ့များ အနောက်ဘက်နှင့် တောင်ဘက်သို့ ထွက်ပြေးဆုတ်ခွာသွားခဲ့သည်။

ထိုသို့ ဆုတ်ခွာထွက်ပြေးသွားခဲ့ရာ ဆောမြို့မရဲစခန်းကို ဝင်ရောက်တိုက်ခိုက်ခဲ့သည့် PDF အမည်ခံ အကြမ်းဖက်သမားများသည် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ပြန်လည်ခုခံ တိုက်ခိုက်မှုများကြောင့် ဖရိုဖရဲဆုတ်ခွာထွက်ပြေးစဉ် လုံခြုံရေးတပ်ဖွဲ့များ လိုက်လံချေမှုန်းတိုက်ခိုက်မှု မပြုလုပ်နိုင်စေရန်အတွက် ၎င်းတို့ဆုတ်ခွာထွက်ပြေးရာ လမ်းကြောင်းတစ်လျှောက်၊ ဇေယျာရပ်ကွက်အတွင်းရှိ မြို့နယ်စည်ပင်သာယာရေးကော်မတီရုံး၊ သစ်ထုတ်လုပ်ရေးစခန်းရုံး၊ မြေစာရင်းဦးစီးဌာနရုံး၊ စာရင်းစစ်ဦးစီးဌာနရုံး၊ ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာနရုံး၊ စိုက်ပျိုးရေးနှင့်ဆည်မြောင်းဦးစီးဌာနရုံး၊ မီးသတ်ဦးစီးဌာနရုံးနှင့် မီးသတ်ယာဉ်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီရုံး၊ စုစုပေါင်းရုံးဌာန ရှစ်ခုအပြင် လူနေအိမ်နှစ်လုံးတို့ကို မီးရှို့ဖျက်ဆီးသွားခဲ့ရာ မီးလောင်ကျွမ်းမှုများဖြစ်ပွားခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဝိုင်းဝန်းမီးငြိမ်းသတ်ခဲ့ရသည်။

အထက်ပါ မီးလောင်ကျွမ်းမှုများကြောင့် ကာလတန်ဖိုး သိန်း ၂၀၀၀ ခန့် ပျက်စီးဆုံးရှုံးခဲ့ပြီး လူနှင့်တိရစ္ဆာန် ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရှိရသည်။

ထိုကဲ့သို့ စစ်ရေးပစ်မှတ်မဟုတ်သည့် အစိုးရရုံးအဆောက်အဦများနှင့် အများပြည်သူနေအိမ်များကိုတစ်ဖက်သတ်အစွန်းရောက်ဝါဒစွဲအပေါ်အခြေခံကာ အသိဉာဏ်နည်းပါးစွာ မီးရှို့ဖျက်ဆီးခဲ့သည့် PDF အမည်ခံ အကြမ်းဖက်သမားများအား ဖော်ထုတ်အရေးယူနိုင်ရေးနှင့် နယ်မြေလုံခြုံရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည်များ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်းသတင်းရရှိသည်။

**သတင်းစဉ်**



စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးရုံး ပျက်စီးမှု မှတ်တမ်းဓာတ်ပုံ။

မကွေးတိုင်းဒေသကြီး ဆောမြို့နယ်၌ PDF အကြမ်းဖက်အဖွဲ့က ဌာနဆိုင်ရာ ရုံး/အဆောက်အဦများအား မီးရှို့ဖျက်ဆီးမှု မှတ်တမ်းဓာတ်ပုံများ။



ကြံ့ခိုင်ရေးရုံး ပျက်စီးမှု မှတ်တမ်းဓာတ်ပုံ။



ကျေးလက်ဖွံ့ဖြိုးရေးရုံး ပျက်စီးမှု မှတ်တမ်းဓာတ်ပုံ။



မီးသတ်ယာဉ် ပျက်စီးမှု မှတ်တမ်းဓာတ်ပုံ။



မြို့နယ်စာရင်းစစ်ရုံး ပျက်စီးမှုမှတ်တမ်းဓာတ်ပုံ။



မြို့နယ်စီမံကိန်းရုံး ပျက်စီးမှုမှတ်တမ်းဓာတ်ပုံ။



စည်ပင်ရုံး ပျက်စီးမှု မှတ်တမ်းဓာတ်ပုံ။

# ဆီးရီးယား၌ အမေရိကန်တိုက်ခိုက်မှု အိုင်အက်စ်ခေါင်းဆောင်သေဆုံးကြောင်း သမ္မတဘိုင်ဒင်ပြော

**ဝါရှင်တန် ဖေဖော်ဝါရီ ၄**
အိုင်အက်စ် အုပ်စုခေါင်းဆောင် အဘူ အီဘရာဟင် အယ် ဟာရှိမီ အယ်ကျူရိုရှီအား ဆီးရီးယားနိုင်ငံတွင် အမေရိကန်တပ်ဖွဲ့၏ စီးနင်းတိုက်ခိုက်မှုအတွင်း သုတ်သင်ရှင်းလင်းနိုင်ခဲ့ကြောင်း အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က ကြေညာခဲ့သည်။

**အောင်မြင်စွာရှင်းလင်းနိုင်**

တစ်ကမ္ဘာလုံးအတွက် အဓိက ခြိမ်းခြောက်မှုကြီးကို အောင်မြင်စွာရှင်းလင်းနိုင်ခဲ့ပြီဟု အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က ဖေဖော်ဝါရီ ၃ ရက်တွင် ပြောသည်။

အကြမ်းဖက်သမားများကို ဖမ်းဆီးနိုင်ရေးအတွက် အမေရိကန်တပ်များသည် အဆောက်အအုံတစ်ခုအနီးသို့ ချဉ်းကပ်လာကြသည်။ ထိုစဉ် အိုင်အက်စ်ခေါင်းဆောင်သည် ၎င်း၏ရာဇဝတ်မှုများအတွက် တရားရင်ဆိုင်ရခြင်းထက် မိမိကိုယ်ကို ဖောက်ခွဲပစ်ခြင်းကို ရွေးချယ်ခဲ့သည်။ သူရဲဘောကြောင်သူ၏ နောက်ဆုံးလုပ်ရပ်ဟု သမ္မတဂျိုးဘိုင်ဒင်က ခေါ်ဝေါ်ခဲ့သည်။ အဆောက်အအုံအတွင်းရှိ ၎င်း၏ မိသားစုဝင်များ၏ အသက်ဘေးနှင့် အခြားသောသူများ၏အသက်ဘေးကို ထည့်သွင်းမစဉ်းစားကြောင်း အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က ပြောသည်။ အရပ်သားများသေဆုံးမှုကို လျှော့နည်းနိုင်သမျှနည်းအောင်ပြုလုပ်ရန် ကာကွယ်ရေးဌာနကို ညွှန်ကြားထားကြောင်း သမ္မတ ဘိုင်ဒင်က ပြောသည်။

**ခေါင်းဆောင်ဖြစ်လာခဲ့**

အဘူ အီဘရာဟင် အယ် ဟာရှိမီ အယ်ကျူရိုရှီမှာ ၎င်း၏ အရင်ခေါင်းဆောင် အဘူ ဘာကာအယ် ဘတ်ဒ်ဒါဒီ ၂၀၁၉ ခုနှစ်အတွင်း သေဆုံးပြီးနောက် အိုင်အက်စ်အုပ်စု၏ ခေါင်းဆောင်ဖြစ်လာခဲ့သည်။ ယခင်ခေါင်းဆောင် အဘူဘာကာအယ်ဘတ်ဒ်ဒါဒီမှာ အမေရိကန်တပ်ဖွဲ့များ၏ ဆီးရီးယားနိုင်ငံ အနောက်မြောက်ပိုင်း လေကြောင်းတိုက်ခိုက်မှု အတွင်း သေဆုံးခဲ့ခြင်းဖြစ်သည်။ **အင်န်အိတ်ချ်ကေ**


အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်နှင့် အမျိုးသားလုံခြုံရေးအဖွဲ့။

# ဆွီဒင်နိုင်ငံ၌ ကိုဗစ် – ၁၉ ကန့်သတ်ချက်အများစုကို ဖယ်ရှားပေးတော့မည်

**စတော့ဟုမ်း ဖေဖော်ဝါရီ ၄**
ဆွီဒင်နိုင်ငံအစိုးရက လာမည့် ဖေဖော်ဝါရီ ၉ ရက်မှစတင်ကာ ကိုဗစ် – ၁၉ ကန့်သတ်ချက်အများစုကို ဖယ်ရှားပေးတော့မည်ဖြစ်သည်။ ဆွီဒင်နိုင်ငံအတွက် လမ်းကြောင်းများ ပြန်လည်ဖွင့်လှစ်ရတော့မည့် အချိန်ဖြစ်ကြောင်း ဆွီဒင်ဝန်ကြီးချုပ် မက်ဒလန်နာ အန်ဒရာဆင်က ဖေဖော်ဝါရီ ၃ ရက်တွင် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။


ဆွီဒင်ဝန်ကြီးချုပ် မက်ဒလန်နာ အန်ဒရာဆင်

စားသောက်ဆိုင်များအတွက် ဆိုင်ဖွင့်ချိန် ကန့်သတ်ထားသည့် အချိန်ကိုလည်း လျှော့ချပေးမည်ဖြစ်သည်။ ထို့ပြင် အဆောက်အအုံအတွင်း ကျင်းပသည့်ပွဲများတွင် တက်ရောက်ခွင့်ရှိသူ လူဦးရေ ပမာဏ ကန့်သတ်ချက်ကိုလည်း လျှော့ချပေးသွားမည်ဖြစ်သည်။ ဆွီဒင်နိုင်ငံတွင် ကိုဗစ် –၁၉ ကူးစက်မှုများမှာ ဆက်လက်တိုးနေဆဲဖြစ်သည်။ သို့သော်လည်း ဆွီဒင်နိုင်ငံ၏ကျန်းမာရေးစောင့်ရှောက်မှုစနစ်ကိုမူ ထိခိုက်ခြင်း မရှိသေးချေ။ ဆွီဒင်နိုင်ငံအတွင်း အသက် ၁၂ နှစ်နှင့်အထက် ကာကွယ်ဆေး အပြည့်ထိုးပြီးသူ ၈၀ ရာခိုင်နှုန်းကျော်ရှိသည်။ ကူးစက်မှုအတွက် သတိပေးမှုများ ပြုလုပ်ပြီး ဗိုင်းရပ်စ်နှင့်အတူ ယှဉ်တွဲနေထိုင်ရန် ဆွီဒင်အစိုးရက ဆုံးဖြတ်ခဲ့သည်။ ဒိန်းမတ်နိုင်ငံနှင့် နော်ဝေးနိုင်ငံတို့၏ ဆုံးဖြတ်ချက်နောက်တွင် ဆွီဒင်နိုင်ငံကလည်း ယခုလိုပြုလုပ်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ **အင်န်အိတ်ချ်ကေ**

## ချီလီနိုင်ငံ၏ ကိုဗစ် - ၁၉ နေ့စဉ်ကူးစက်မှုနှုန်း ပထမဆုံးအကြိမ်အဖြစ် ၃၅၀၀၀ အထိရှိလာ

**ဆန်တီယာဂို ဖေဖော်ဝါရီ ၄**
ချီလီနိုင်ငံ၏ နေ့စဉ် ကိုဗစ် – ၁၉ ကူးစက်မှုနှုန်းမှာ ဖေဖော်ဝါရီ ၃ ရက်တွင် ပထမဆုံးအကြိမ်အဖြစ် ၃၅၀၀၀ ကျော်လွန်လာကြောင်း သိရသည်။

၂၄ နာရီအတွင်း ကူးစက်မှုပေါင်း ၃၅၁၉၇ ဦးကို တွေ့ရှိခဲ့သည်။ ထို့ကြောင့် တစ်နိုင်ငံလုံးအနှံ့ ကူးစက်ခံရမှုနှုန်းမှာ ၂၂၅၈၀၀၅ ဦးအထိရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။ ဖေဖော်ဝါရီ ၃ ရက် တစ်ရက်တည်းတွင်ပင် ကိုဗစ် –၁၉ ကြောင့် သေဆုံးသူ ၈၂ ဦး ရှိခဲ့ပြီး ခြောက်လအတွင်း ကိုဗစ် –၁၉ ကြောင့် သေဆုံးမှုနှုန်းအများဆုံးဖြစ်ခဲ့သည်။

ကိုဗစ် –၁၉ နှင့်ဆက်စပ်ပြီး သေဆုံးသူဦးရေမှာလည်း ၃၉၈၂၄ ဦးအထိ ရှိလာခဲ့သည်။ ချီလီနိုင်ငံတွင် ပြီးခဲ့သည့် ခုနစ်ရက်တာကာလအတွင်း နောက်ထပ်ကူးစက်မှုများမှာ ၇၃ ရာခိုင်နှုန်းအထိ တိုးလာခဲ့သည်။ ပြီးခဲ့သည့်ရက်ပိုင်းအတွင်း ချီလီနိုင်ငံတွင် အထူးကြပ်မတ်ကုသဆောင်တွင် ကုသမှုခံယူရသူဦးရေနှင့် သေဆုံးသူဦးရေမှာ ဒီဇင်ဘာလနှင့် နှိုင်းယှဉ်လျှင် တိုးလာခဲ့သည်။ **ဆင်ဟွာ**

# အမေရိကန်ပြည်ထောင်စု တက္ကဆက်ပြည်နယ်၌ ဆောင်းရာသီ နှင်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်

**ဟူစတန် ဖေဖော်ဝါရီ ၄**
တက္ကဆက်ပြည်နယ်သည် အမေရိကန်ပြည်ထောင်စုရှိ ဒုတိယအကြီးဆုံး ပြည်နယ်ဖြစ်ပြီး ဆယ်စုနှစ် အနည်းငယ်အတွင်း အအေးဓာတ် အပြင်းထန်ဆုံးဖြစ်ရပ်နှင့် ရင်ဆိုင်နေရသည်။

အပူချိန်မှာ ၂၄ နာရီ အတွင်း ကျဆင်းသွားပြီး ဓာတ်အားပေးလိုင်းများမှာလည်း အအေးဓာတ်လွန်ကဲမှုကြောင့် ပြတ်တောက်မှုများ ဖြစ်ပေါ်လျက်ရှိသည်။ လေပြင်းများတိုက်ခတ်ခြင်း၊ သစ်ပင်များကျိုးကျခြင်းတို့ကြောင့် လမ်းများပိတ်ဆို့မှုဖြစ်ပေါ်ခဲ့ရသည်။

တက္ကဆက်ပြည်နယ်ရှိ နေအိမ်ပေါင်း ၇၀၀၀၀ ခန့်မှာ ဓာတ်အားလိုင်းများ ပြတ်တောက်ပြီး ဖေဖော်ဝါရီ ၃ ရက် နံနက် ၁၁ နာရီခွဲအထိ လျှပ်စစ်ဓာတ်အား မရရှိချေ။ ပြည်နယ်အတွင်းရှိ စာသင်ကျောင်းများနှင့် တက္ကသိုလ်များမှာလည်း ပိတ်ထားရသည်။

အမေရိကန် အရှေ့မြောက်ပိုင်းနှင့် အလယ်ပိုင်းတို့တွင် ဆောင်းတွင်း နှင်းမုန်တိုင်း ဆက်လက် ဖြစ်ပေါ်နိုင်ခြေရှိကြောင်း အမျိုးသား မိုးလေဝသဌာနက ခန့်မှန်းထားသည်။

လျှပ်စစ်ဓာတ်အားပြန်လည်ရရှိရေးအတွက် လုပ်သားပေါင်း ၁၀၀၀၀ ကျော်ဖြင့် လုပ်ကိုင်လျက်ရှိကြောင်း တက္ကဆက်ပြည်နယ်အုပ်ချုပ်ရေးမှူး ဂရက် အက်ဘော့က ပြောသည်။



လွန်ခဲ့သည့် တစ်နှစ်ခန့်ကလည်း တက္ကဆက်ပြည်နယ် တစ်လွှား ပြင်းထန်သည့် ဆောင်းတွင်း မုန်တိုင်းကြောင့် လျှပ်စစ်ဓာတ်အား ပြတ်တောက်မှု အကြီးအကျယ်ဖြစ်ပေါ်ခဲ့ပြီး လူပေါင်း ၂၀၀ ကျော် အသက်ဆုံးရှုံးခဲ့ရသည်။ **ဆင်ဟွာ**

# အစ္စရေးနှင့် ဘာရိန်းနိုင်ငံတို့ လုံခြုံရေး သဘောတူညီမှုတွင် လက်မှတ်ရေးထိုး

**ဂျေရုဆလင် ဖေဖော်ဝါရီ ၄** – အစ္စရေးနှင့် ဘာရိန်းနိုင်ငံတို့သည် လုံခြုံရေးဆိုင်ရာသဘောတူညီမှုကို ဖေဖော်ဝါရီ ၃ ရက်က သဘောတူလက်မှတ်ရေးထိုးခဲ့ကြသည်။ နှစ်နိုင်ငံကြား ပုံမှန်ဆက်ဆံရေးပြန်လည်ထူထောင်ပြီးနောက် ပထမဆုံးအကြိမ် သဘောတူလက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သည်။ အစ္စရေးကာကွယ်ရေးဝန်ကြီးဘန်နီဂန့်စ်က ပင်လယ်ကွေ့နိုင်ငံဖြစ်သည့် ဘာရိန်းနိုင်ငံသို့ နှစ်ရက်ကြာသွားရောက်သည့် ခရီးစဉ်အတွင်း ယခုလိုသဘောတူလက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သည်။ ဘန်နီဂန့်စ်သည် ကာကွယ်ရေးဝန်ကြီးအဖြစ် ဘာရိန်းနိုင်ငံသို့ ပထမဆုံးအကြိမ် သွားရောက်ခဲ့ခြင်းလည်းဖြစ်သည်။ ခရီးစဉ်အတွင်း ဘာရိန်းဘုရင် ဟာမတ် ဘင်အီဆာ ဘင်ဆယ်မန် အယ်ခါလီဖာနှင့် တော်ဝင်နန်းတော်တွင် တွေ့ဆုံခဲ့သည်ဟု သိရသည်။

**ဆင်ဟွာ**

# အင်ဒိုနီးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၄ ဒသမ ၄ သန်းကျော်ရှိလာ

**ဂျကာတာ ဖေဖော်ဝါရီ ၄**

ကျွန်းနိုင်ငံတစ်ခုဖြစ်သော အင်ဒိုနီးရှားနိုင်ငံ၌ အိုမီခရွန် ဗိုင်းရပ်စ်သစ်ကူးစက်ဖြစ်ပွားမှု မြင့်တက်နေသည့်အချိန်တွင် ဖေဖော်ဝါရီ ၄ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၃၂၂၁၁ ဦးရှိကြောင်း အတည်ပြုဖော်ပြမှုနှင့်အတူ နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်းမှာ ၄၄၄၆၆၉၄ ဦးအထိ ရှိလာခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာလိုက်သည်။

ထို့အတူ ကိုဗစ်-၁၉ ကြောင့် ၄၂ ဦး ထပ်မံသေဆုံးမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ သေဆုံးသူ ၁၄၄၄၅၃ ဦးအထိ ရှိလာခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဖော်ပြသည်။

လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ပြန်လည်ကောင်းမွန်လာပြီး ဆေးရုံမှ ဆင်းလာသူ ၇၁၉၀ ရှိလာသောကြောင့် စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ပြန်လည်ကောင်းမွန်လာသူ ၄၁၆၁၉၈၇ ဦးအထိ ရှိလာသည်။

ကိုဗစ်-၁၉ ကပ်ရောဂါ ကူးစက်ဖြစ်ပွားမှုကို လျှော့ချရန် အစိုးရသည် အမျိုးသားကာကွယ်ဆေးထိုးအစီအစဉ်ကို အရှိန်မြှင့်တင်ခဲ့ရာ ယခုအချိန်အထိ လူပေါင်း ၁၈၆ ဒသမ ၀၁ သန်း ကိုဗစ်-၁၉ ပထမအကြိမ်ထိုးနှံမှုခံယူပြီးပြီဖြစ်ကာ ဒုတိယအကြိမ် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပြီးသူပေါင်းမှာ ၁၃၀ ဒသမ ၁၂ သန်းကျော် ရှိလာပြီဖြစ်သည်။

တရုတ် ကိုဗစ်-၁၉ ကာကွယ်ဆေး ဆီနိုဗက်ကို သက်ဆိုင်ရာအာဏာပိုင်များက အတည်ပြုပြီးနောက် လွန်ခဲ့သောနှစ် ဇန်နဝါရီလမှစကာ အင်ဒိုနီးရှားနိုင်ငံ၌ အစုလိုက် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးမှုများ စတင်လုပ်ဆောင်ခဲ့သည်။



အင်ဒိုနီးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေးနေသည်ကို တွေ့ရစဉ်။

နိုင်ငံအတွင်းရှိ လူဦးရေ ၂၀၈ ဒသမ ၂ သန်းကို ကိုဗစ်-၁၉ ကာကွယ်ဆေးအပြည့်အဝထိုးပေးရန် ရည်မှန်းချက်ထားပြီးဆောင်ရွက်လျက်ရှိရာ အပိုဆောင်း ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပြီးသူအပါအဝင် စုစုပေါင်း ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပြီးသူပေါင်း ၃၂၁ ဒသမ ၂၅ သန်းရှိလာပြီဖြစ်သည်။ **ဆင်ဟွာ**

# ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူအရေအတွက် ကျဆင်းစပြု ဆေးရုံတက်ရောက်ကုသသူအရေအတွက်လည်း ကျဆင်းလာ

**မနီလာ ဖေဖော်ဝါရီ ၄**

ဖိလစ်ပိုင်နိုင်ငံ၌ ဖေဖော်ဝါရီ ၄ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၈၅၆၄ ဦး တိုးလာပြီးနောက် နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၃၅၉၄၀၀၂ ဦးအထိ ရှိလာခဲ့ကြောင်း ဖိလစ်ပိုင်ကျန်းမာရေးဝန်ကြီးဌာန (ဒီအိုအိတ်ချ်)က သတင်းထုတ်ပြန် ဖော်ပြလိုက်သည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ကြောင့် ၄၆ ဦး ထပ်မံသေဆုံးမှုနှင့်အတူ စုစုပေါင်းကိုဗစ်-၁၉ သေဆုံးသူပေါင်း ၅၄၂၁၄ ဦးအထိ ရှိလာခဲ့သည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားနှုန်း ၂၄ ဒသမ ၃ ရာခိုင်နှုန်းအထိ ကျဆင်းလာခဲ့သောကြောင့် လတ်တလော ကိုဗစ်- ၁၉ ကူးစက်ဖြစ်ပွားနေသူ ၁၅၁၃၈၉ ဦးအထိ ကျဆင်းလာခဲ့သည်။



ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေးရန် သွေးပေါင်ချိန်နေသည်ကို တွေ့ရစဉ်။

ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုများ တဖြည်းဖြည်း ဆက်လက်ကျဆင်းလာကြောင်း ကျန်းမာရေးဆိုင်ရာ အကြီးအကဲ မာရီယာ ရိုဆာရီယို ဗာဂျီရီက ပြောကြားလိုက်သည်။ ယခုသီတင်းပတ်တွင် နေ့စဉ် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားနှုန်းသည် လွန်ခဲ့သောသီတင်းပတ်နှင့် နှိုင်းယှဉ်ကြည့်လျှင် ၄၅ ရာခိုင်နှုန်း လျော့နည်းသည်။

ထို့အပြင်ဆေးရုံတက်ရောက်ကုသသည့်ပမာဏလည်း ကျဆင်းခဲ့ကြောင်း ဗာဂျီရီက ပြောသည်။

လွန်ခဲ့သောနှစ် ကိုဗစ်-၁၉ စတင်ဖြစ်ပွားချိန်မှစကာ ဖိလစ်ပိုင်နိုင်ငံသည် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု လှိုင်းဂယက်သုံးခု ရိုက်ခတ်ခြင်းကို ခံခဲ့ရသည်။

နောက်ဆုံး ကိုဗစ်-၁၉ လှိုင်းသည် စက်တင်ဘာလတွင် မြင့်တက်ခဲ့ပြီး စက်တင်ဘာ ၁၁ ရက်နေ့ တစ်နေ့တည်း ကိုဗစ်-၁၉ ဖြင့် သေဆုံးသူ ၂၆၃၀၃ ဦးဖြင့် ဖြစ်ပွားနှုန်း အမြင့်ဆုံးဖြစ်ခဲ့သည်။

အရှေ့တောင်အာရှနိုင်ငံတစ်နိုင်ငံဖြစ်သော ဖိလစ်ပိုင်နိုင်ငံ၌ လူဦးရေသန်း ၁၁၀ ရှိသည့်အနက် ကိုဗစ်-၁၉ စမ်းသပ်စစ်ဆေးပြီးသူပေါင်း ၂၅ သန်းကျော်လွန်လာပြီဖြစ်သည်။

**ဆင်ဟွာ**

# ဗီယက်နမ်နိုင်ငံ၌ ပြည်တွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၂ ဒသမ ၃ သန်းရှိ

**ဟနွိုင်း ဖေဖော်ဝါရီ ၄**

ဗီယက်နမ်နိုင်ငံ၌ ဖေဖော်ဝါရီ ၄ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၁၁၅၉၄ ဦး ရှိလာကြောင်း၊ ယင်းတို့တွင် ပြည်ပကူးစက်ဖြစ်ပွားသူ ရှစ်ဦးနှင့် ပြည်တွင်းကူးစက်ဖြစ်ပွားသူ ၁၁၅၈၆ ဦးဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာသည်။

ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားမှုနှင့်အတူ နိုင်ငံတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၂၃၁၅၆၈၉ ဦးအထိ ရှိလာပြီး ၃၈၁၄၇ ဦး သေဆုံးခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဆက်လက်သတင်းထုတ်ပြန် ဖော်ပြခဲ့သည်။

ကိုဗစ်-၁၉ အစုလိုက်ကူးစက်မှုများအနက် ဗီယက်နမ်နိုင်ငံ မြို့တော်ဟနွိုင်းသည် ကိုဗစ်-၁၉ အစုလိုက်ကူးစက်ဖြစ်ပွားမှု အများဆုံးဖြစ်ကာ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၂၇၅၆ ဦး၊ မြောက်ပိုင်းနန်ဒင်ပြည်နယ်တွင် ၆၂၀၊ တောင်ပိုင်းအလယ်ပိုင်း ကွမ်နန်ပြည်နယ်တွင် ၅၉၄ ဦးတို့ ဖြစ်ကြသည်။

တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ပြန်လည်ကောင်းမွန်လာသူ ၂၁၀၂၄၅၆ ဦး ရှိလာပြီဖြစ်သည်။

တတိယအကြိမ် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပြီးသူ ၂၈ ဒသမ ၄ သန်းအပါအဝင် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပြီးသူ ၁၈၁ ဒသမ ၇ သန်း ရှိလာပြီဖြစ်သည်။

ဗီယက်နမ်နိုင်ငံသည် ကိုဗစ်-၁၉ လှိုင်းဂယက် လေးကြိမ် ရိုက်ခတ်ခံခဲ့ရသည်။ လွန်ခဲ့သောနှစ် ဧပြီလနှောင်းပိုင်းမှ လက်ရှိကိုဗစ်-၁၉ လှိုင်းဖြစ်ပွားနေချိန် ဖေဖော်ဝါရီ ၄ ရက်အထိ ပြည်တွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၂ ဒသမ ၃ သန်း ရှိလာခဲ့သည်။

**ဆင်ဟွာ**

## နိုင်ငံတကာ ကိုဗစ်-၁၉ သတင်းတိုများ

### အာဖရိကတွင်၌ ကိုဗစ်-၁၉ အတည်ပြုလူနာပေါင်း ၁၀၈၅၆၉၇၈ ဦးအထိရှိလာ

**အဒစ္စအဘာဘာ ဖေဖော်ဝါရီ ၄**

အာဖရိက၌ ဖေဖော်ဝါရီ ၃ ရက် ညနေပိုင်းအထိ ကိုဗစ်-၁၉ အတည်ပြုလူနာပေါင်း ၁၀၈၅၆၉၇၈ ဦးအထိရှိလာခဲ့ကြောင်း အာဖရိကရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဌာန (အာဖရိကစီဒီစီ) က ပြောသည်။

စီဒီစီက ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုကြောင့် ၂၄၀၄၂၃ ဦးရှိလာပြီဖြစ်ကြောင်းနှင့် ၉၈၅၅၂၇၈ ဦးမှာ ကိုဗစ်-၁၉ ကင်းစင်သွားပြီဖြစ်ကြောင်း သိရသည်။

တောင်အာဖရိက၊ မော်ရိုကို၊ တူနီးရှား၊ အီသီယိုးပီးယားနှင့် လစ်ဗျားနိုင်ငံတို့သည် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုအများဆုံး နိုင်ငံများဖြစ်ကြောင်း အာဖရိကရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဌာနက ပြောသည်။

တောင်အာဖရိကသည် အာဖရိကတိုက်အတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုအများဆုံးဖြစ်ပြီး အာဖရိကမြောက်ပိုင်းနှင့် အရှေ့ပိုင်းတို့သည် ဒုတိယကူးစက်ဖြစ်ပွားမှုအများဆုံးဖြစ်သည်။ အာဖရိကအလယ်ပိုင်းသည် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု အနည်းဆုံးဖြစ်ကြောင်း စီဒီစီ၏ထုတ်ပြန်ချက်အရ သိရသည်။ **ဆင်ဟွာ**

### အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၁၄၉၃၉၄ ဦးရှိပြီး သေဆုံးသူ ငါးသိန်းကျော်လာ

**နယူးဒေလီ ဖေဖော်ဝါရီ ၄**

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၁၄၉၃၉၄ ဦး ရှိလာသောကြောင့် ဖေဖော်ဝါရီ ၄ ရက်အထိ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၄၁၉၅၂၇၁၂ ဦးအထိ ရှိလာခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံးထုတ်ပြန်လိုက်သော အချက်အလက်များတွင် ဖော်ပြထားသည်။

ကိုဗစ်-၁၉ ကြောင့် ထပ်မံသေဆုံးသူ ၁၀၇၂ ဦး ရှိလာမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၅၀၀၀၅၅ ဦးအထိ ရှိလာခဲ့သည်။

နိုင်ငံအတွင်း လတ်တလော ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားလျက်ရှိသူ ၁၄၃၅၅၆၉ ဦးအထိရှိလာပြီး လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၉၈၃၅၂ ဦး ကျဆင်းလျော့နည်းခဲ့သည်။

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ပျောက်ကင်းသွားပြီး ဆေးရုံမှ ဆင်းလာသူ စုစုပေါင်း ၄၀၀၁၇၀၈၈ ဦးရှိလာပြီဖြစ်သည်။ အဆိုပါပမာဏအနက် လွန်ခဲ့သော ၂၄ နာရီအတွင်း ဆေးရုံမှ ဆင်းလာသူ ၂၄၆၆၇၄ ဦးရှိသည်။ **ဆင်ဟွာ**

# စပိန်နိုင်ငံ၏ ခရီးသွားလုပ်ငန်းမှာ တိုးတက်လာသော်လည်း ကပ်ရောဂါမတိုင်မီအခြေအနေပြန်ရောက်ရန် လိုအပ်နေသေး

နှင်းမိုးအိမ်

စပိန်နိုင်ငံ၌ ၂၀၂၁ ခုနှစ်အတွင်း ဝင်ရောက်သည့် ခရီးသွားများနှင့် ၎င်းတို့ သုံးစွဲခဲ့သည့်ငွေကြေးပမာဏမှာ ၂၀၂၀ ပြည့်နှစ်ကနှင့် နှိုင်းယှဉ်လျှင် များပြားလာသည်ကို တွေ့ရသည်။



စပိန်နိုင်ငံသို့ လာရောက်လည်ပတ်သည့် ခရီးသွားများကို တွေ့ရစဉ်။

## သိသိသာသာ လျော့နည်းနေသေး

သို့သော်လည်း ခရီးသွားဝင်ရောက်မှုနှုန်းနှင့် ဝင်ငွေရရှိမှုနှုန်းမှာ ကပ်ရောဂါကာလမတိုင်မီ ၂၀၁၉ ခုနှစ်နှင့် နှိုင်းယှဉ်လျှင်မူ သိသိသာသာပင် လျော့နည်းနေသေးသည်ဟု ဖေဖော်ဝါရီ ၂ ရက်နေ့တွင် ဖော်ပြခဲ့သည့် လေ့လာမှုနှစ်ခုအရသိရသည်။

နယ်စပ်ဖြတ်ကျော်၍ ခရီးသွားများဝင်ရောက်မှု လေ့လာရေးအဖွဲ့က စစ်တမ်းကောက်ယူမှုများ ပြုလုပ်ခဲ့ပြီး စပိန်နိုင်ငံ စာရင်းအချက်အလက်ရုံးက ပြီးခဲ့သည့်နှစ် ဒီဇင်ဘာလအထိ ခရီးသွားဝင်ရောက်မှုနှုန်းမှာ ၂ ဒသမ ၉ သန်း ရှိသည်ဟု ဖော်ပြခဲ့သည်။ လွန်ခဲ့သည့် ၂၀၂၀ ပြည့်နှစ်ကနှင့် နှိုင်းယှဉ်လျှင် သိသိသာသာ များပြားလာသည်ကို တွေ့ရသည်။

## ကန့်သတ်မှုများပြုလုပ်ထား

၂၀၂၁ ခုနှစ် ၁၂ လတာကာလအတွင်း နိုင်ငံခြားခရီးသွားဝင်ရောက်မှုနှုန်းမှာ ၃၁ ဒသမ ၁ သန်းရှိပြီး ၆၂ ဒသမ ၇ ရာခိုင်နှုန်း တိုးလာခြင်းဖြစ်သည်။

သို့သော်လည်း ကပ်ရောဂါမတိုင်မီကာလ ၂၀၁၉ ခုနှစ်နှင့် နှိုင်းယှဉ်လျှင် စပိန်နိုင်ငံသို့ နိုင်ငံခြားခရီးသွားဝင်ရောက်မှုနှုန်းမှာ လျော့နည်းနေသေးသည်ကို တွေ့ရသည်။

၂၀၁၉ ခုနှစ်အတွင်း စပိန်နိုင်ငံသို့ နိုင်ငံခြားခရီးသွားဝင်ရောက်မှုနှုန်းမှာ ၈၃ ဒသမ ၇ ရာခိုင်နှုန်းရှိသည်။ ၂၀၂၁ ခုနှစ်၏ ပထမနှစ်ဝက်ကာလမှာ စပိန်နိုင်ငံအပါအဝင် အခြားသောနိုင်ငံများတွင် ခရီးသွားလာမှုကန့်သတ်မှုများ ပြုလုပ်ထားသည်။

## အကောင်းဆုံးဈေးကွက်ရှိရာနေရာများ

ပြင်သစ်နှင့် ဂျာမနီနိုင်ငံတို့မှာ စပိန်နိုင်ငံ ခရီးသွားလုပ်ငန်းအတွင်း အကောင်းဆုံးဈေးကွက်ရှိရာ နေရာများဖြစ်သည်။ စပိန်နိုင်ငံသို့ လာရောက်လည်ပတ်သည့် ပြင်သစ်နိုင်ငံသား ၅၈၁၉၆၃၀၊ ဂျာမနီနိုင်ငံသား ၅၁၉၆၂၃၀ နှင့် ဗြိတိန်နိုင်ငံသား ၄၂၉၅၀၅၂ ဦးရှိသည်။

၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလအထိ နိုင်ငံခြားခရီးသွားများ စပိန်နိုင်ငံတွင် သုံးစွဲမှုနှုန်းမှာ ယူရို ၆၈၇ သန်းမှ ယူရို ၃၅၄၂ သန်းအထိရှိပြီး တစ်နှစ်ပတ်လုံး စုစုပေါင်းဝင်ငွေရရှိမှုမှ ယူရို ၃၄၈၁၆ သန်းအထိ တိုးမြင့်လာခဲ့သည်။ အဆိုပါပမာဏမှာ ၂၀၂၀ ပြည့်နှစ်ကနှင့် နှိုင်းယှဉ်လျှင် ၇၆ ရာခိုင်နှုန်း တိုးလာခြင်းဖြစ်သည်။

## နည်းပါးနေသေး

သို့သော်လည်း ၂၀၁၉ ခုနှစ်ကနှင့်နှိုင်းယှဉ်လျှင် ၆၂ ရာခိုင်နှုန်း နည်းပါးနေသေးသည်ဟု နယ်စပ်ဖြတ်ကျော်၍ ခရီးသွားများ ဝင်ရောက်မှုလေ့လာရေးအဖွဲ့၏ စစ်တမ်းကောက်ယူထားမှုအရ သိရသည်။

## မျှော်မှန်းထားသည်ထက်ကောင်းမွန်ခဲ့

ကိုဗစ် -၁၉ မျိုးကွဲ အိုမီခရွန်ကူးစက်မှု ဝင်ရောက်လာသော်လည်း ဒီဇင်ဘာလသည် မျှော်မှန်းထားသည်ထက် အခြေအနေပို၍ ကောင်းမွန်ခဲ့ကြောင်း နှစ်ကုန်ပိုင်းတွင် ခန့်မှန်းထားသည့် မျှော်မှန်းချက်များအတိုင်းပြည့်မီခဲ့သည်ဟု စပိန်နိုင်ငံ၏ ခရီးသွားလာမှုနှင့် ကုန်သွယ်မှုဝန်ကြီးဌာနမှ ရီယက်စ်မာရိုတိုက ပြောသည်။

အိုမီခရွန်ကူးစက်မှု ပေါ်ပေါက်လာသော်လည်း ခရီးသွားလာမှုကဏ္ဍတွင် ၎င်းတို့မျှော်လင့်ထားသည့် ဆိုးကျိုးသက်ရောက်မှုများစွာမရှိခဲ့ကြောင်းနှင့် မသေချာမရေရာမှုများ ရှိခဲ့သော်လည်း အခြေအနေများမှာ ကောင်းမွန်ခဲ့သည်ဟု ပြောသည်။

၂၀၂၂ ခုနှစ်တွင် ခရီးသွားကဏ္ဍ၌ ပြန်လည်နာလန်ထူမှုများကို တွေ့မြင်ရမည်ဖြစ်သည်ဟု ၎င်းကဆက်ပြောသည်။

စပိန်နိုင်ငံသည် ၂၀၁၉ ခုနှစ်၌ ကမ္ဘာပေါ်တွင် ဒုတိယမြောက် ခရီးသွားအများအပြားဝင်ရောက်ရာ နိုင်ငံဖြစ်ခဲ့ပြီး ယင်းကာလအတွင်း အပြည်ပြည်ဆိုင်ရာမှ ခရီးသွား သန်း ၈၀ နိုင်ငံအတွင်းသို့ ဝင်ရောက်ခဲ့သည်။

အိုမီခရွန် ကူးစက်ပျံ့နှံ့မှုများ ပျံ့နှံ့သွားမည်ကို စိုးရိမ်သည့်အတွက် စပိန်အစိုးရက ခရီးသွားဝင်ရောက်မှုနှုန်းကို တားဆီးရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

## ရည်ရွယ်ထား

ကုလသမဂ္ဂ ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ကလည်း တစ်ကမ္ဘာလုံးအနှံ့ ခရီးသွားလုပ်ငန်းကို တိုးမြှင့်ရန်အတွက် ရည်ရွယ်ထားသည်။ ၂၀၂၁ နှစ်ကုန်ပိုင်းတွင် ကုလသမဂ္ဂကမ္ဘာ့ခရီးသွားလုပ်ငန်း အဖွဲ့အစည်း၏ အမှုဆောင်အရာရှိချုပ်တစ်ဦးဖြစ်သူ ဇိုရစ်ဆာယူရိုဗ်ဆာဗစ် က ခရီးသွားလုပ်ငန်းမှာ ကပ်ရောဂါကာလအတွင်း ထိခိုက်မှုအများဆုံးလုပ်ငန်းဖြစ်ခဲ့ရကြောင်း၊ ခရီးသွားလုပ်ငန်းအပေါ်တွင် မှီခိုနေရသည့် လူများစွာရှိကြောင်း ပြောသည်။

အနာဂတ်ကာလတွင် ခရီးသွားလုပ်ငန်း အပြည့်အဝပြန်လည်နာလန်ထူလာရေးအတွက် အခွင့်အလမ်းကောင်းများ ပြုလုပ်သွားရမည်ဟု ပြောသည်။

## ကြိုးစားရုန်းကန်နေရ

ဖွံ့ဖြိုးပြီးနိုင်ငံများတွင်မူ ကပ်ရောဂါကြောင့် ထိခိုက်ရသည့် ကဏ္ဍများကို ထောက်ပံ့ပေးသွားရန် အကောင်းဆုံးပြင်ဆင်မှုများ ပြုလုပ်နေပြီး အထူးသဖြင့် အသေးစားနှင့်အလတ်စားလုပ်ငန်းများတွင် ဘဏ္ဍာရေးထောက်ပံ့မှုများ ပြုလုပ်နေကြသည်။

ထို့ပြင် နိုင်ငံသားများ အလုပ်အကိုင် အခွင့်အလမ်းအတွက် ပြင်ဆင်ပေးကြသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများတွင်မူ ယင်းသို့မဟုတ်ချေ။ ကပ်ရောဂါကြောင့် စီးပွားရေးထိခိုက်ရသည့် လုပ်ငန်းများကို ထောက်ပံ့ပေးနိုင်ရေး ကြိုးစားရုန်းကန်နေရသည်။

## လက်တွဲလုပ်ဆောင်လျက်ရှိ

လုံခြုံစိတ်ချရသည့် ခရီးသွားအစီအစဉ်များ ပြုလုပ်နိုင်ရေးအတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်းနှင့်လည်း လက်တွဲလုပ်ဆောင်လျက်ရှိကြောင်း ခရီးသွားလုပ်ငန်းအပေါ် တည်မှီနေရသည့် အသက်ရှင်ရပ်တည်မှုပေါင်းများစွာရှိရာ ခရီးသွားလာမှုကို အတူတကွ လုံးဝရပ်တန့်ပစ်လိုက်သည်ထက် လုံခြုံစိတ်ချရသည့် ခရီးသွားလာမှုကို ဖော်ဆောင်ရန် ပို၍လိုအပ်သည်ဟု ၎င်းကဆက်ပြောသည်။

## ပြန်လည်ဦးမော့လာဦးမည်

ထို့ပြင် မြို့ပြဒေသသို့ ပြောင်းရွှေ့လာသည့် လူဦးရေများစွာရှိနေရာ ကျေးလက်ဒေသတွင် ခရီးသွားလုပ်ငန်းကို ခရီးသွားလုပ်ငန်းဖော်ဆောင်ရန်မှာ လမ်းကြောင်းတစ်ခုသဖွယ် ဖြစ်လာသည်။

ခရီးသွားလုပ်ငန်းမှာ ပြန်လည်တိုးတက်လာမည့် လုပ်ငန်းဖြစ်ပြီး လူတိုင်းလူတိုင်းမှာ ခရီးသွားလာလိုကြကြောင်း၊ ယခုအချိန်တွင်မူ ပညာပေးမှုများနှင့် လေ့ကျင့်သင်ကြားပေးမှုများ လိုအပ်နေသေးကြောင်း၊ သို့သော်လည်း အနာဂတ်ကာလတွင် ပိုမိုကောင်းမွန်လာမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ခရီးသွားလုပ်ငန်းများမှာ ပြန်လည်ဦးမော့လာဦးမည့်လုပ်ငန်းဖြစ်ကာ ယခင်ကထက်ပို၍ အလေးထားရမည်ဖြစ်ကြောင်း ၎င်းက ဆက်ပြောသည်။ ။

ကိုးကား - ဆင်ဟွာ

❍ ၂၀၂၁ ခုနှစ် ၁၂ လတာကာလအတွင်း နိုင်ငံခြားခရီးသွား ဝင်ရောက်မှုနှုန်းမှာ ၃၁ ဒသမ ၁ သန်းရှိပြီး ၆၂ ဒသမ ၇ ရာခိုင်နှုန်းတိုးလာ

❍ ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလအထိ နိုင်ငံခြားခရီးသွားများ စပိန်နိုင်ငံတွင် သုံးစွဲမှုနှုန်းမှာ ယူရို ၆၈၇ သန်းမှ ယူရို ၃၅၄၂ သန်းအထိရှိပြီး တစ်နှစ်ပတ်လုံး စုစုပေါင်း ဝင်ငွေရရှိမှုမှ ယူရို ၃၄၈၁၆ သန်းအထိ တိုးမြင့်လာခဲ့

❍ စပိန်နိုင်ငံသည် ၂၀၁၉ ခုနှစ်၌ ကမ္ဘာပေါ်တွင် ဒုတိယမြောက် ခရီးသွားအများအပြားဝင်ရောက်ရာ နိုင်ငံဖြစ်ခဲ့ပြီး ယင်းကာလအတွင်း အပြည်ပြည်ဆိုင်ရာမှ ခရီးသွား သန်း ၈၀ နိုင်ငံအတွင်းသို့ ဝင်ရောက်ခဲ့

# ဖေဖော်ဝါရီ ၄ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၃၁၉ ဦး တွေ့ရှိ

## ယနေ့တွင် ကိုဗစ်–၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူမရှိ

(၄–၂–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၃–၂–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၄–၂–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၂၃,၈၂၅) ခုအား စစ်ဆေးပြီးစီးခဲ့ရာ **ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲ အတည်ပြုလူနာသစ် (၃၁၉) ဦး တွေ့ရှိရ**ပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၁.၃၄) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၆,၄၆၉,၇၂၄) ခုအား စစ်ဆေးခဲ့ပြီး **ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၅၃၇,၂၂၃) ဦး** ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၁၁၇) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၅၁၃,၇၇၉) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ယနေ့တွင်လည်း ကိုဗစ်–၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ မရှိပါသဖြင့် **ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၃၁၀) ဦး** ရှိပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**

(၄–၂–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၁,၆၃၀) ခု | (၇၂) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၈၇) ခု | (၄) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၉၀) ခု | (၃) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၇၈) ခု | (၂) ဦး |
| ကလေးမြို့၊ တပ်မတော် Mobile PCR Team | (၁) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁,၀၈၃) ခု | (၄၄) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁,၈၅၆) ခု | (၂၆) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၈,၈၀၀) ခု | (၁၆၈) ဦး |
| စုစုပေါင်း | (၂၃,၈၂၅) ခု | (၃၁၉) ဦး |

- ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်–၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်)နှင့်ပတ်သက်၍ ရောဂါဖြစ်ပွားမှုများကို မျက်ခြည်မပြတ်စောင့်ကြပ်ကြည့်ရှုလျက်ရှိကာ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ခြင်း၊ အသွားအလာကန့်သတ်၍ သီးသန့်ခွဲခြားထားရှိရာနေရာ (Quarantine Center) များ၊ ကုသရေးစင်တာ (Treatment Center) များနှင့် အောက်ဆီဂျင်အပါအဝင် ဆေးနှင့်ဆေးပစ္စည်းများ ကြိုတင်ပြင်ဆင်ခြင်း၊ နီးနွယ်ဝန်ကြီးဌာနများ၊ ဒေသအာဏာပိုင်အဖွဲ့အစည်းများ၊ အလှူရှင်များ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း စသည့်လုပ်ငန်းများကို ဘက်ပေါင်းစုံမှ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိပါသည်။
- သို့ဖြစ်ပါ၍ ကိုဗစ်–၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်) ကာကွယ်ရေးအတွက် ကိုဗစ်–၁၉ ရောဂါကာကွယ်ရေး အခြေခံစည်းမျဉ်းစည်းကမ်းများကို တိကျစွာလိုက်နာခြင်း၊ သံသယရောဂါလက္ခဏာရှိသူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနသို့ ချက်ချင်းသတင်းပေးပို့ခြင်း၊ အလှည့်ကျရရှိလာသည့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက် အကြိမ်ပြည့်ခံယူခြင်းနှင့် ကာကွယ်ဆေးထိုးရန် ကျန်ရှိသူများကို ကာကွယ်ဆေးထိုးနှံပေးနိုင်ရန်အတွက် ကျန်းမာရေးဌာနသို့ ဆက်သွယ်ပို့ဆောင်ပေးခြင်း စသည်တို့ကို မမေ့မလျော့ သတိပြု၍ ဆောင်ရွက်ကြပါရန်နှင့် ကျန်းမာရေးဝန်ကြီးဌာနက အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်နေသည့် လုပ်ငန်းများကို ကျရာကဏ္ဍမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြပါရန် အသိပေးတိုက်တွန်း နှိုးဆော်အပ်ပါသည်။
- ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ၄- ၂ -၂၀၂၂ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၇၇၁၅၀၄၁၂ | ၄၇၃၁၃၇၃၆ | ၉၂၀၈၂၉ |
| ၂။ | အိန္ဒိယ | ၄၁၉၅၂၇၁၂ | ၄၀၀၁၇၀၈၈ | ၅၀၀၀၈၇ |
| ၃။ | ဘရာဇီး | ၂၆၀၉၉၇၃၅ | ၂၂၆၀၂၅၀၆ | ၆၃၀၀၀၁ |
| ၄။ | ပြင်သစ် | ၂၀၁၄၇၃၄၁ | ၁၃၄၃၇၈၂၃ | ၁၃၁၈၅၂ |
| ၅။ | ဗြိတိန် | ၁၇၆၀၇၈၃၂ | ၁၄၈၃၁၄၄၁ | ၁၅၇၇၃၀ |
| ၆။ | ရုရှား | ၁၂၄၅၂၇၆၅ | ၁၀၄၄၉၁၈၁ | ၃၃၄၀၃၉ |
| ၇။ | တူရကီ | ၁၁၉၄၀၆၉၅ | ၁၁၁၇၃၄၀၆ | ၈၈၀၆၄ |
| ၈။ | အီတလီ | ၁၁၃၄၈၇၀၁ | ၈၈၇၂၇၃၇ | ၁၄၇၇၃၄ |
| ၉။ | ဂျာမနီ | ၁၀၅၄၃၃၁၈ | ၇၉၅၃၂၀၀ | ၁၁၉၀၆၉ |
| ၁၀။ | စပိန် | ၁၀၁၉၉၇၁၆ | ၆၄၈၀၄၆၄ | ၉၄၀၄၀ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

၄- ၂ - ၂၀၂၂

| နိုင်ငံ | ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၄၄၄၆၆၉၄ | ၄၁၆၁၉၈၇ | ၁၄၄၄၅၃ |
| ဖိလစ်ပိုင် | ၃၅၉၄၀၀၂ | ၃၃၈၈၃၉၉ | ၅၄၂၀၄ |
| မလေးရှား | ၂၈၈၇၇၈၀ | ၂၇၉၄၃၅၄ | ၃၂၀၀၀ |
| ထိုင်း | ၂၄၇၅၆၃၂ | ၂၃၆၆၉၀၉ | ၂၂၂၅၃ |
| ဗီယက်နမ် | ၂၃၁၅၆၈၉ | ၂၁၀၂၄၅၆ | ၃၈၁၄၇ |
| မြန်မာ | ၅၃၇၂၂၃ | ၅၁၃၇၇၉ | ၁၉၃၁၀ |
| စင်ကာပူ | ၃၆၆၄၇၃ | ၃၄၇၂၃၁ | ၈၆၀ |
| လာအို | ၁၃၅၆၆၀ | ၁၃၀၀၆၉ | ၅၆၂ |
| ကမ္ဘောဒီးယား | ၁၂၁၅၅၀ | ၁၁၇၉၁၈ | ၃၀၁၅ |
| ဘရူနိုင်း | ၁၆၆၉၁ | ၁၅၉၉၃ | ၉၈ |



အပြင်ထွက်တိုင်း
ပါးစပ်နှင့်နှာခေါင်းစည်း(mask) ကို
စနစ်တကျ
မပျက်မကွက် တပ်ဆင်ပါ



တတ်နိုင်သမျှ
မိမိအိမ်တွင်သာ
နေပါ

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် ဖေဖော်ဝါရီ ၄**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့်ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများ ကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့် ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သော ပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း နေပြည်တော်ပြည်ထောင်စုနယ်မြေ ပျဉ်းမနားမြို့နယ်နေ စောအောင်ကျော်မြင့်သည် ၎င်းအသုံးပြုသည့် “Saw Aung Kyaw Myint” Facebook အကောင့်၊ ကရင်ပြည်နယ် မြဝတီမြို့နယ် အမှတ်(၄) ရပ်ကွက်နေ တင့်လွင်(ခ) ကိုတင့် (၄၀) နှစ်သည် ၎င်းအသုံးပြုသည့် “Ko Tint,Ko Ngal,Min Lay” Facebook အကောင့်၊ ဘားအံမြို့နယ် အမှတ်(၅)ရပ်ကွက်နေ မြင့်နိုင် (၅၅) နှစ်သည် ၎င်းအသုံးပြုသည့် “Myint Naing” Facebook အကောင့်၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်နေ ဆွေဆွေထက်(ခ)ပိုးပိုးသည် ၎င်းအသုံးပြုသည့် “Poe Poe” Facebook အကောင့်၊ တောင်ငူမြို့နယ်နေ ကျော်စွာလင်းသည် ၎င်းအသုံးပြုသည့် “Kyaw Swar Lwin(ice)” Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်နေ ဝင်းသန့်ဦးသည် ၎င်းအသုံးပြုသည့် “Win Thant Oo” Facebook အကောင့်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် အမှတ်(၅)ရပ်ကွက်နေ အောင်မျိုးဆင့်(ခ)ဗိုလ်ဝ(၃၈)နှစ်သည့် ၎င်းအသုံးပြုသည့် “Bo Wa” Facebook အကောင့်၊ ကမာရွတ်မြို့နယ်နေ ဇင်ကိုကိုအောင်(၂၀)နှစ်သည် ၎င်းအသုံးပြုသည့်“Zinko Koaung” Facebook အကောင့်၊ လှိုင်မြို့နယ် အမှတ်(၁၆)ရပ်ကွက် အမှတ်(၁၂၅)နေ တင်နွယ်နွယ်(ခ)မနွယ်(၄၅)နှစ်သည် ၎င်းအသုံးပြုသည့် “Ma Nwe” Facebook အကောင့်နှင့် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၄၂)ရပ်ကွက် အမှတ်(၁၆၇၃/ခ)နေ ယဉ်ယဉ်နွဲ့(၄၅)နှစ်သည် ၎င်းအသုံးပြုသည့် “Yin Yin Nawe” Facebook အကောင့်တို့သည် အသိပေးသတင်း ထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်း ထုတ်ပြန်ထားကြောင်း သိရသည်။

**သတင်းစဉ်**

# ပုလဲမြို့နယ် အင်မထီးကျေးရွာရှိ နေအိမ်များကို PDF အမည်ခံ အကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီးမှုနှင့်ပတ်သက်၍ ဆက်သွယ်မေးမြန်းချက်

**နေပြည်တော် ဖေဖော်ဝါရီ ၄**

စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ် အင်မထီးကျေးရွာရှိ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များ၏ စခန်းနှင့် ကျေးရွာအနီးတစ်ဝိုက်သို့ ဇန်နဝါရီ ၃၀ ရက် ညနေပိုင်းတွင် PDF အမည်ခံအကြမ်းဖက်သမားများက ရွာ၏တောင်ဘက်နှင့် အရှေ့တောင်ဘက်တို့မှ အင်အားအလုံးအရင်းဖြင့် ချဉ်းကပ်တိုက်ခိုက်လာခဲ့ပြီး ကျေးရွာနေအိမ်များကို မီးရှို့ဖျက်ဆီး ထွက်ပြေးသွားခဲ့သည်။





ထိုကဲ့သို့ ကျေးရွာတွင်းရှိ နေအိမ်များကို အကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီးသွားခဲ့ခြင်းဖြစ်သော်လည်း အကြမ်းဖက်အဖွဲ့များဖြစ်သည့် NUG၊ CRPH နှင့် PDF အမည်ခံအကြမ်းဖက်သမားများ၊ ၎င်းတို့၏ လက်ဝေခံလူပုဂ္ဂိုလ်အချို့နှင့် တိုင်းပြည်တည်ငြိမ်အေးချမ်းမှုကို မလိုလားသည့် ပြည်ဖျက်မီဒီယာအချို့တို့က လူမှုကွန်ရက်စာမျက်နှာများ၌ လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့သကဲ့သို့ မဟုတ်မမှန် သတင်းအမှားများကို ဝါဒဖြန့်ရေးသားလျက်ရှိသည်။

ယင်းဖြစ်စဉ်နှင့် ပတ်သက်၍ PDF အမည်ခံအကြမ်းဖက်အဖွဲ့များက မိသားစုဝင်များကို အမျိုးမျိုး ခြိမ်းခြောက်၍ မိသားစုဝင်ထဲမှ သက်ကြီးရွယ်အိုအဘိုးအိုကို မီးလောင်နေသည့်အထဲသို့ ထည့်ပြီး သတ်ဖြတ်သွားခဲ့သည့်အပြင် နေအိမ်ကိုပါ မီးရှို့ဖျက်ဆီးခဲ့သည့်အတွက် အိုးအိမ်နှင့် စည်းစိမ်ကိုသာမက မိသားစုဝင်၏ အသက်ကိုပါ ပေးခဲ့ရသည့် ဒေသခံ ကျေးရွာသားတစ်ဦး၏ ရင်နင့်ဖွယ် စကားသံများကို ယခုကဲ့သို့ ကြားသိရသည်။

ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ် အင်မထီးကျေးရွာက ပြည်သူ့စစ်ကာကွယ်ရေးထဲကိုဝင်ထားတဲ့ တပ်သားတစ်ဦးဖြစ်ပါတယ်။ ကျွန်တော် ဒီတပ်ထဲကို ဝင်တယ်ဆိုကတည်းက PDF အဖွဲ့က ကျွန်တာ်တော့်ဆီကို လှမ်းပြီး အမျိုးမျိုးခြိမ်းခြောက်တယ်။ ခြိမ်းခြောက်ပြီး မင်းမိသားစုဝင်တွေ ဒုက္ခရောက်သွားမယ်လို့ သူတို့က ပြောတယ်။ ကျွန်တော့်ရဲ့ မိသားစုဝင်တွေထဲက ဦးလေးတစ်ယောက်ကို ဟိုဘက်ရွာကို ကယ်ထုတ်ခဲ့တယ်။ ကယ်ထုတ်ရမယ့်သူက နှစ်ယောက်ဆိုတော့ ကျွန်တော်တို့က ကျွန်တော့် ဦးလေးတစ်ယောက်ပဲ ကယ်ထုတ်သွားနိုင်ခဲ့တယ်။ ဦးလေးကို ဟိုဘက်ရွာကို ကယ်ထုတ်ပြီးခါမှ ဒီဘက်ကို လာပြန်ကယ်မယ်ဆိုတော့ သူကမရှိတော့ဘူး။ သူတို့တွေက သူ့ကို မီးလောင်နေတဲ့ တဲထဲကို ပစ်ပြီးထည့်သွားတယ်။ သူတို့ပြောတော့ ပုလဲနယ် PDF က အင်မထီးရွာရဲ့ လုံခြုံရေးပါလို့ သူတို့ပြောခဲ့တယ်။ ဘာတွေလုံခြုံတာလဲ။

ထို့အပြင် အင်းမထီးကျေးရွာရှိ အပြစ်မဲ့ပြည်သူများအား PDF အမည်ခံ အကြမ်းဖက်သမားများက ရက်စက်စွာသတ်ဖြတ်၍ နေအိမ်များနှင့် ရာသီသီးနှံများပါမကျန် မီးရှို့သည့်အပြင် အပြစ်မဲ့ ဇနီးဖြစ်သူကိုပါ ရက်ရက်စက်စက် သတ်ဖြတ်ခဲ့မှုကိုလည်း ဒေသခံရွာသား သေဆုံးသူအမျိုးသမီး၏ ခင်ပွန်းထံမှ ယခုကဲ့သို့ ကြားသိရသည်။

ကျွန်တော်ကတော့ စစ်ကိုင်းတိုင်း ပုလဲမြို့နယ် အင်မထီးကျေးရွာက ရိုးရိုးသားသားနဲ့ လုပ်ကိုင်စားနေတဲ့ တောင်သူတစ်ဦးပါ။ ကျွန်တော့်မှာ အသက် ၈၀ ကျော် အဘွားကြီးနဲ့ သားသမီးသုံးယောက်ရှိပြီး ရိုးရိုးသားသားနဲ့ တောင်သူလုပ်ကိုင်စားသောက်နေတာပါ။ ဒါပေမယ့် ရွာပြည်သူ့စစ်ထဲဝင်တာ မကျေနပ်လို့ဆိုပြီး ၃၀ ရက်နေ့ ၄ နာရီလောက်က ရွာထဲကို ဝင်ပြီး အပြစ်မဲ့ပြည်သူတွေနဲ့ ကျွန်တော့်အိမ်တင်မကဘဲ အိမ်ခြေ နှစ်ရာကျော်လောက်ကို အကုန်မီးရှို့ဖျက်ဆီးသွားပါတယ်။ မီးရှို့ဖျက်ဆီးရုံတင်မကဘဲ ကျွန်တော့် မိန်းမကိုလည်း ဘာမှအပြစ်မရှိဘဲနဲ့ သတ်ဖြတ်သွားခဲ့ပါတယ်။ ဒီနေရာက ကျွန်တော် ဒီနှစ်ရတဲ့ သီးနှံတွေ ထားတဲ့နေရာပါ။ စပါး၊ ပဲစင်းငုံ၊ နှမ်း၊ နေကြာ ကျွန်တော်လုပ်ထားတာ၊ ကျွန်တော်တောင် မစားလိုက်ရပါဘူး။ တကယ်လည်း ဝမ်းနည်းပါတယ်။ ကျွန်တော်တို့ဘာမှ မသိနားမလည်တဲ့ အပြစ်မရှိတဲ့ ပြည်သူတွေကို ဒီလိုလုပ်တာကတော့ မတရားဘူးလို့ ထင်ပါတယ်။ ကျွန်တော် ခုဆိုရင် သားသမီး သုံးယောက် ပညာရေးတစ်ပိုင်းတစ်စနဲ့ လုပ်ကိုင်စားစရာလည်း မရှိတော့ပါဘူး။ ကိုယ်ချင်းစာကြပါ။ ကျွန်တော်တို့ ဘာလုပ်နေလို့လဲ။ ကိုယ့်ဟာကိုယ် ရိုးရိုးသားသား တောင်သူလုပ်ကိုင်စားတာပါ။ မြင်မကောင်းဘူး။ ဆေးလည်းတိုက်စရာမရှိဘူး။ ကျွန်တော်တို့ အခက်အခဲတွေကိုကြည့်ပြီး ကိုယ်ချင်းစာပေးကြပါလို့ PDF အဖွဲ့တွေကို ကျွန်တော်ပြောချင်ပါတယ်။ ကျွန်တော်တို့ကို ဘာအပြစ်ရှိလို့ ဒီလိုလုပ်တာလဲပေ့ါ။ နောက်နောင် ဒီအဖြစ်မျိုးကြီးနဲ့ မကြုံရအောင် ကျွန်တော်တို့ကို ကူညီပေးပါ။ အပြစ်မရှိပါဘူး။ တောင်သူရိုးရိုးသားသား လုပ်ကိုင်နေတာပါ။

အလားတူ PDF အမည်ခံ အကြမ်းဖက်အဖွဲ့များက မိသားစုဝင်များကို အမျိုးမျိုးခြိမ်းခြောက်ခဲ့ပြီး အပြစ်မဲ့ ပြည်သူများကို ရက်စက်စွာသတ်ဖြတ်၍ နေအိမ်များနှင့် ရာသီသီးနှံများပါမကျန် မီးရှို့ခဲ့ကာ ကျန်းမာရေးနှင့် စားရေရိက္ခာအတွက် သွားရောက်ဝယ်ယူမည့် လမ်းကြောင်းများကိုလည်း ပိတ်ဆို့ထားသည့်အပြင် သားဖြစ်သူပါ သတ်ဖြတ်ခြင်းခံခဲ့ရသည့် ဒေသခံရွာသား ဖခင်တစ်ဦး၏ စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရသည်။

ကျွန်တော်က စစ်ကိုင်းတိုင်း ယင်းမာပင်ခရိုင် ပုလဲမြို့နယ် အင်မထီးကျေးရွာကပါ။ ဒီ PDF တွေနဲ့ ဆိုတော့ နေလို့ကမရဘူး။ ဘယ်လိုမှမရတော့ မောင်ကျော်လှိုင်တို့၊ ဦးအေးဝင်းတို့၊ မောင်ဌေးလွင်တို့ကလည်း တစ်ခါတည်း ပြေးကြရတာပေ့ါ။ နောက်တော့ အခုပြောသလို လုံခြုံရေးဖွဲ့ပြီးတော့ ဒီကိုလာလိုက်တဲ့အခါမှ ကျွန်တော်တို့လည်း အားတွေရှိသွားတာပါ။ ကျွန်တော့်သားကလည်း သူတို့လည်းရောက်ရော PDF အသတ်ခံရပြီး သေပါတယ်။ ကျွန်တော့်ဘဝကလည်း မိန်းမသေတာကလည်း သုံးလလောက်ပဲ ရှိပါသေးတယ်။ အခုသားကလည်း အခုလိုဖြစ်တယ်ဆိုတော့ ယူကျုံးမရအရှုံးလို ကျုပ်ဖြစ်နေတာပေ့ါ။ ဒီမှာလည်း အခုပြောသလို ဈေးလည်းဝယ်ချင်ရင် ဝယ်မရဘူး။ လမ်းကြောတွေအကုန်လုံးပိတ်ပြီး ဘယ်လိုမှ လုပ်လို့မရဘူး။ လပြည့်ကျော် ၁၄ ရက်နေ့မှာ PDF တွေလူပေါင်း ၃၀၀ ကျော်လောက်က ရောက်လာပြီး ကျွန်တော်တို့ရွာကို မီးရှို့သွားပါတယ်။ နည်းနည်းပါးပါးလောက်ပဲ ကျန်ပါတယ်။ လပြည့်ကျော် ၁၄ ရက်နေ့ ၄ နာရီလောက် PDF ၃၀၀ ကျော်လောက်က ရွာကိုရောက်လာပြီး လက်နက်ကြီး၊ လက်နက်ငယ်နဲ့ပစ်ခတ်ကာ မီးရှို့တဲ့သူကရှို့၊ ပစ်တဲ့သူက ပစ်ဆိုတော့ ကျွန်တော်တို့ဘယ်လိုမှမတတ်နိုင်လို့ အခုလို ခံလိုက်ရတာပါ။

အဆိုပါ PDF အမည်ခံ အကြမ်းဖက်သမားများ မီးရှို့ခဲ့သည့် အင်မထီးကျေးရွာသို့ ဇန်နဝါရီ ၃၁ ရက် မွန်းလွဲပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် သန်းထိုက်နှင့် အဖွဲ့ဝင်များက သွားရောက်၍ ဒေသခံကျေးရွာသူ/ကျေးရွာသားများအား ကျေးရွာစာသင်ကျောင်း၌ တွေ့ဆုံအားပေး စကားပြောကြားပြီး ဆန်၊ ဆီ၊ စားသောက်ဖွယ်ရာများ၊ အသုံးအဆောင်ပစ္စည်းများ၊ ထောက်ပံ့ငွေများနှင့် လိုအပ်သည်များ စီစဉ်ဆောင်ရွက်ပေးခဲ့သည်။ ထို့ပြင် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေး လုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ပေးလျက်ရှိပြီး ကျေးရွာသူ ကျေးရွာသားများအား နေအိမ်များတွင် အေးချမ်းစွာ ပြန်လည်နေထိုင်နိုင်ရန် ကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကိုလည်း ဆက်လက်ဆောင်ရွက်ပေးလျက်ရှိရာ ပြည်သူလူထုအနေဖြင့် အကြမ်းဖက်မှုတိုက်ဖျက်ရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ပေးရန် လိုအပ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# စားသုံးသူအခွင့်အရေး ထိုက်ထိုက်တန်တန် ဆောင်ရွက်ပေး

မေယု-မျိုးအောင် (MANA)

**“နိုင်ငံပိုင်သတင်းစာများတွင် ကျန်းမာရေးဝန်ကြီးဌာနမှ “စားသုံးရန်မသင့်”၊ “သုံးစွဲရန်မသင့်” စသည့် အသိပေးနှိုးဆော်ချက်များကို မကြာခဏထုတ်ပြန်လေ့ရှိသည်။ စားသုံးရန်မသင့် ကြေညာချက်အများစုသည် အစားအသောက်များ၌ ခွင့်မပြုထားသော ဆိုးဆေးနှင့်ဓာတုပစ္စည်းများ ပါဝင်ခြင်း၊ မြေပဲဆီအချို့တွင် စားအုန်းဆီများ ရောနှောထားခြင်း၊ ငရုတ်သီးမှုန့်များ၌ မှိုအဆိပ် (Aflatoxin B1) ပါဝင်နေခြင်း စသည့်ဖော်ပြချက်များဖြစ်သည်။ သို့ရာတွင် ယင်းစားသောက်ကုန်ပစ္စည်းများအား စားသုံးရန် မသင့်ကြောင်း သတိပေးရုံမှတစ်ပါး ကျင့်ဝတ်ဖောက်ဖျက်သူများအပေါ် အပြစ်ပေးအရေးယူနိုင်မှုမှာ အလွန့်အလွန် အားနည်းနေဆဲဖြစ်သည်”**

### စားသုံးသူများ အခြေခံအခွင့်အရေး

နိုင်ငံအသီးသီးရှိအစိုးရများသည် ကမ္ဘာ့ကုလသမဂ္ဂ၏ စားသုံးသူများ အခြေခံအခွင့်အရေးဆိုင်ရာ ရှစ်ချက်ဖြစ်သော စားသုံးသူများ ကုန်စည်နှင့် ဝန်ဆောင်မှုများ ဘေးအန္တရာယ်ကင်းရှင်းစွာ အသုံးပြုခွင့်၊ ကုန်စည်နှင့် ဝန်ဆောင်မှုများ၏ မှန်ကန်ပြည့်စုံသော သတင်းအချက်အလက်များရရှိခွင့်၊ ကုန်စည်နှင့် ဝန်ဆောင်မှုများအား စိတ်ကြိုက်ရွေးချယ်နိုင်ခွင့်၊ ကုန်စည်နှင့် ဝန်ဆောင်မှုများကြောင့် နစ်နာဆုံးရှုံးမှုများနှင့် စပ်လျဉ်း၍ ပါဝင်ကြားနာခွင့်၊ ကုန်စည်နှင့် ဝန်ဆောင်မှုများနှင့် စပ်လျဉ်း၍ အခြေခံလိုအပ်ချက်များပေါ်တွင် စိတ်ကျေနပ်မှုရရှိခွင့်၊ ကုန်စည်နှင့် ဝန်ဆောင်မှုများကြောင့် ဖြစ်ပေါ်လာသော နစ်နာဆုံးရှုံးမှုများနှင့် စပ်လျဉ်း၍ ကုစားခွင့်၊ ကုန်စည်နှင့် ဝန်ဆောင်မှုများနှင့်ပတ်သက်သည့် အသိပညာများ၊ အခွင့်အရေးနှင့် သတင်းအချက်အလက်များကို သိရှိလေ့လာခွင့်နှင့် ကျန်းမာဝပြောသည့် ပတ်ဝန်းကျင်ကောင်းတွင် ရှင်သန်နေထိုင်ခွင့်များ ရရှိစေရန်အတွက် လုပ်ဆောင်ပေးရန် တာဝန်ရှိသည်။ မြန်မာနိုင်ငံတွင် အများပြည်သူတို့ စားသုံးသူအခွင့်အရေးများ ဆုံးရှုံးမှုမရှိစေရန်အတွက် စားသုံးသူအကာအကွယ်ပေးရေး ဥပဒေတစ်ရပ်ကို ၂၀၁၄ ခုနှစ်ကတည်းက ပြဋ္ဌာန်းခဲ့သော်လည်း ယင်းဥပဒေတွင် အားနည်းချက် အများအပြားပါဝင်နေသည့်အတွက် ၂၀၁၉ ခုနှစ်တွင် ဥပဒေဟောင်းကို ရုပ်သိမ်းပြီး စားသုံးသူကာကွယ်ရေးဥပဒေအသစ် တစ်ရပ်ကို ထပ်မံပြဋ္ဌာန်းခဲ့သည်။ ကျန်းမာရေးနှင့်ညီညွတ်သော အစားအစာ၊ သန့်ရှင်းလတ်ဆတ်သည့် အစားအသောက်၊ ထိုက်တန်သည့် ဝန်ဆောင်မှုများနှင့် အလှမ်းဝေး နေဆဲဖြစ်သည်။

ကမ္ဘာ့စားသုံးသူ အခွင့်အရေးများနေ့မှာ ကမ္ဘာတစ်ဝန်းအသိအမှတ်ပြုစေရေး အခွင့်အလမ်းတစ်ခုအဖြစ် အသုံးချကာ ကမ္ဘာလုံးဆိုင်ရာ ဖြေရှင်းရန်ပြင်းထန်သော အရေးယူဆောင်ရွက်မှုကို အရေးတကြီး လိုအပ်နေပြီဖြစ်ကြောင်း၊ အကယ်၍ ယခုအရေးယူဆောင်ရွက်ခြင်းမပြုပါက ကမ္ဘာကြီးပူနွေးပျက်စီးလာခြင်း၊ ၂၀၃၀ ပြည့်နှစ်ခန့်တွင် လူပေါင်းများစွာ အိုးအိမ်၊ အစားအစာ၊ ရေပြတ်လပ်ခြင်းဖြစ်နိုင်ကြောင်း Consumer International က ထောက်ပြထားသည်။ ကမ္ဘာတစ်ဝန်းတွင် ထုတ်လုပ်သော အစားအစာအားလုံး၏ ၃၀ ရာခိုင်နှုန်းမှ ၄၀ ရာခိုင်နှုန်းသည် ဆုံးရှုံးခြင်း/ဖြုန်းတီးခြင်းဖြစ်နေကာ ပတ်ဝန်းကျင်အပေါ် မလိုလားအပ်သော ထိခိုက်မှုဖြစ်စေလျက်ရှိသည်။ ထိုသို့ ပြည့်စုံသော လူတို့က သုံးစွဲနေနိုင်သော်လည်း အခြေခံလိုအပ်ချက်ပင် မပြည့်စုံသည့် ဆင်းရဲနွမ်းပါးသော စားသုံးသူပြည်သူများရှိနေသဖြင့် အနာဂတ်မျိုးဆက်များအတွက် မျှတသော လူမှုရေးအခြေအနေများ ဖန်တီးပေးနိုင်ရန် သုံးစွဲနိုင်သော စားသုံးသူများ၏ သုံးစွဲမှုအခြေအနေ၊ အမူအကျင့်ကို ပြောင်းလဲရန် ကြိုးပမ်းအားထုတ်မှု လိုအပ်လာသည်။

### ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့

မတ် ၁၅ ရက်သည် ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ (World Consumer Rights Day) ဖြစ်သည်။ မည်သည့်ကုန်စည်၊ ဝန်ဆောင်မှုလုပ်ငန်းများ ထုတ်လုပ်၊ တင်ပို့၊ တင်သွင်း၊ ရောင်းချဆောင်ရွက်နေသည့် လုပ်ငန်းရှင်မဆို မိမိလုပ်ငန်းရေရှည်တည်တံ့ခိုင်မာအောင်မြင်မှုများ တိုးတက်ရရှိစေရေးအတွက် စေတနာကို အရင်းခံကာ ဆောင်ရွက်သင့်သည်။ သို့မှသာ စားသုံးသူများလည်း စိတ်ကျေနပ်မှုရရှိမည်။ ထပ်ခါတလဲလဲ အဆိုပါကုန်စည်၊ ဝန်ဆောင်မှုများကို ရယူအသုံးပြုမည်။ လုပ်ငန်းရှင်၏ လုပ်ငန်းလည်း အောင်မြင်မည်။ ပြည်တွင်းဈေးကွက်သာမက ပြည်ပဈေးကွက်အထိပါ တိုးချဲ့လာနိုင်မည်။ အလုပ်အကိုင်သစ်များ ဖန်တီးပေးနိုင်မည်ဖြစ်သည်။ ကမ္ဘာကြီးသည် တိုးတက်လာသော ခေတ်ကြီးများနှင့်အညီ လိုက်ပါပြောင်းလဲလျက်ရှိသည်။ ဝင်ငွေ၊ နေရာဒေသ၊ ဓလေ့ထုံးစံကွဲပြားမှုများနှင့်အညီ စားသုံးသူများ၏ အကြိုက်လည်း ပြောင်းလဲသွားသည်။ လုပ်ငန်းရှင်သည် လျစ်လျူမရှုသင့်ပေ။ စားသုံးသူများ၏ အကြိုက်ကိုသိရှိ၍ စေတနာထား လိုက်ပါပြောင်းလဲပေးရန် အသင့်ရှိရပေမည်။ စားသုံးသူများ၏ အကြိုက်ကို သုတေသနပြုထားရန်လိုသည်။ စားသုံးသူများ၏ လိုအပ်ချက်၊ အကြိုက်အလိုက် စေတနာထား လိုက်ပါဖြည့်စွမ်းပေးခြင်းသည် မိမိလုပ်ငန်း တိုးတက်ရေး၊ ရေရှည်ရပ်တည်ရေးအတွက် လမ်းစဖြစ်သည်ကို သတိပြုသင့်ပါသည်။

### အောင်မြင်ရေးအတွက် သော့ချက်

ကုန်စည်၊ ဝန်ဆောင်မှု ဆောင်ရွက်သူသည် စားသုံးသူများ ယုံကြည်စိတ်ချစွာ ရယူသုံးစွဲကြရေးသည် အရေးကြီးသည်။ ခဏတာ ကြော်ငြာကောင်း၍ စတင်ထုတ်လုပ်သော ပစ္စည်းအရည်အသွေးကောင်းမွန်၍၊ ဂရုတစိုက်ဝန်ဆောင်မှု ပြည့်စုံ၍ အချိန်တိုအတွင်း လုပ်ငန်းအောင်မြင်ခြင်းထက် ရေရှည် အောင်မြင်တိုးတက်ရေးကို ဂရုပြုဆောင်ရွက်ကြရန်လိုသည်။ စားသုံးသူများ၏ စိတ်ထဲတွင် ထာဝစဉ်ယုံကြည်မှု ရှိနေခြင်းသည် လုပ်ငန်းများ အောင်မြင်ရေးအတွက် သော့ချက်ဖြစ်ကြောင်း မမေ့အပ်ပေ။ စားသုံးသူများကို လိမ်လည်လှည့်ဖြားသော ကြော်ငြာများ၊ စတင်ထုတ်လုပ်စဉ် အရည်အသွေးကောင်းကို မထိန်းသိမ်းဘဲ ပြီးစလွယ်ဖြင့် အမြတ်ရရှိရေးအတွက်သာ ဦးတည်ထုတ်လုပ်ဆောင်ရွက်ခြင်းများသည် စားသုံးသူများ၏ ယုံကြည်စိတ်ချရမှုကို ခဏတာသာရရှိပြီး မကြာမီ လုပ်ငန်းများ ပျက်စီးပြိုကွဲသွားနိုင်သည်။ လုပ်ငန်းများအပေါ် မှီခိုရပ်တည်နေသည့် လုပ်သားများ၏ ဘဝများပါ ပျက်စီးသလို ဖြစ်သွားနိုင်သဖြင့် ကုန်စည်၊ ဝန်ဆောင်မှုပြုသူ လုပ်ငန်းရှင်များသည် စားသုံးသူများ ထာဝစဉ် ယုံကြည်မှုရရှိစေရေးအတွက် ဆောင်ရွက်သင့်သည်။ ခဏတာ အကျိုးအမြတ်ရရှိရေးထက် ရေရှည်အကျိုးအမြတ်ရရှိရေးအတွက် ဦးတည်ဆောင်ရွက်သင့်သည်။

ကမ္ဘာ့ကုလသမဂ္ဂ၏ ကမ္ဘာလုံးဆိုင်ရာ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုအတွက် ရည်မှန်းချက်ပန်းတိုင် ၁၇ ခု ချမှတ်ထားရာတွင် ဆင်းရဲငတ်မွတ်မှုပပျောက်ရေး၊ ရေရှည်တည်တံ့သည့် မြို့တော်များနှင့်လူမှုပတ်ဝန်းကျင် ဖန်တီးပေးရေး၊ ကုန်းနေ၊ ရေနေ သတ္တဝါများ ဂေဟစနစ်ညီမျှစေရေး၊ ရာသီဥတုမျှတစေရန် ဆောင်ရွက်ပေးရေးတို့ ပါဝင်သလို Goal 12: Responsible Consumption and Production ဟု စားသုံးမှုနှင့်ထုတ်လုပ်မှုကို ပမာဏမျှတစွာဖြင့် ချင့်ချိန်၍ ကုန်နိုင်သည့် ပမာဏခန့်သာ သုံးစွဲရေး၊ ထုတ်လုပ်ပေးနိုင်ရေးအတွက် စဉ်းစားထည့်သွင်းထားသည်ကို တွေ့ရသည်။ ကမ္ဘာကြီးသည် ရွာကြီးတစ်ရွာအလားဖြစ်နေသည်။ ကမ္ဘာ့အရှေ့ခြမ်းမှ အဖြစ်အပျက်များကို ကမ္ဘာ့အနောက်ခြမ်းမှ စက္ကန့်ပိုင်းအတွင်း သိရှိလာကြသည်။ ဆက်သွယ်ရေးနည်းပညာများ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာ၍ အခြားနယ်ပယ်များ၏ လုပ်ငန်းများ ပိုမိုလျင်မြန်လာသည်။ စီးပွားရေးလုပ်ငန်းများတွင် အဟန့်အတားဖြစ်နေသော၊ အချိန်၊ သတင်းအချက်အလက် စသည်တို့မှာ ယခုအခါ မရှိသလောက်နည်းပါးသွားပေသည်။ အဆိုပါကျော်လွှားနေသည့် အချိန် ၊ သတင်းအချက်အလက်များမှ စီးပွားရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရန် ကျွမ်းကျင်စွာ ၊ အကျိုးရှိစွာ အသုံးပြုတတ်ရန်လိုသည်။ မိမိကုန်စည်၊ ဝန်ဆောင်မှုလုပ်ငန်းများအား စားသုံးသူများထံ မှန်ကန်တိကျသော သတင်းအချက်အလက်များ ပေးနိုင်သည်။ တာဝန်ခံမှု၊ တာဝန်ယူမှုများဖြင့် အောင်မြင်သော စီးပွားရေးလုပ်ငန်းများ ဖော်ဆောင်ရန် လိုအပ်သည်။

### အဆုံးအဖြတ်ပေးနေသူများ

စားသုံးသူများသည် ကုန်စည်၊ ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော စီးပွားရေးလုပ်ငန်းများ အောင်မြင်ရေး ၊ ရေရှည်တည်တံ့ခိုင်မာစွာ ရပ်တည်နိုင်ရေးအတွက် အဆုံးအဖြတ်ပေးနေသူများဖြစ်သည်ကို မမေ့သင့်ပေ။ စားသုံးသူများသည် တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်ဖြင့် စေတနာထားဆောင်ရွက်ခြင်းဖြင့် လုပ်ငန်းများ ပိုမိုအောင်မြင်လာမည်။ အလုပ်အကိုင်သစ်များ ဖန်တီးပေးလာနိုင်မည့်အပြင် လူ့စွမ်းအားအရင်းအမြစ်များ တိုးတက်လာမည်။ ပြည်ပသို့ ဈေးကွက်တိုးချဲ့လာနိုင်မည်ဖြစ်သကဲ့သို့ စားသုံးသူများသည်လည်း စိတ်ကျေနပ်မှုရရှိမည်။ ကျန်းမာသက်ရှည်စွာဖြင့် လူ့သက်တမ်းစေ့ နေထိုင်နိုင်မည်။ စားသုံးသူများကို စေတနာထားသောအားဖြင့် ဘေးဥပဒ်အန္တရာယ်ကင်းရှင်းမှုမရှိသော၊ ထုတ်ကုန်များ လုံခြုံစိတ်ချရမှုမရှိသော ကုန်စည်၊ ဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်ခြင်းမပြုရန် လိုအပ်သည်။

### အရေးယူနိုင်မှု အားနည်းနေဆဲ

**နိုင်ငံပိုင်သတင်းစာများတွင် ကျန်းမာရေးဝန်ကြီးဌာနမှ “စားသုံးရန်မသင့်”၊ “သုံးစွဲရန်မသင့်” စသည့် အသိပေးနှိုးဆော်ချက်များကို မကြာခဏ ထုတ်ပြန်လေ့ရှိသည်။ စားသုံးရန်မသင့် ကြေညာချက် အများစုသည် အစားအသောက်များ၌ ခွင့်မပြုထားသော ဆိုးဆေးနှင့်ဓာတု ပစ္စည်းများ ပါဝင်ခြင်း၊ မြေပဲဆီအချို့တွင် စားအုန်းဆီများ ရောနှောထားခြင်း၊ ငရုတ်သီးမှုန့်များ၌ မှိုအဆိပ် (Aflatoxin B1) ပါဝင်နေခြင်း စသည့် ဖော်ပြချက်များဖြစ်သည်။ သို့ရာတွင် ယင်းစားသောက်ကုန်ပစ္စည်းများအား စားသုံးရန် မသင့်ကြောင်း သတိပေးရုံမှတစ်ပါး ကျင့်ဝတ်ဖောက်ဖျက်သူများအပေါ် အပြစ်ပေး အရေးယူနိုင်မှုမှာ အလွန့်အလွန် အားနည်းနေဆဲဖြစ်သည်။**

မြန်မာနိုင်ငံတွင် စားသုံးသူကာကွယ်ရေးနှင့် စပ်လျဉ်း၍ စီမံခန့်ခွဲမှုစနစ်များ အားနည်းခြင်းနှင့် တည်ဆဲဥပဒေများအား အကောင်အထည်ဖော်ရာ၌ တာဝန်ယူမှု၊ တာဝန်ခံမှုမရှိခြင်းတို့မှာ အစားအသောက်များ ဘေးကင်းလုံခြုံမှုအတွက် အဓိကစိန်ခေါ်မှုများဖြစ်နေဆဲဖြစ်သည်။ ထို့ပြင် Economist Intelligence Unit (EIU) ၏ ၂၀၁၇ ခုနှစ် ကမ္ဘာလုံးဆိုင်ရာ အစားအစာ ဘေးအန္တရာယ်ကင်းရှင်းမှု အညွှန်းကိန်းတွင် အစားအစာအရည်အသွေးပိုင်း ၊ ဘေးကင်းမှုအပိုင်းတွင် နိုင်ငံပေါင်း ၁၁၃ နိုင်ငံရှိသည့်အနက် အဆင့်(၇၁)နေရာ၌ ရှိနေသည်ဖြစ်ရာ တာဝန်ရှိသူများအနေဖြင့် အစားအသောက် ဘေးကင်းမှုစံနှုန်းများအတိုင်း လိုက်နာစေရေး၊ စားသုံးသူများထိုက်တန်သည့် ဝန်ဆောင်မှုများ ရရှိရေးတို့ကို ထိရောက်စွာ အကာအကွယ်မပေးနိုင်ပါက ပြဋ္ဌာန်းပြီးဖြစ်သည့် စားသုံးသူကာကွယ်ရေး ဥပဒေ၏ ရည်ရွယ်ချက်များ အထမြောက်ရန် ခက်ခဲနေဦးမည်ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။ ။

# အထူးဈေးနှုန်းဖြင့် ဒီဇယ်ဆီဖြန့်ဖြူးရောင်းချမှု အစီအစဉ်

**နေပြည်တော် ဖေဖော်ဝါရီ ၄**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ စက်သုံးဆီတင်သွင်းဖြန့်ဖြူးရောင်းချရေးအသင်းတို့ ပူးပေါင်းစီစဉ်မှုဖြင့် ပြည်သူများ သက်သာသောဈေးနှုန်းဖြင့် ဝယ်ယူရရှိနိုင်ရန် ရည်ရွယ်၍ ဗဟိုဘဏ်မှ ရည်ညွှန်းငွေလဲနှုန်းဖြင့် တိုက်ရိုက်ရောင်းချပေးသည့် နိုင်ငံခြားငွေအမေရိကန်ဒေါ်လာ ၃၄ သန်းဖြင့် စက်သုံးဆီ မှာယူတင်သွင်းခဲ့သည့် ကုမ္ပဏီ ၂၆ ခုမှ ဒီဇယ်ဆီဂါလန် ၁၂ ဒသမ ၅၄ သန်းခန့်ကို အထူးဈေးနှုန်းဖြင့် ဖြန့်ဖြူးရောင်းချပေးသွားမည်ဖြစ်ပြီး ဇန်နဝါရီ ၁၁ ရက်မှစတင်၍ ကုမ္ပဏီ ၁၁ ခုမှ တိုင်းဒေသကြီး/ ပြည်နယ်များရှိ စက်သုံးဆီအရောင်းဆိုင် စုစုပေါင်း ၉၉ ဆိုင်တွင် ဖြန့်ဖြူးရောင်းချပေးလျက်ရှိသည်။

ပြည်သူများအနေဖြင့် အထူးဈေးနှုန်းဖြင့် ရောင်းချပေးမည့် စက်သုံးဆီအရောင်းဆိုင်များတွင် ဒီဇယ်ဆီများကို မြန်မာရေနံနှင့် ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာနမှ ထုတ်ပြန်ထားသော ရည်ညွှန်းဈေးနှုန်းအတိုင်း ဝယ်ယူရရှိနိုင်မည်ဖြစ်ပြီး ဒီဇယ်ဆီဈေးနှုန်းများကို မြန်မာနိုင်ငံ စက်သုံးဆီတင်သွင်းရောင်းချဖြန့်ဖြူးရေးအသင်း၏ www.mpta.org.mm တွင် နေ့စဉ်ထုတ်ပြန်ပေးလျက်ရှိနေသည်။

ပြည်သူများအနေဖြင့် ဒီဇယ်ဆီများကို တိုင်းဒေသကြီး/ ပြည်နယ်အလိုက် သတ်မှတ်စက်သုံးဆီအရောင်းဆိုင်များတွင် သတ်မှတ်ဈေးနှုန်းများအတိုင်း ဝယ်ယူရရှိခြင်းမရှိပါက ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးလုပ်ငန်းကော်မတီ ဖုန်း ၀၉-၆၆၄၀၇၅၆၈၃၊ ၀၉-၆၆၄၅၉၆၃၂၇၊ ၀၉-၆၈၇၆၃၅၉၄၃၊ ၀၉-၆၇၆၃၂၀၈၂၆ စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဖုန်း ၀၁-၂၅၀၂၇၀၊ မြန်မာနိုင်ငံ စက်သုံးဆီတင်သွင်းဖြန့်ဖြူးရောင်းချရေးအသင်း ဖုန်း ၀၉၄၂၁၀၀၆၇၉၄ တို့ကို ဆက်သွယ်တိုင်ကြားနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

**တိုင်းဒေသကြီး / ပြည်နယ်များတွင် ရောင်းချလျက်ရှိသော စက်သုံးဆီအရောင်းဆိုင်များစာရင်း**

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ရောင်းချသည့် ဆိုင်အရေအတွက် |
|---|---|---|
| ၁ | ရန်ကုန်တိုင်းဒေသကြီး | ၂၀ |
| ၂ | မန္တလေးတိုင်းဒေသကြီး | ၂၁ |
| ၃ | နေပြည်တော် | ၂ |
| ၄ | ပဲခူးတိုင်းဒေသကြီး | ၉ |
| ၅ | မကွေးတိုင်းဒေသကြီး | ၇ |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၂ |
| ၇ | ဧရာဝတီတိုင်းဒေသကြီး | ၁၀ |
| ၈ | ကချင်ပြည်နယ် | ၂ |
| ၉ | မွန်ပြည်နယ် | ၉ |
| ၁၀ | ရခိုင်ပြည်နယ် | ၆ |
| ၁၁ | ရှမ်းပြည်နယ် | ၁၁ |
| | **စုစုပေါင်း** | **၉၉** |

# လူမျိုးမရွေး ဘာသာမရွေး ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် ဖေဖော်ဝါရီ ၄**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ ဘာသာရေး ခေါင်းဆောင်များအပါအဝင် လူမျိုးမရွေး ဘာသာမရွေး အသက် ၄၀ အထက် ဒေသခံပြည်သူများ၊ အကျဉ်းသားအကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင် စခန်းများအတွင်းရှိ ပြည်သူများ၊ အသက် ၁၂ နှစ်အထက် အခြေခံပညာ အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများ စသည့်ဦးတည်အုပ်စုများ သတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေး ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။



တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံပေးစဉ်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၃ ရက်နှင့် ယနေ့တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) အတွင်းရှိ မြို့နယ် ၁၁ မြို့နယ်၌ ဒေသခံပြည်သူ ၂၆၇၂ ဦး၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၀ မြို့နယ်၌ ဒေသခံပြည်သူ ၁၈၃၄ ဦး၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်၌ ဒေသခံပြည်သူ ၂၂၀၈ ဦး၊ ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်၌ ဒေသခံပြည်သူ ၂၃၇ ဦးနှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၌ ဒေသခံပြည်သူ ၁၇၃၂၀ တို့ကို တပ်မတော်ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေး ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးသည်။

ထို့အတူ ကျောင်းသားကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ဖေဖော်ဝါရီ ၃ ရက်နှင့် ယနေ့တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့နှင့် နမ့်ခမ်းမြို့တို့၌ ကျောင်းသားကျောင်းသူ ၇၅၀၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ကျောင်းသားကျောင်းသူ ၉၃၅ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှု အားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**


# အသိပေးကြေညာချက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁၀.၁၂.၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၃၆၆/၂၀၂၁ ဖြင့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီကို ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ **“ကုန်သွယ်မှုဆောင်ရွက်ရာတွင် ဌာနဆိုင်ရာအဖွဲ့အစည်းများမှ ငွေကြေးတောင်းခံမှုသတင်းများ”**နှင့် ပတ်သက်၍ အောက်ဖော်ပြပါ တယ်လီဖုန်း၊ ဖက်စ်ဖုန်းနှင့်အီးမေးလ် လိပ်စာတို့ကို လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

**ဆက်သွယ်ရန်**

အော်တိုတယ်လီဖုန်းနံပါတ် - ၀၆၇ ၄၀၉ ၈၈၁
လက်ကိုင်ဖုန်းနံပါတ် - ၀၉ ၆၉၉၆၁၁၁၁၆
ဖက်စ်ဖုန်းနံပါတ် - ၀၆၇ ၄၀၉ ၈၈၇
အီးမေးလ်လိပ်စာ - antiillegaltradeoffice@gmail.com

**တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး**
**ဦးဆောင်ကော်မတီ**


# ညောင်ဦးမြို့၌ ရှေးဟောင်းသုတေသနဆိုင်ရာ စာတမ်းဖတ်ပွဲကျင်းပ



**ညောင်ဦး ဖေဖော်ဝါရီ ၄**

ရှေးဟောင်း သုတေသနဆိုင်ရာ စာတမ်းဖတ်ပွဲ(၁/၂၂)ကို ပုဂံရှေးဟောင်းသုတေသနပြတိုက် အစည်းအဝေးခန်းမ၌ ဇန်နဝါရီ ၃၁ ရက်က ကျင်းပသည်။**(အပေါ်ပုံ)**

စာတမ်းဖတ်ပွဲကို နံနက်ပိုင်းနှင့် နေ့လယ်ပိုင်း နှစ်ပိုင်းခွဲခြား၍ စာတမ်းခြောက်စောင် ဖတ်ကြားခဲ့ရာ နံနက်ပိုင်းအစီအစဉ်တွင် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်ဦးလွင်က အမှာစကားပြောကြား၍ ညွှန်ကြားရေးမှူး ဦးကျော်မျိုးဝင်းက စာတမ်းဖတ်ပွဲကျင်းပသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး စာတမ်းရှင်များက စာတမ်းများကို ဖတ်ကြားသည်။

နေ့လယ်ပိုင်း အစီအစဉ်တွင် စာတမ်းရှင် ဒေါ်ဥမ္မာကျော် (ဒု-ဦးစီးမှူး)က “မြန်မာ့ရိုးရာ ထန်းယဉ်ကျေးမှု အကြောင်း လေ့လာချက်” စာတမ်းနှင့် စာတမ်းရှင် ဒေါ်ခင်မာချို (ဦးစီးအရာရှိ)က “ဇာတ်စုံညီနောင်ဘုရား နံရံဆေးရေးပန်းချီလေ့လာချက်” စာတမ်းကို ဖတ်ကြားပြီးနောက် ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက သဘာပတိများနှင့် စာတမ်းရှင်များအား အမှတ်တရ လက်ဆောင်များ ပေးအပ်ကာ ညွှန်ကြားရေးမှူးချုပ်က နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**မောင်မောင်ထိန်**
**(ကျောက်ပန်းတောင်း)**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၅-၂-၂၀၂၂ စနေနေ့

**MRTV HD**

| | | | |
|---|---|---|---|
| ၀၆:၀၀ | မေတ္တသုတ်၊ ရတနသုတ်၊ ဗောဇ္ဈင်္ဂသုတ် အန္တရာယ်ကင်းပရိတ်တရားတော် | ၁၆:၄၅ | ရှုဖွယ်စုံလင်အာဆီယံအစီအစဉ် |
| ၀၇:၀၀ | နံနက်ခင်းသတင်း | ၁၇:၁၀ | ရှုလေမြင်လေကမ္ဘာမြေ |
| ၀၉:၃၀ | စိန်ရတုပြည်ထောင်စုနေ့ ဝှက်မြူတေး | ၁၇:၂၅ | စည်းလုံးခြင်းသည်အင်အား |
| ၀၉:၃၅ | ခေတ်အလိုက်ကြေးမုံပြင် 'မြန်မာ့ပန်းချီပြခန်း' (အပိုင်း-၂) | ၁၇:၃၀ | အလှဖြာဝေငွေတောင်ပြည် |
| ၁၀:၀၀ | သတင်းထဲကသတင်း | ၁၈:၀၀ | ပြည်တွင်းသတင်း |
| ၁၀:၃၀ | လူငယ်မျိုးဆက်သစ်အစီအစဉ် | ၁၈:၃၀ | သုတဝေဖြာသီရိဂေဟာ |
| ၁၁:၁၅ | ကယားတိုင်းရင်းသားတို့ရဲ့ ချစ်စရာရိုးရာအိမ်ကလေးများ | ၁၉:၁၅ | နိုင်ငံခြားဇာတ်လမ်းတွဲ 'အမှန်တရားရဲ့လျှို့ဝှက်ချက်' (အပိုင်း-၆၀) |
| ၁၁:၄၀ | ကယားရိုးရာအစားအစာမုန့်ညင်းချဉ် နှင့်ဝက်ရိုးဟင်း | ၂၀:၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ |
| ၁၃:၃၀ | MRTV National News | ၂၁:၀၀ | စိန်ရတုပြည်ထောင်စုလွှတ်တော်ဖလား ပြိုင်ပွဲထုတ်လွှင့်မှုအစီအစဉ် (ဒုတိယအဆင့်ပွဲစဉ်) |
| ၁၅:၀၅ | ကယားမျိုးနွယ်စုတို့ရဲ့ဝတ်စားဆင်ယင်မှု | | |
| ၁၅:၃၅ | စိန်ရတုပြည်ထောင်စုနေ့ ဝှက်မြူတေး | | |
| ၁၆:၃၅ | ပုံပြင်ကမ္ဘာအစီအစဉ် | | |

သောကြာနေ့ ညတိုင်းတွင် တေးဂီတဖျော်ဖြေပွဲ တိုက်ရိုက် (LIVE) ထုတ်လွှင့်ပေးလျက်ရှိပါသည်

MRTV online www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal SCAN ME

**mitv**

| | |
|---|---|
| 07:01 | Union Blood (Pann Nu Yin, Pann Su Thwin) |
| 07:07 | Weekly Review |
| 07:23 | Natural Mineral Water |
| 07:39 | Myanmar Designer Studio: Yone Yone |
| 08:01 | Quiz Time (Ep-7) |
| 09:01 | News |
| 09:26 | Global Partnership for Brighter Future: Costa Rita Pavilion at Expo 2020 Dubai |
| 09:35 | Tahbuhla Dam & Oakkan Chaungtha |
| 09:46 | Finding Ways for Coexistence between People and Elephants |
| 10:01 | Licuala Palm Leaf |
| 10:10 | Chef Life: Ce'dric Davoine (French Chef) |
| 10:34 | Myanmar's Traditions and Culture: Caves of Myanmar |

**MRTV NRC**

**ပအိုဝ်းကရင် (၀၆:၀၀ မှ ၀၇:၀၀)**
သဲသောမှုသဲသောဘွားရေတာ့ခွန်သို့ အလည်တစ်ခေါက်

**အနောက်ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)**
ရောဝတီရဲ့အရိုင်းဆန်တဲ့အလှ ဂေါ်ရန်ဂျီ (အပိုင်း-၃)

**အရှေ့ပိုးကရင် (၀၈:၀၀ မှ ၀၉:၀၀)**
ဘိုးဘိုးရဲ့အနုပညာတန်ဖိုးလက်ရာ

**ချင်း (လိုင်ဇိုး) (၀၉:၀၀ မှ ၁၀:၀၀)**
စီးပွားဖြစ်လာသည့်ချင်းရိုးရာအထည်လုပ်ငန်း

**ချင်း (ချိုး) (၁၀:၀၀ မှ ၁၁:၀၀)**
နိုင်းယုဉ် ဆုံးမစကားပုံများ

**မွန် (၁၁:၀၀ မှ ၁၃:၀၀)**
ရောင်စုံပန်းတို့ရဲ့ဒိုင်ယာရီ

**ရခိုင် (၁၃:၀၀ မှ ၁၅:၀၀)**
လေးရှင်းတောင်မီးပြတိုက်

**ရှမ်း (၁၅:၀၀ မှ ၁၇:၀၀)**
ရှမ်းဘာသာစကားပြောကြရအောင်(အပိုင်း-၁)

**ဝ (၁၇:၀၀ မှ ၁၉:၀၀)**
ဝရိုးရာခေါင်းပေါင်းထုတ်ထောင်းနည်း

**ကချင် (၁၉:၀၀ မှ ၂၁:၀၀)**
ကြက်ဆန်ပျော့

**ကယား (၂၁:၀၀ မှ ၂၃:၀၀)**
ပန်ပက်ကျေးရွာမှကယန်းတိုင်းရင်းသားများ

**MRTV PARLIAMENT**

| | |
|---|---|
| ၀၉:၀၀ | အဖွင့်၊ အလံ |
| ၀၉:၃၀ | ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'ပြည်သူ့ဝန်ထမ်း' |
| ၁၀:၀၀ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ |
| ၁၀:၃၀ | ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း (အပိုင်း-၃) |
| ၁၁:၀၀ | နိုင်ငံတကာရွေးကောက်ပွဲများ အကြောင်း (သီရိလင်္ကာနိုင်ငံ) (အပိုင်း-၂) |
| ၁၁:၃၀ | အတွေးအမြင် (အပိုင်း-၃) |

**MRTV SPORTS**

| | |
|---|---|
| ၀၆:၀၀ | အဖွင့် |
| ၀၆:၃၀ | အခြေခံအားကစားနည်းစနစ်များ |
| ၀၇:၀၀ | Sports News |
| ၀၇:၃၀ | Soccer View/ Weekly Sports Info |
| ၀၇:၄၅ | အားကစားလောကထဲက သူတို့အကြောင်း |
| ၀၈:၀၀ | ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ |
| ၂၀:၀၀ | ပြည်တွင်းသတင်း |

MRTV Farmers' Channel MRTV FARMERS' တို့ နေ့စဉ် နံနက် (၆:၀၀) နာရီမှ ည (၁၀:၀၀) နာရီထိ Education Channel တို့ ဝနေ့တနင်္ဂနွေမှအပ နံနက် (၁၀:၀၀) နာရီမှ ည (၁၀:၀၀) နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

# ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၄**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

၅-၂-၂၀၂၂ ရက်(စနေနေ့)တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ်အတွဲ (၅၄)၊ အမှတ် ၆ ၌ အလွန်ဒေါသကြီးသော မောင်ရိုးအကြောင်း ရေးဖွဲ့ထားသည့် "ဒေါသကုမ္ဘဏ် မောင်ရိုး" မျက်နှာဖုံးကာတွန်း၊ လူတို့ နေ့စဉ်ရှူရှိုက်နေသော လေထုအကြောင်းနဲ့ ခန္ဓာကိုယ်၏ အသက်ရှူသွင်း ရှူထုတ်လုပ်ပုံ လုပ်ငန်းစဉ်အကြောင်းကို ကျန်းမာရေးဗဟုသုတဖြစ်ဖွယ် တင်ဆက်ထားသည့် "အသက်ရှူသွင်း ရှူထုတ်ခြင်း" သုတဆောင်းပါး၊ ကလေးတို့ ပါဝင်သရုပ်ဖော်ထားသည့် ကာတွန်းလက်ရာများကို တင်ဆက်ထားသည့် "ရွှေသွေးတို့ လက်ရာ" ကဏ္ဍ၊ ဝါသနာပါသည် ဖြစ်စေ၊ မပါသည်ဖြစ်စေ မိမိလုပ်သော အလုပ်ကို အကောင်းဆုံး လုပ်ဆောင်ပါက ရလဒ်ကောင်းများ ရရှိနိုင်ပုံအကြောင်း တင်ဆက်ထားသည့် "ဖိုးလပြည့်" နှစ်မျက်နှာကာတွန်း၊ တကယ်ကြိုးစားပါက ဘယ်အချိန်ဘယ်အရွယ်မဆို သင်ယူတတ်မြောက်နိုင်ကြောင်းကို ရဟန်းကြီးတစ်ပါးက သက်သေပြလိုက်ပုံအကြောင်း ရေးဖွဲ့ထားသည့် "ပညာလိုအိုသည်မရှိပါ" ပုံပြင်ကဏ္ဍ၊ ပတ်ဝန်းကျင်သန့်ရှင်းရေး လုပ်နေသော လူငယ်လေးတစ်ယောက်အကြောင်းကို ရေးဖွဲ့ထားသည့် "ဖိုးသား" တစ်မျက်နှာကာတွန်း၊ သချာကို အမြဲတွက်ချက်သော အလေ့အကျင့်ကို လုပ်တော့မည်ဆိုသော စတုတ္ထတန်းကျောင်းသားလေး မောင်မောင်တင်အကြောင်းကို တင်ဆက်ထားသည့် "စိတ်တွက်သချာ" ဝတ္ထုကြကဏ္ဍအပါအဝင် ဉာဏ်စမ်းကဏ္ဍ၊ အင်္ဂလိပ်စကားဝိုင်းကဏ္ဍနှင့် ကဗျာကဏ္ဍ စုံလင်စွာဖြင့် ထွက်ရှိပြီဖြစ်ရာ တစ်စောင်လျှင် ငွေကျပ် ၃၀၀ ဖြင့် စာပေဗိမာန်စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။

**ဇော်ဝင်းထွန်း**




## ဘင်္ဂလားပင်လယ်အော် အခြေအနေ

**နေပြည်တော် ဖေဖော်ဝါရီ ၄** - ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

**မိုး/ဇလ**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၄ - ၂ - ၂၀၂၂

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၈၇၈၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၇၆၇၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၈၇၆၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၇၆၅၆၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၆၃၀/၁၆၅၀ ကျပ် | ၁၆၅၀/၁၆၇၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၆၄၀/၁၆၆၀ ကျပ် | ၁၆၇၅/၁၆၉၅ ကျပ် |
| အောက်တိန်း ၉၂ | ၁၆၀၀/၁၆၂၅ ကျပ် | ၁၆၅၀/၁၆၈၀ ကျပ် |
| အောက်တိန်း ၉၅ | ၁၆၅၅/၁၆၉၅ ကျပ် | ၁၇၆၀/၁၇၈၅ ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၇၇၈ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၀၃၆ . ၉ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၃၂၂ . ၇ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၃ . ၉၁၁ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၅၄၅ . ၅ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၂၅ . ၅၁ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၇၉ . ၅၂ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၃ . ၈၀၂ |

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၂၀၀ | ၈၂၀၀ | ၁၀၅၃ | ၈၆၃၄၆၀၀ |
| MTSH | ၃၀၀၀ | ၃၀၀၀ | ၃၃၀ | ၄၅၉၃၀၀၀ |
| MCB | ၈၀၀၀ | ၈၀၀၀ | ၃၉ | ၃၁၂၀၀၀ |
| FPB | ၀ | ၀ | ၀ | ၀ |
| TMH | ၂၅၅၀ | ၂၅၅၀ | ၅ | ၁၂၇၅၀ |
| EFR | ၀ | ၀ | ၀ | ၀ |
| AHP | ၀ | ၀ | ၀ | ၀ |

ညီညီ - စုစည်းသည်

**မြန်မာ့အလင်း**

| | |
|---|---|
| စာတည်းမှူးချုပ် | - အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - မြင့်စိုး |
| သတင်းထောက်မှူး | - ခင်ရတနာ |
| စာတည်းများ | - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး |
| ဘာသာပြန်စာတည်း | - ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်းသတင်းထောက်များ | - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော် |
| အငယ်တန်းသတင်းထောက်များ | - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး |
| ဓာတ်ပုံသတင်းထောက် | - တင်စိုး |
| သုတေသန | - အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ-** အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ **စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# တန့်ဆည်မြို့နယ်တွင် တရားမဝင်တင်ဆောင်လာသော နွား ၃၄ကောင် (ခန့်မှန်း တန်ဖိုးငွေကျပ် ၃၄၀၀၀၀၀၀) အား ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၄**

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၃ ရက်က မွန်ပြည်နယ် အကောက်ခွန်လုပ်ရှားစစ်ဆေးရေးအဖွဲ့နှင့် မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်း တာဝန်ကျပူးပေါင်းအဖွဲ့တို့သည် သတင်းအရရှောင်တခင်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ၁၂ ဘီး ကုန်တင်ယာဉ်ပေါ်တွင် သွင်းကုန်ကြေညာလွှာ ID ၌ ကြေညာထားသည်ထက် ပိုမိုတင်ဆောင်လာသော ကားတာယာမျိုးစုံ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၆၀၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Profia ၁၂ ဘီး ကုန်တင်ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀)ကိုလည်းကောင်း၊ ဘားအံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ခရီးသည်တင်ယာဉ်တစ်စီးပေါ်မှ ခရီးသည် ဝန်စည်များနှင့် အတူ ရောနှောတင်ဆောင်လာပြီး တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန် ပစ္စည်းများ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၄၀၀၀၀၀)ကိုလည်းကောင်း၊ စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၀၀၀၀၀) ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

အလားတူ ဖေဖော်ဝါရီ ၄ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဦးဆောင်သော စစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တန့်ဆည်မြို့နယ်တွင် တရားမဝင်တင်ဆောင်လာသော နွား ၃၄ကောင် (ခန့်မှန်း တန်ဖိုးငွေကျပ် ၃၄၀၀၀၀၀၀) အား တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေး လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဥပဒေအရလည်းကောင်း၊ **(ယာပုံ)** စစ်ကိုင်းမြို့နယ်တွင် (လိုင်စင်မဲ့) HONDA FIT ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၅၀၀၀၀၀၀) အား ပို့ကုန်သွင်းကုန် ဥပဒေအရလည်းကောင်း၊ တိုင်းဒေသကြီး သစ်တောဦးစီးဌာနက ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကျွန်းသစ်(ဖုံတို/တိုင်) ၃ ဒသမ ၁၆၆ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၅၀၀၀) သစ်တောဥပဒေအရလည်းကောင်း၊ စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇၅၈၅၀၀၀) ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနက ဦးဆောင်၍ ပူးပေါင်း စစ်ဆေးရေးအဖွဲ့များဖြင့် သတင်းအရသွားရောက်စစ်ဆေးခဲ့ရာ သာယာဝတီခရိုင် သစ်တောကြိုးဝိုင်းအတွင်း တရားမဝင် ကျွန်းသစ် ၁ ဒသမ ၂၀၄၀ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၀ ၆၀၀) ဖမ်းဆီးရမိခဲ့ပြီး သစ်တော ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

သို့ပါ၍ ဖေဖော်ဝါရီ ၃ ရက်နှင့် ၄ ရက်များတွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ခုနစ်မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၂၇၆၅ ၆၀၀) ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**



# အုတ်တွင်း၊ မရမ်းကုန်း၊ တာချီလိတ်နှင့် မိုင်းဆတ်မြို့နယ်တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၄**

ပဲခူးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၂ ရက် မွန်းလွဲ ၁၂ နာရီခွဲက အုတ်တွင်းမြို့နယ် ပေါက်တောကျေးရွာအုပ်စု လက်ပံခုံကျေးရွာအနီး အုတ်တွင်း – ပေါက်ခေါင်းသွား ကားလမ်းတွင် ကောင်းပြည့်ထူး မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၇၆၀ နှင့် မြန်မာငွေကျပ် ၂၃၀၀၀ တို့ကို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ မွန်းလွဲ ၂နာရီခွဲတွင် အုတ်တွင်းမြို့ ကြက်သွန်ခင်း (၂) ရပ်ကွက်နေ ရန်နောင်ထွန်း(ခ)အကြီးကောင်၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၇၀၊ မြန်မာ ငွေကျပ် ၃ ဒသမ ၄၉၆၅ သိန်းနှင့် နေအိမ်ခြံဝင်း အတွင်း HONDA STREAM အမျိုးအစားမော်တော်ယာဉ်တစ်စီးတို့ကိုလည်းကောင်း၊ ထိုနေ့ ည ၁၁ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မရမ်းကုန်းမြို့နယ် အမှတ် (၂)ရပ်ကွက် အထက်ဗဟိုလမ်းတွင် စွမ်းရည်ထက်(ခ)ကိုရှိုးအား မသင်္ကာဖွယ် တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၈၀၀နှင့် အိုက်စ် သုည ဒသမ ၀၁၁ ကီလို တို့ကိုလည်းကောင်း။

ဖေဖော်ဝါရီ ၃ ရက် နံနက် ၉ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့နယ် ဖန်မင် ကျေးရွာအုပ်စု ဆန်နားကျေးရွာနေ အိုက်နွန်း၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၄၀၀၊ အိုက်စ် သုည ဒသမ ၀၃ ကီလို၊ အက်တက်ဆီဆေးပြား နှစ်ပြားနှင့် ARMELEGANT ANG – 5 တံဆိပ်ပါ သေနတ် တစ်လက်၊ ၎င်းကျည်အိမ် တစ်ခု၊ ၎င်းကျည် သုံးတောင့်၊ ပွိုင့် ၂၂ ပြောင်းချော သေနတ် တစ်လက်၊ ၎င်းကျည်အိမ် တစ်ခု၊ ၎င်းကျည် သုံးတောင့်တို့ကို လည်းကောင်း၊ ယင်းနေ့ မွန်းလွဲ ၃ နာရီတွင် မိုင်းဆတ်မြို့နယ် စတုံးကျေးရွာအုပ်စု လွယ်ပါရင်(၁) ကျေးရွာအနီး မိုင်းဆတ်–တာချီလိတ် သွားလမ်းတွင် အိုက်ကွမ်(ခ) စိုင်းကောင်မောင်းနှင်ပြီး စိုင်းနော် လိုက်ပါလာသည့် VIGO အမျိုးအစား မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေး ရှာဖွေရာ မော်တော်ယာဉ် အင်ဂျင်ခန်းအတွင်းမှ စိတ်ကြွရူးသွပ် ဆေးပြား ၂၀၀၀၀၀ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများ ဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

○ *ကျော်ဖုံးမှ*

ယင်းပြိုင်ပွဲတွင် မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံလုပွဲအဖြစ် လက်ရှိချန်ပီယံ နယ်သာလန်နိုင်ငံသား ဒီရစ်ဒါနှင့် စိန်ခေါ်သူ ကာဂျစ္စတန် နိုင်ငံသား အဘာဆော့ဗ်၊ လိုက်ဟဲဗီးဝိတ်တန်း ကစ်ဘောင်ဆင် ကမ္ဘာ့ချန်ပီယံလုပွဲအဖြစ် လက်ရှိချန်ပီယံ ယူကရိန်းနိုင်ငံသား ရိုမန်နှင့် စိန်ခေါ်သူ နယ်သာလန်/တူရကီနိုင်ငံသား မူရတ်၊ ဖယ်သာဝိတ်တန်း မွေထိုင်းကမ္ဘာ့ချန်ပီယံလုပွဲအဖြစ် လက်ရှိချန်ပီယံ ထိုင်းနိုင်ငံသား ပတ်ချာမိုရာကော့သ်နှင့်စိန်ခေါ်သူ ရုရှားနိုင်ငံသား ဂျမေးလ်ယူဆူ ပေ့ါဗ်တို့ ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်ပြီး မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံဟောင်း နှစ်ဦးဖြစ်သည့် အောင်လအန်ဆန်နှင့် ဘစ်ဒက်ရှ်ပွဲကို မစ်ဒယ်ဝိတ်တန်း စိန်ခေါ်ပွဲအဖြစ်ယှဉ်ပြိုင်ထိုးသတ်သွားမည်ဖြစ်သည်။ အောင်လအန်ဆန်နှင့် ဘစ်ဒက်ရှ်သည် တတိယအကြိမ် တွေ့ဆုံခြင်းဖြစ်ပြီး ပြီးခဲ့သည့် နှစ်ကြိမ်တွင် တစ်ကြိမ်စီ အနိုင်ရထားသည်။ ယင်းကစား သမားနှစ်ဦးသည် ပြီးခဲ့သည့် နှစ်ကြိမ်တွေ့ဆုံရာတွင် ကမ္ဘာ့ချန်ပီယံလုပွဲအဖြစ် ယှဉ်ပြိုင်ထိုးသတ်ရခြင်းဖြစ်ပြီး ယခုအကြိမ်တွင်မူ စိန်ခေါ်ပွဲအဖြစ် ထိုးသတ်ရခြင်းဖြစ်သည်။

အောင်လအန်ဆန်သည် မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံဆုကို ၂၀၂၀ ပြည့်နှစ် အောက်တိုဘာတွင် လက်လွတ်ရပြီးနောက်ပိုင်း စိန်ခေါ်ပွဲများသာ ထိုးသတ်နေရပြီး ကမ္ဘာ့ချန်ပီယံဆုကို ပြန်လည်စိန်ခေါ်ခွင့် မရသေးကြောင်း သိရသည်။ အောင်လအန်ဆန်နှင့် ဘစ်ဒက်ရှ်ပွဲမှ အနိုင်ရသူမှာ လာမည့်ပွဲတွင် မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံဆုကို ပြန်လည်စိန်ခေါ်ခွင့် ရဖွယ်ရှိနေသည်။

**သတင်း–ရဲရင့်လွင်၊ ဓာတ်ပုံ ONE Championship**



"အဂတိပယ်ခွာ ပြည်သာယာ"
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။
၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။
၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာ အပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။
၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။
၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

### လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊ စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇–၈၁၀၃၃၄၇၊
၀၆၇–၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

# နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် ဖေဖော်ဝါရီ ၄**

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း) နှင့် (အရှေ့ပိုင်း)၊ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျားမိုးထစ်ချုန်း ရွာနိုင်သည်။

**မိုး/ဇလ**

# ရန်ကုန်ငါးလုပ်ငန်းသိပ္ပံကျောင်း ပထမနှစ်ကို ဘာသာရပ် ၁၅ ခုဖြင့် ဖွင့်လှစ်သင်ကြားမည်

**ရန်ကုန် ဖေဖော်ဝါရီ ၄**

၂၀၂၂ ခုနှစ် ဇွန်လပထမပတ်တွင် ရန်ကုန်-တွံတေးကားလမ်း၊ ဇီးဖြူကုန်းချောင်းအနီးရှိ ငါးလုပ်ငန်းသိပ္ပံကျောင်းကို ပထမနှစ် ကျောင်းသား ကျောင်းသူ ၄၀ ဖြင့်ဘာသာရပ် ၁၅ ခု သတ်မှတ်၍ လေ့ကျင့်သင်ကြား ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း နေပြည်တော် ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

ငါးလုပ်ငန်းလုပ်ကိုင်မှုအများဆုံးဖြစ်သော ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့အတွက် အချက်အချာကျရာ ရန်ကုန်-တွံတေး ကားလမ်း၊ ဇီးဖြူကုန်းချောင်းအနီး၌ တည်ဆောက်ထားသည့် ငါးလုပ်ငန်းသိပ္ပံကျောင်းကြီးတွင် ပထမနှစ် ကျောင်းသား ကျောင်းသူ ၄၀ ဖြင့် စတင်ဖွင့်လှစ်ခြင်းဖြစ်ပြီး စာတွေ့၊ လက်တွေ့ဘာသာရပ်များကို သင်ကြားပေးသွားမည်ဖြစ်သည်။

"ငါးလုပ်ငန်းသိပ္ပံကျောင်းအနေအထားပေါ်မူတည်ပြီး ကျောင်းသူ ကျောင်းသား ၄၀ ကို လက်ခံသင်ကြားပေးသွားမှာပါ။ နောင်နှစ် ကျောင်းဆောင်တွေတိုးချဲ့ပြီးရင် ကျောင်းသားဦးရေ တိုးမြှင့်လက်ခံသွားဖို့ရှိတယ်။ ငါးလုပ်ငန်းကိုအဓိကထားပြီး မေဂျာဘာသာရပ်တွေ အဖြစ်သင်ကြားပေးသွားမှာပါ။ ကျောင်းပြီးသွားရင် ငါးလုပ်ငန်းရှင်တွေနဲ့ ချိတ်ဆက်ဆောင်ရွက်ပြီး အလုပ်အကိုင်ရရှိဖို့ဆွေးနွေးထားပြီးတော့ အလုပ်အကိုင်တွေရဖို့ ဆက်လက်ဆောင်ရွက်ဖို့ရှိပါတယ်။ ငါးလုပ်ငန်းသိပ္ပံကျောင်းဖွင့်လှစ်နိုင်တဲ့အတွက် ငါးမွေးမြူရေးကဏ္ဍမှာ လူငယ်တွေရဲ့အတွေးအခေါ်တွေ မြင့်မားလာပြီး ဌာနအတွက်လည်း ပိုပြီးအောင်မြင်မှုရရှိစေမှာပါ"ဟု နေပြည်တော် ငါးလုပ်ငန်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာထွန်းသိန်းက ပြောကြားသည်။

မြန်မာနိုင်ငံတွင် အလယ်အလတ်အဆင့် ငါးမွေးမြူရေးပညာရှင်များပေါ်ထွန်းလာရန်၊ လူငယ်များမိမိတို့တက်ရောက်ခဲ့သော ပညာဖြင့် သက်ဆိုင်သည့် အလုပ်အကိုင်များရရှိရန်၊ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများ လုပ်ဆောင်နိုင်ရန်နှင့် မြန်မာနိုင်ငံ၏ စားနပ်ရိက္ခာဖူလုံရေးတွင် အထောက်အပံ့ဖြစ်စေရန် စသည့်ရည်ရွယ်ချက်တို့ဖြင့် ငါးလုပ်ငန်းသိပ္ပံကျောင်းကို ဖွင့်လှစ်ခြင်းဖြစ်သည်။ အဆိုပါကျောင်းတွင် သုံးနှစ်တက်ရောက်ပြီးပါက ဒီပလိုမာရရှိမည်ဖြစ်ပြီး ကွာလီဖိုင်းဝင်သော ကျောင်းသားများအနေဖြင့် မွေးမြူရေးဆေးတက္ကသိုလ်တွင် နှစ်နှစ်ဆက်လက်တက်ရောက် အောင်မြင်ပါက ဘွဲ့တစ်ခု ထပ်မံရရှိမည်ဖြစ်သည်။

ထိုသို့ ငါးလုပ်ငန်းသိပ္ပံကျောင်းဖွင့်လှစ်နိုင်ရန် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်က ကြိုတင်ပြင်ဆင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး သင်တန်းသား ၄၀ ဆံ့ အဆောက်အအုံ၊ အိပ်ဆောင်၊ ထမင်းစားဆောင်နှင့် ဝန်ထမ်းအိမ်ရာများကို တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ မြန်မာနိုင်ငံ ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ငါးနှင့်ပတ်သက်သော ပညာရှင်များ မွေးထုတ်ပေးနိုင်ရန်နှင့် ရေသတ္တဝါမွေးမြူရေးကို စိတ်ပါဝင်စားသော လူငယ်များ တက်ရောက်သင်ကြားနိုင်ရန် ဇွန်လပထမပတ်မှစ၍ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း နေပြည်တော်ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

**ညိမ်းသူ(သတင်းစဉ်)**

# (၃၁)နှစ်မြောက် လားဟူတိုင်းရင်းသားများ စုပေါင်းနှစ်သစ်ကူးပွဲ ပန်ဆောင်ကျေးရွာ၌ ကျင်းပ

**မိုင်းယန်း ဖေဖော်ဝါရီ ၄**

ရိုးရာဓလေ့ ထိန်းသိမ်းနိုင်စေရန်နှင့် ရပ်ရွာစည်းလုံးချစ်ကြည်မှုရှိစေရန် ရည်ရွယ်၍ (၃၁)နှစ်မြောက် လားဟူ တိုင်းရင်းသားလူမျိုးများ၏ ရိုးရာဓလေ့စုပေါင်းနှစ်သစ်ကူးပွဲတော်ကို ဖေဖော်ဝါရီ ၂ ရက်က ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံခရိုင် မိုင်းယန်းမြို့နယ် မိုင်းလွေ့ ကျေးရွာအုပ်စု ပန်ဆောင်ကျေးရွာ၌ ကျင်းပသည်။

"လားဟူတိုင်းရင်းသားလူမျိုးတွေဟာ ထင်းရှူးပင်များ အဖူးအညွန့် ဖူးပွင့်ဝေဆာတဲ့အချိန်ကာလဆို လားဟူနှစ်သစ်ကူးရောက်ပြီလို့ ကျွန်တော်တို့မှတ်ယူကြတယ်။ နှစ်သစ်ကူးပွဲတော်ကို စုပေါင်းမကျင်းပနိုင်တဲ့ ကျေးရွာမှာဆိုရင် မိမိအိမ်မှာပဲနှစ်သစ်ကူးပွဲလုပ်ကြတယ်။ နှစ်သစ်ကူးပွဲတော်မှာဆိုရင် မနက်အစောကြက်တွန်တာနဲ့ အိမ်တိုင်းအိမ်တိုင်း၊ ရေတွင်းမှာ ရေသွားခပ်ကြတယ်၊ ရေနွေးကျိုတယ်၊ ကျိုထားတဲ့ရေနွေးကို သိပ်မအေးခင် ရပ်ရွာမှာရှိတဲ့ လူကြီးမိဘဆရာသမားတွေကို ရေဆေးကန်တော့ဂါရဝပြုပါတယ်" ဟု ပန်ဆောင်ကျေးရွာမှ ဦးလုဗေက ပြောသည်။ "မိမိတို့ ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုး၍ လက်ဆင့်ကမ်း ထိန်းသိမ်းနိုင်ဖို့ ရပ်ရွာစည်းလုံးညီညွတ်မှုရရှိစေဖို့ဆိုပြီးတော့ ပွဲတော်ကို ကျင်းပလာခဲ့တာဖြစ်တယ်" ဟု ၎င်းက ဆက်လက် ပြောသည်။

အဆိုပါ လားဟူရိုးရာနှစ်သစ်ကူးပွဲတော်သို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ဇင်ဦးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်လူမှုကူညီရေးအသင်း ဥက္ကဋ္ဌနှင့် အသင်းဝင်များ၊ လားဟူတိုင်းရင်းသား ညီအစ်ကိုမောင်နှမများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြကာ လားဟူတိုင်းရင်းသားလူမျိုးများ၏ ရိုးရာဓလေ့ထုံးတမ်းစဉ်လာနှင့်အညီ ရိုးရာအကပဒေသာများဖြင့် ကပြဖျော်ဖြေ၍ လားဟူရိုးရာ ရေဆေးကန်တော့ ဂါရဝပြုပြီး ရိုးရာ အစားအသောက်များဖြင့် တည်ခင်းဧည့်ခံခဲ့ကြသည်။



အဆိုပါ ရိုးရာဓလေ့စုပေါင်းနှစ်သစ်ကူးပွဲတော်သည် လားဟူတိုင်းရင်းသား လူမျိုးများ၏ အထွတ်အမြတ်ထားရာ ပွဲတော်ဖြစ်ကြောင်း သိရသည်။

**ခွန်ရဲထွေး(ဆီဆိုင်)**

# ရှောင်မြို့တွင်း သန့်ရှင်းသာယာရေးနှင့် အပတ်စဉ်ပုံမှန်အမှိုက်သိမ်းခြင်းများ ဆောင်ရွက်

**ရှောင် ဖေဖော်ဝါရီ ၄**

ရှမ်းပြည်နယ်တောင်ပိုင်း ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရှောင်မြို့တွင်း၌ သန့်ရှင်းသာယာရေးနှင့် အပတ်စဉ် အမှိုက်သိမ်းခြင်းလုပ်ငန်းကို မြို့နယ်စည်ပင်သာယာရေးအမှိုက်သိမ်းယာဉ်ဖြင့် ပုံမှန်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့ပေါ်သုံးရပ်ကွက်ရှိ ဈေးဆိုင်များနှင့် လူနေအိမ်များမှ မီးဖိုချောင်သုံး စွန့်ပစ်အမှိုက်များ၊ စာသင်ကျောင်း၊ ဈေးနှင့် တိုက်နယ်ဆေးရုံများမှ စွန့်ပစ်အမှိုက်များကို အပတ်စဉ် တနင်္လာနှင့် ဗုဒ္ဓဟူးနေ့တိုင်း အဓိကထား သိမ်းဆည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ရှောင်စည်ပင်သာယာရေးဌာနမှ အမှုဆောင်အရာရှိဦးဝဏ္ဏကျော်က "အမှိုက်သိမ်းယာဉ် ယာဉ်မောင်းနဲ့လုပ်သားတွေ အန္တရာယ်ကင်းရှင်းရေးနဲ့ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် တစ်ကိုယ်ရေသုံး အကာအကွယ်ပစ္စည်းတွေကို ထောက်ပံ့ပေးပြီး ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားတဲ့ သတ်မှတ်စည်းကမ်းတွေနဲ့အညီ မြို့တွင်းသန့်ရှင်းသာယာရေးနဲ့ အမှိုက်သိမ်းခြင်းလုပ်ငန်းကို အထူးကြပ်မတ်ဆောင်ရွက်နေပါတယ်"ဟု ပြောသည်။

ရှောင်မြို့ ဈေးတန်းရပ်ကွက်နေ မသန်းစိန်က "ကျွန်မတို့ငယ်ငယ်ကဆိုရင် အမှိုက်တွေကို ရွာနားက ချောင်းတွေထဲမှာ သွားပစ်ရတယ်။ အခုတော့ ရှောင်မြို့ စည်ပင်ဌာနက တစ်ပတ်နှစ်ကြိမ် လာသိမ်းပေးတော့ အဝေးမှာ သွားမပစ်ရတော့ဘူး။ ကျွန်မတို့ ရပ်ကွက်မှာလည်း အရင်ထက်အများကြီး သန့်ရှင်းလာတယ်။ ဒါကြောင့် စည်ပင်ဌာနကိုလည်း ကျေးဇူးတင်ပါတယ်"ဟု ပြောသည်။

**မြို့နယ်**

**(ပြန်/ဆက်)**



# ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလထုတ် သုတပဒေသာနှင့် လူငယ်ရေးရာစာစောင်ထွက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၄**

၁၉၇၃ ခုနှစ် ဇူလိုင်လမှ စတင်ထုတ်ဝေခဲ့ပြီး နှစ်ပေါင်း ၄၀ ကျော် စာချစ်သူများ လက်ခံအားပေးလာခဲ့သော သုတပဒေသာစာစောင်ကို ၂၀၂၁ ခုနှစ် ဒီဇင်ဘာလမှစ၍ သုတပဒေသာနှင့် လူငယ်ရေးရာစာစောင်ဟု အမည်ပြောင်းလဲကာ မျက်နှာဖုံးဒီဇိုင်း၊ အကြောင်းအရာနှင့် စာအုပ်အပြင်အဆင်တို့ အပြောင်းအလဲများပြုလုပ်ပြီး ဆယ်ကျော်သက်လူငယ်များကို ဦးတည်ပရိသတ်အဖြစ်ထားကာ လစဉ်ထုတ်ဝေလျက်ရှိသည်။

နိုင်ငံတကာထုတ် စာအုပ်စာစောင်များမှ ကောင်းနိုးရာရာ ခေတ်မီအကြောင်းအရာများနှင့် ယခုလအတွက် အထူးပြုရေးသားသည့် "ငြိမ်းချမ်းသောပြည်ထောင်စုဆီ" မျက်နှာဖုံးဆောင်းပါးကြီးများပါဝင်သော သုတပဒေသာနှင့် လူငယ်ရေးရာစာစောင် (ဖေဖော်ဝါရီလ)ကို ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ဖြန့်ချိလိုက်ပြီဖြစ်သည်။

၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလထုတ် သုတပဒေသာနှင့် လူငယ်ရေးရာစာစောင်တွင် ဒေါက်တာ ခင်မောင်ညို၊ ကိုဇော်ဌေး(ယဉ်ကျေးမှု)၊ ထက်ဝေအောင်(စစ်ကိုင်း)တို့၏ "ငြိမ်းချမ်းသော ပြည်ထောင်စုဆီ" မျက်နှာဖုံးဆောင်းပါးများ၊ နေညိုယဉ်၊ ကောင်းသန့်၊ မောင်ဒီပ (ပညာရေး)၊ ညီမော်သိမ်း၊ သိပ္ပံစာရေးဆရာ ကိုကိုအောင်၊ နေသူရိန်၊ တွဲဖက်ပါမောက္ခဦးလွင်မြင့်၊ မောင်မောင်မြင့်သိန်း(စက်မှုတက္ကသိုလ်)၊ မီးအိမ်ရှင် ဒေါက်တာနိုက်တင်ဂေးလ်၊ ကျော်ဝင်းဟိန်း(ပခုက္ကူ)တို့၏လူငယ်ရေးရာ ဆောင်းပါးများ၊ မောင်ပေါ်ထွန်း၊ အောင်မြတ်စည်သူတို့၏ အတွေးအခေါ်နှင့်တက်ကျမ်းဆိုင်ရာ ဆောင်းပါးများ၊ အေးထွန်းမင်း၊ ပါမောက္ခကိုကိုအောင်တို့၏ နိုင်ငံတကာဆိုင်ရာ ဆောင်းပါးများ၊ စောနိုင် (အသုံးချဘောဂဗေဒ)၏ စီးပွားရေးဆိုင်ရာဆောင်းပါး၊ ဒေါက်တာမြင့်သန်း(သန္တေသား)၊ ဒေါက်တာမြင့်သန်းထွန်း (ပြည်သူ့ကျန်းမာရေး)၊ စိုးစိုး (ပန်းတောင်း)တို့၏ ကျန်းမာရေးဆိုင်ရာ ဆောင်းပါးများ၊ရန်ကုန်ဌေးဇော်၊မြသိန်းတို့၏ လူသားချင်းစာနာမှုဆိုင်ရာ ဆောင်းပါးများ၊ ဝင်းထွဋ်ဦး၏ သဘာဝပတ်ဝန်းကျင် ရှုထောင့်ဆိုင်ရာ ဆောင်းပါးများ၊ ဦးဘသန်း(မဟာဝိဇ္ဇာ)၊ နိုင်သောင်းထွဋ်၊ ဆောင်းဝင်းလတ်၊ ကိုရင်ကျော်၊ မြတ်လေးမြင့်၊ မော်(သန်လျင်)တို့၏ ကဗျာ၊ ဟာသ၊ ဖြစ်ရပ်မှန်၊ ဝတ္ထုတိုနှင့် အထွေထွေကဏ္ဍများကို ရောင်စုံ၊ ဖြူ/မည်း သရုပ်ဖော်ပုံ ဝေဝေဆာဆာဖြင့် စီစဉ်တင်ဆက်ထားသည်။

အဆိုပါ သုတပဒေသာနှင့် လူငယ်ရေးရာစာစောင်ကို တစ်အုပ်လျှင် ငွေကျပ် ၂၅၀၀ နှုန်းဖြင့် စာပေဗိမာန် စာအုပ်အရောင်းဆိုင်၊ အမှတ် (တ-၅၅)၊ သပြေကုန်းဈေး၊ နေပြည်တော်၊ ဖုန်း ၀၆၇-၃၄၁၄၆၈၁၊ စာပေဗိမာန်စာအုပ်အရောင်းဆိုင်၊ အမှတ် (၅၂၉-၅၃၁)၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့၊ စာပေဗိမာန် စာအုပ်အရောင်းဆိုင်၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား၊ မန္တလေး၊ ဖုန်း ၀၂- ၄၀၃၀၁၈၆၊ ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများ၊ မန္တလေးမြို့ရှိ ထွန်းဦးစာပေ၊ နဂါးစာပေနှင့် မြို့အသီးသီးရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံ ဝယ်ယူရရှိနိုင်ပြီး လက်ကားမှာယူလိုပါက စာပေဗိမာန် စာအုပ်အရောင်းဆိုင်အမှတ် (၅၂၉-၅၃၁)၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၁၄၄၈ သို့ ဆက်သွယ်မှာယူနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

ယခုအပတ် အက်ဖ်အေဖလားစတုတ္ထအဆင့်ပွဲစဉ်မှာ မန်စီးတီးက ဖူလ်ဟမ်၊ ချယ်ဆီးက ပလိုင်းမောက်၊ စပါးက ဘရိုက်တန်၊ လီဗာပူးက ကာဒစ်ဖ်၊ နော့တင်ဟမ်က လက်စတာအသင်းတို့ တွေ့ဆုံနေတာကြောင့် ဘယ်အသင်းက ရလဒ်ကောင်းပိုင်ဆိုင်ပြီး နောက်တစ်ဆင့် တက်လှမ်းသွားနိုင်မလဲ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမှာပါ။

# အက်ဖ်အေဖလားစတုတ္ထအဆင့်က လှည့်ပြန်ရမယ့်အသင်းက လီဗာပူးလား ကာဒစ်ဖ်လား

## လီဗာပူး VS ကာဒစ်ဖ်

06–02–2022 | FA Cup | KO 18:30

ပရီမီယာလိဂ်မှာ ခြေစွမ်းပြသထားနိုင်တဲ့ ကလော့ပ်ရဲ့ လီဗာပူးအသင်းအနေနဲ့ ချန်ပီယံရှစ်မှာ ခြေစွမ်းတည်ငြိမ်မှုမရှိဘဲ တန်းဆင်းဇုန်နားကပ်နေတဲ့ ကာဒစ်ဖ်အသင်းကို ရင်ဆိုင်ကစားရမှာပါ။ ကလော့ပ်ရဲ့ လီဗာပူးက ခြေစွမ်းကောင်းမွန်နေပေမယ့် ယခုပွဲစဉ်ပြီးရင် လက်စတာ၊ ဘန်လေ၊ အင်တာမီလန် စတဲ့အသင်းတွေနဲ့ ကစားရဖို့ ရှိနေပါတယ်။ ကာဒစ်ဖ်အသင်းက ယခုပွဲစဉ်မတိုင်မီ ဘန်လေအသင်းနဲ့ ကစားထားရတာကြောင့် ပွဲပန်းနေနိုင်ပါတယ်။ မည်သို့ပင်ဆိုစေ ကာဒစ်ဖ်အသင်းက နောက်တစ်ဆင့်တက်ရောက်ရေး အားစိုက်ကစားလာမှာဖြစ်တာကြောင့် လီဗာပူးအသင်း အခက်တွေ့နိုင်ပါတယ်။ ဒါ့အပြင် ဆာလာ၊ မာနေးတို့ မပါတဲ့ လီဗာပူးအနေနဲ့ တိုက်စစ်ခြေစွမ်းပြကာ ကာဒစ်ဖ်ကို အနိုင်ယူကျော်ဖြတ်သွားနိုင်မလား။

| လီဗာပူး၏ နောက်ဆုံးသုံးပွဲရလဒ် | | |
|---|---|---|
| လီဗာပူး | ၃ - ၀ | ဘရန့်ဖို့ဒ် |
| အာဆင်နယ် | ၀ - ၂ | လီဗာပူး |
| ပဲလေ့စ် | ၁ - ၃ | လီဗာပူး |

| ကာဒစ်ဖ်၏ နောက်ဆုံးသုံးပွဲရလဒ် | | |
|---|---|---|
| ဘရစ္စတိုးလ် | ၃ - ၂ | ကာဒစ်ဖ် |
| ကာဒစ်ဖ် | ၂ - ၁ | နော့တင်ဟမ် |
| ဘန်စ်လေ | ၀ - ၁ | ကာဒစ်ဖ် |

## နော့တင်ဟမ် VS လက်စတာ

06–02–2022 | FA Cup | KO 22:30

လက်စတာက နောက်ဆုံးနှစ်ပွဲဆက် နိုင်ပွဲပျောက်ဆုံးထားတာကြောင့် ယခုပွဲစဉ်မှာ အနိုင်ရဖို့ ခြေကုန်ထုတ်လာမှာပါ။ နော့တင်ဟမ်က ခြေစွမ်းတည်ငြိမ်မှုရှိပေမယ့် ပြီးခဲ့တဲ့ပွဲစဉ်မှာ ကာဒစ်ဖ်ကို ရှုံးနိမ့်ထားတယ်။ မည်သို့ပင်ဆိုစေ နှစ်သင်းစလုံး နောက်တစ်ဆင့်တက်ရောက်နိုင်ရေးကို ဦးတည်လာမှာဖြစ်တာကြောင့် ပြိုင်ဆိုင်မှုပြင်းထန်လာမှာပါ။ ခံစစ်အားနည်းတတ်တဲ့ လက်စတာအနေနဲ့ နော့တင်ဟမ်ကို အနိုင်ယူဖို့ မလွယ်ကူပါဘူး။

## မန်စီးတီး VS ဖူလ်ဟမ်

05–02–2022 | FA Cup | KO 21:30

